
www.burmeseclassic.com

ကိုပိုက်အဘိုးချစ်တဲ့မြေးချစ်



www.burmeseclassic.com

အသစ်စက်စက် မှဆိုးလုံးချင်းဝတ္ထု စ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၉၉၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၉၂၀၁၀၈

●

မျက်နှာဖုံးပန်းချီ
သိန်းဇော်
အတွင်းစာစီ
မြစ်ခွဲဥစင်းကွန်ပျူတာ

●

ထုတ်ဝေသူ
ဒေါ်ဝိုင်းသဇင်ဌေးလှိုင်
(အောင်ပိုင်မင်းစာပေ)
၂၂၂၊ စက်ဘီးလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဒေါ်မြမြကြွေ (၀၃၃၇၉)
ဖင်မြင့်မာလာပုံနှိပ်တိုက်၊ အမှတ် ၂၄၊ တာဝတီသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်ခြင်း
ပထမအကြိမ်
ထုတ်ဝေခြင်း
ဖေဖော်ဝါရီ၊ ၂၀၀၈
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀

ကိုပိုက်

အဘိုးချစ်တဲ့ မြေးချစ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အနေသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကို၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ဝန်နိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခဲ့မှုနှင်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖေ်ဆောက်ရေး။


စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်ဘွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မိုးချစ်စိတ်ဓာတ် ရင့်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com



မွေးမေ၊ မွေးဖေ၊
ဦးရသေ့၊
ပြီးတော့.....
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား
ကျွန်တော်အုပ်ဖြင့် ဂါရဝပြုပါသည်။—

www.burmeseclassic.com

www.burmeseclassic.com

မိုး သဲသဲမဲမဲရွာနေ၏။ မိုးရေတို့လည်း အတော်ပါချေ၏။ မိုးတွင်းကာလမို့ မိုးရွာသည်မှာ မဆန်းသော်ငြား နားသည့်အခါ ဖြစ်လေခြင်းကြောင့် ကျွန်တော်တို့ ဒုက္ခအတော်ကလေးရောက်ကြရ၏။ မိုးမလုံသော တဲဖြစ်ခြင်းကြောင့် ပို၍ဆိုးပေတော့၏။ မိုးမလုံဆိုသည်လည်း မပြောနှင့်လေ။ လေးတိုင်စင် တစ်ဖက်ရပ်အိုးနှင့် ယာယီဝါးတဲမေကိုး။ အိုးကို အင်ဖက်နှင့် လုပ်ရပါလျှင်လည်းကောင်း၊ ဝါးလုံးကို ထက်ခြမ်းခွဲ၍ အမှောက်အလှန်လုပ်ပါလျှင်လည်းကောင်း တော်ပေသေးရော့မည်။ ခုတော့ ငှက်ပျော်ရွက်များဖြင့် လုပ်ရလေခြင်းကြောင့် မိုးမလုံသည့်အပြင် ရေတို့ ဒလဟောစီးကျလေခြင်းကြောင့် အိပ်ဖို့မပြောလေနှင့်။ ငုတ်တုတ်ထထိုင်လျှင်တောင်မှ မိုးရေစိုရွဲရလေခြင်းကြောင့် အတော်ကလေး ဒုက္ခရောက်ကြရခြင်းဖြစ်၏။

သည်တစ်ရက် နှစ်ရက်က နေပူခဲ့လေသဖြင့် အိုးသည် ပို၍ဆိုးဝါးစွာ ပေါက်ပြဲနေခြင်း ဖြစ်ပေသည်။

'သည်ရက်ပိုင်း မိုးမရွာလောက်ဘူးထင်ပြီး တဲအိုးကို အဖြစ်ပဲ လုပ်လိုက်မိတာပဲကွ'

သို့ဆိုသလို လမ်းပြမဆိုးကြီး 'စောခူရှီးက ပြော၏။ ကျွန်တော်ရော လင်းမြင့်လှိုင်ပါ မုဆိုးကြီးကို မည်သည့်စကားမျှ

www.burmeseclassic.com

ပြန်မပြောပါချေ။ ပြောစရာလည်း မလိုပြီကော။ ကျွန်တော် ကိုယ်နှိုက်က...

'ဖထီရယ်... အိမ်ဖြစ်လျှင်တော်ပါပြီ၊ သည်မယ် တစ်ရက် နှစ်ရက်နေပြီးလျှင် သွားကြမှာပဲဗျာ' လို့ ပြောခဲ့သည်ပဲ။

'တစ်ညလုံး ငုတ်တုတ်ထိုင်ရဲ့နဲ့ မပြီးပေဘူးဗျ'

'အဲလိုမှမလုပ် ဘယ်လိုလုပ်နေရမှာတုန်း'

'သည်မှာနေရတာထက်စာလျှင် ဟောဟိုက အရွက်ဖားဖား ကျွန်းပင်ကြီးအောက်မယ် သွားနေလျှင်ဖြင့် မကောင်းပေဘူးလား'

'ဝုန်း... ဝုန်း... ဝုန်း... ဝရော... ဝေါ... ဝုန်း'

မိုးတို့လည်း ထစ်ချုန်းနေခြင်းကြောင့် စကားကို အော်ပြောနေကြရ၏။

'ဟာ...'

ဝင်းခနဲ လျှပ်စီးတစ်ချက်လက်အပြီးတွင်...

'ဒိန်း...'

'အား...'

ပြင်းထန်သော မိုးကြိုးပစ်သံနှင့်အတူ ကျွန်တော်တို့ ခပ်လှမ်းလှမ်းရှိ ကျွန်းခြောက်ပင်ကြီးသည် မိုးကြိုးပစ်ခံလိုက်ရခြင်းကြောင့် တစ်ခြမ်းပဲ ပြိုလဲသွားချေ၏။ ယမ်းညှော်နံ့ရလိုက်ပြီး မိုးရေတို့ကြားမှ မီးတောက်မီးလျှံကိုလည်း တွေ့လိုက်ရ၏။

'ကျွန်းခြောက်ပင်ကြီးကို မိုးကြိုးထိသွားတယ်'

ဖထီခူရှီးက ပြော၏။

'ကိုပိုက်လည်း အဲဒီကျွန်းပင်ကြီးနား သွားချင်သေးလား'

လင်းမြင့်လှိုင်က မေးလေ၏။

'တော်ပါပြီဗျာ၊ မသွားတော့ပါဘူး'

ကျွန်တော်တို့သုံးယောက်သည် ခိုက်ခိုက်တုန် ချမ်းကြရတော့၏။

'ဘယ်အချိန်ရှိပြီလဲ ကိုလင်း'

လင်းမြင့်လှိုင်က သူ့လက်တွင် ပတ်ထားသည့် နာရီကို တစ်ချက်ကြည့်လိုက်လေပြီး...

'မိုးလင်းပါတော့မယ်' လို့သာပြော၍ အချိန်ကို အတိအကျ မပြောပါချေ။

ကျွန်တော်သည်လည်း မေးမနေတော့ပါချေ။

သို့ဖြင့် သုံးယောက်သား တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်။ ကိုယ်စီအတွေးနှင့် ရှိကြပြန်၏။ သို့ဖြင့် မိုးသည် တဖြည်းဖြည်း စဲသွားပုံရချေ၏။

လျှပ်စီးတို့ကမူ ဝင်းခနဲ လင်းခနဲ ရှိဆဲဖြစ်၏။

'ဝေါ... ဝေါ... ဝေါ... ဘရော... ဝုန်း... ဝုန်း... ဝုန်း...'

မိုးခြိမ်းသံတို့ ရှိဆဲဖြစ်၏။

'ငါတော့ မိုးလင်းလျှင်ဖြင့် ရှေ့ကအပင်မယ် မိုးကြိုးသွားသွားရှာမယ်ကွာ'

ဖထီခူရှီးတစ်ယောက် ဘာစိတ်ကူးပေါက်သွားလေသည်မသိ။ သို့ ရုတ်တရက် ပြောလာချေ၏။

သို့ဆိုတော့မှ ကျွန်တော် မိုးကြိုးခကျွန်းခြောက်ပင်ကြီးကို ကြည့်မိရာ မီးတောက်မီးလျှံတို့ မရှိကြတော့ပါကလား။

'ဘွဲလ်... ဘွဲလ်... ဘွဲလ်... ဘွဲလ်...'

သို့အသံကြောင့် ကျွန်တော်တို့၏ နံဘေးရှိ ချောင်းအတွင်းလှည့်ကြည့်မိ၏။

BURMESE CLASSIC

www.burmeseclassic.com

အလိုလေးဗျာ... မှန်ဝါးဝါးအလင်းရောင်ဖြင့် မြင်လိုက်ရသည်မှာ ဆတ်ကြီးတစ်ကောင် ချောင်းရေတွင်း မျောပါလာခြင်းဖြစ်၏။

သူခမျာ အသက်အန္တရာယ်ကြောင့် ထင်ပါ၊ ကြောက်လန့်တကြား အော်ဟစ်နေပုံပင်။ ကျွန်တော်တို့သည် သားသတ်မုဆိုးများဖြစ်ကြငြား သို့အဖြစ်မျိုးကိုတော့မူ စာနာစိတ်ဖြင့် ရှုမြင်တတ်ကြချေ၏။

'ဘွဲလ်... ဘွဲလ်... ဘွဲလ်...'

ဆတ်ကြီးသည် သို့နှယ်အော်ဟစ်ရင်း ချောင်းရေနှင့် အတော်လှမ်းလှမ်းသို့ ရောက်သွားချေ၏။

မြန်လိုက်တာ၊ ချောင်းရေစီးက သန်သည်ကိုး။

'ချောင်းရေကျလာပြီ၊ ငါတို့တောင် လွတ်ပါ့မလား'

ချောင်းစပ်ထဲတွင် ဆောက်လုပ်ထားလေသည်ကြောင့် ဖထီခူရီးက စိုးရိမ်တကြီး ပြောလာချေ၏။

'မိုးစဲပြီပဲဗျာ'

ကျွန်တော်က ပြောလိုက်၏။

'မိုးစဲတာနဲ့ မဆိုင်ဘူး ဆရာလေးရဲ့၊ တောင်ပေါ်ကရေတွေ ဒလဟောစီးလာတော့မယ်၊ ဖြစ်နိုင်လျှင် ငါတို့ သည်နေရာကနေ ဟောဟိုအပေါ်ဝိုင်းတက်ပြီးနေကြလျှင် ကောင်းမယ်'

ဖထီခူရီးက အဆိုပြုလာ၏။

'နို့ဖြင့်လည်း သွားကြတာပေါ့'

လင်းမြင့်လှိုင်က သို့ပြောပြီး နံဘေးမှသေနတ်ကို ကောက်ကိုင်လိုက်၏။ မိုးကား စဲလေပြီဟု မြောရချိမ့်မည်။

'ဓာတ်မီး ခဏပေးချေကွာ'

ကျွန်တော်တို့ တဲပေါ်မှဆင်းလိုက်သည်တွင် ဖထီခူရီးက ပြောလေသဖြင့် ကျွန်တော်သည် သုံးတောင့်ထိုးဓာတ်မီးကို ကမ်းပေးလိုက်၏။

'ဖထီ ဘာလုပ်မလို့တုန်း'

ဓာတ်မီးရသည်နှင့် ဖထီခူရီးက ကျွန်တော်တို့အပါးမထွက်သွားသည်ကြောင့် မေးလိုက်၏။

ကျွန်တော်ထင်သည်မှာ ကျွန်တော်တို့ သွားလမ်းကို ဓာတ်မီးထိုးပြ ဦးဆောင်သွားလိမ့်မည်ပါ။ ယခုတော့မူ သို့မဟုတ် သေးသို့လွှဲဖယ်သွားခြင်း ဖြစ်သည်ကြောင့် သို့မေးလိုက်ခြင်းဖြစ်၏။

'မိုးကြိုးသွား ရှာမလို့'

'မှောင်နှင့်မည်းမည်းဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်က ထွက်သွားချေ၏။ ကျွန်တော်လိုက်သွားလေရာ ဖထီခူရီး လမ်းကြောသွေဖယ် ကျွန်းပင်ခြောက်ကြီးရှိရာ လျှောက်သွားချေ၏။ မီးတဝင်းဝင်းဖြင့် ဖြစ်ချေ၏။

ကျွန်တော်သည် ရှေ့မှသွားနေသော လင်းမြင့်လှိုင် နောက်ကိုလိုက်သွားရင်း ဖထီခူရီးကိုလည်း လှမ်းလှည့်ကြည့်နေမိတော့၏။

'ဖထီ လာစမ်းပါဗျာ'

သို့လည်း လှမ်းခေါ်မိ၏။

'အား...'

'ဟင်...'

'ကိုလင်း'

ဖထီခူရီးတစ်ယောက် ကျွန်းပင်ခြောက်ကြီးအနား ရောက်သည်တွင် သို့ဆိုသလို ကြောက်လန့်တကြား အော်ဟစ်လဲပြိုသွားသဖြင့် ကျွန်တော်သည် ရှေ့မှသွားနေသော လင်းမြင့်လှိုင်ကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကာ ဖထီခူရှီးရှိရာသို့ ထွက်သွားမည်အလုပ်တွင်...

'ကိုပိုက်... သတိနဲ့သွားချေဗျ'

သို့ ပြောလည်းပြော ကျွန်တော့်နားသို့လည်း ရောက်လာသည့် လင်းမြင့်လှိုင်ကို ငေးကြည့်နေမိ၏။

'ဖထီ ဘာဖြစ်သွားလဲ မသိဘူး'

လို့လည်း မေးလိုက်၏။

'သွားကြည့်ရမှာပေါ့ဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်၏ ဓာတ်မီးကိုထိုး၍ ကျွန်းခြောက်ပင်ကြီးထံသို့ ဦးဆောင်သွားလိုက်ချေ၏။ ကျွန်တော်သည် လင်းမြင့်လှိုင်နောက် လိုက်ဖြစ်သွားရချေ၏။

ကျွန်တော်မှ ရှေ့မတိုးဝံ့တာကိုး။

'ဟာ...'

'ဟင်...'

ဖထီခူရှီး လဲကျရာသို့ ရောက်သည်တွင် သို့ဆိုသလို နှစ်ယောက်သား အံ့အားသင့်သွားကြတော့၏။

ဖထီခူရှီးသည် မှောက်ခုံကြီး လဲကျနေ၏။

ငြိမ်သက်လို့နေချေ၏။

ဘယ်လိုဖြစ်ရတာပါလိမ့်။ လင်းမြင့်လှိုင်က ဖထီနှင့် မလှမ်းမကမ်းနေရာများသို့ ဓာတ်မီးတဝင်းဝင်း လည်ပတ်ထိုးကာ တစ်စုံတစ်ရာကို တွေ့လိုတွေ့ငြား ရှာကြည့်နေပုံပင်။

'ဖထီ... ဘာဖြစ်တာတုန်း၊ သေပြီလား'

ကျွန်တော်က စိုးရိမ်တကြီး သတိပေးလိုက်၏။

'သေလောက်တဲ့ဒဏ်ရာ ဘာရှိမှာတုန်းဗျာ၊ မူးမေ့သွားတာ ဖြစ်မယေ့'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဖထီခူရှီးကို ဆွဲလှန်လိုက်ရာ...

'အား...' 'ဟာ...'

လင်းအရဏ် ရောက်နေပြီဖြစ်ခြင်းကြောင့် ဖထီခူရှီး၏ မျက်နှာကို ဝင်းဝင်းကြီး တွေ့လိုက်ရ၏။

ညီမည်းလို့ နေပါကောလား။

'အဆိပ်မိသွားတာများလား'

ဘယ်လိုဖြစ်တာပါလိမ့်။

'ဖထီ အသက်မရှိတော့ဘူး'

'ဟင်...'

လင်းမြင့်လှိုင်ကို ကျွန်တော်က တအံ့တသြကြည့်နေမိ၏။

'တောက်... မှောက်ခုံကျသွားတာနဲ့ အသက်ထွက်ရ ဘယ်လို့ဗျာ၊ ဘယ်လိုများဖြစ်ရပါလိမ့်'

ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်ရချေ၏။

သို့ကြောင့် ဖထီခူရှီးကို စေ့စေ့ကြည့်မိလိုက်၏။

'အလိုလေးဗျာ' 'ဟာ...'

စေ့စေ့ကြည့်မှ ရေးရေးပေါ်လာ၏။ ဖထီခူရှီး၏ ရင်ညွန့်ဘွင် မြားတိုလေးတစ်ချောင်း စိုက်ဝင်နေလေ၏။

တစ်ထွာခန့် ရှိချေမည်။ ဂျင်ကလိဟုခေါ်သည့် သံချွန်မြားတံတိုပင် ဖြစ်ချေတော့၏။ ထိုမြားတံတို၏နောက်တွင် ငှက်တောင်လေးများကို စုစည်း၍ လေယက်လုပ်ထားပုံရချေ၏။

သည်လောက် မိုးသည်းသည်း ဘယ်သူများ ဖထီကို သံကြိုးမဲကြိုး လုပ်ကြံဖို့ ချောင်းမြောင်းနေတာပါလိမ့်။

ကျွန်တော် စဉ်းစားတွေးတောမတတ်အောင် ဖြစ်ရချေ၏။

www.burmeseclassic.com

'သည်မြားတံမယ် အဆိပ်လူးထားတယ်ဗျ'

လင်းမြင့်လှိုင်က ပြောချေ၏။

'မိုးကြိုးသွားတော့ မရလိုက်ဘူး၊ ဂျင်ကလိကြောင့်တော့ ဖထီ အသက်ပေးလိုက်ရတာပဲ'

သို့ ကျွန်တော်က ညည်းတွားပြောလိုက်၏။

'ဘယ်လိုလုပ်ကြမလဲ'

'အလောင်းကို ပြန်သယ်သွားရတော့မပေါ့'

'ဒုက္ခပါပဲ'

ချောင်းဖျားရောက်လှမှ သို့ဖြစ်ရတယ်လို့။

ကျွန်တော်တို့သည် အမဲကြီးပစ်ရန် ဆင်သေချောင်းဖျား သို့လာကြခြင်းဖြစ်၏။ နက်ဖြန်ဆိုလျှင် ဆင်သေချောင်းဖျား ရောက် လေပြီဖြစ်၏။ ဆင်သေချောင်းစခန်းတွင် တောအုပ် ဓော်မြင့်ထွန်း တို့အဖွဲ့ ရှိကြပေလိမ့်မည်။

သူတို့ ပင်ထောင်လာရိုက်ကြမည်ဟုသိထား၍ ကျွန်တော် နှင့် လင်းမြင့်လှိုင် ရောက်လာခဲ့ကြခြင်းဖြစ်၏။

'ကျွန်တော် သည်လိုလုပ်ချင်တယ်'

'ပြောကြည့်လေ ကိုပိုက်'

'မီးလောင်ကုန်း ပြန်မသွားသေးဘူးဗျာ၊ ဓော်မြင့်ထွန်းနဲ့ တွေ့ပြီး ဖထီခူရီးအလောင်းကို ရွာပြန်ပို့ဖို့ သယ်ပိုးဖို့ အကူအညီ တောင်းမယ်ဗျာ'

'နို့လည်း ကောင်းတာပဲ'

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖထီခူရီး၏အလောင်း ကို တစ်ယောက်တစ်လှည့် ထမ်းပိုး၍ တောတိုးလျှောက်ခဲ့ကြ၏။

'ဂူး...' 'ဂူး...'

'ကွီးလ်... ဂူး... တွီးလ်'

'ဟာ...' 'အာ...'

မမျှော်လင့်ဘဲ ကျွန်တော်တို့ သွားလမ်းရှေ့တွင် လွန်စွာမျှ ကြီးမားလှသော တောဆင်ရိုင်းကြီးတစ်ကောင် တွေ့လိုက်ကြ၏။

ဘယ်လိုလုပ်ရပါ့။

'ဂူး...' 'ဂူး...'

'ကွီးလ်... ကွီးလ်... ဂူး'

'ကိုပိုက် ပြေး... ပြေး'

လင်းမြင့်လှိုင်က သူသယ်ပိုးထားသည့် ဖထီခူရီး၏ အလောင်းကောင်ကြီးကိုပစ်ချ၍ နောက်လှည့်ပြေးရင်း သို့ ကျွန်တော့် ကို သတိပေးပြောလာပေ၏။ ကျွန်တော်သည်လည်း ချာခနဲ နောက် လှည့်ပြေးခဲ့ရပေဘြား တောဆင်ရိုင်းကောင်ကြီးက ထက်ကြပ်မကွာ ပါလာခဲ့ချေ၏။

ကျွန်တော်သည် ခြေဦးတည့်ရာ ပြေးခဲ့လေခြင်းကြောင့် ဘယ်ရောက်လို့ရောက်မှန်း မသိပါချေ။ နောင်ကျလေမှ...

'ဟာ...'

ကျွန်တော် လွန်မင်းစွာ ထိတ်လန့်သွားရတော့၏။ ကျွန်တော့် ရှေ့က ပြန်လမ်းမရှိတော့ပါကလား။ ရှေ့တွင် ချောက်ကမ်းပါးကြီး ရှိနေချေ၏။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော်၏နောက်တွင် ရောက်နေချေတော့၏။ တခြားနေရာဆီ ပြန်လှည့်ပြေးရန်လည်း လျှို့ဘော့ပါချေ။

သည်တော့...

'ချောက်'

ဖြစ်လိုရာဖြစ်။ ဆင်ကောင်ကြီးကို တိုက်ခိုက်ရင်ဆိုင်ရ

www.burmeseclassic.com

ပေတော့မည်။ လက်တွင်းရှိ သေနတ်ဖြင့် ဆင်ကောင်ကြီး ဦးခေါင်းသို့ လှမ်းချိန်လိုက်၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်လိုပင် ဆုံးဖြတ်လိုက်ဟန်တူချေ၏။

"နှဖူးကို ချိန်ပစ်လေဗျာ" သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"ဝူး..." "ဝူး..."

"ကျီးလ်... ကျီးလ်..."

"ပစ်ဗျာ ကိုပိုက်"

"ဒိန်း..." "ဒိန်း..."

လင်းမြင့်လှိုင်က ပြောလည်းပြော၊ ပစ်လည်းပစ်၊ ကျွန်တော်သည်လည်း သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်ပြီးဖြစ်တော့၏။

"အား..." "အား..."

ကျွန်တော်တို့ ကံဆိုးကြလေပြီ။ နှစ်ယောက်ပစ်ချက် လွဲချော်သွားပုံရချေ၏။ ကျွန်တော်တို့ ပစ်ခတ်မှု လွဲချော်ပေမင့် ဆင်ရိုင်းကောင်ကြီး၏ နှာမောင်းသည် ကျွန်တော်တို့ လက်တွင်းရှိ သေနတ်တို့ကို ရိုက်ပုတ်ထုတ်လိုက်ပြီးဖြစ်သလို ကျွန်တော်တို့ နှစ်ယောက်ကိုလည်း တစ်ဆက်တည်းဆိုသလို နှာမောင်းကြီး တွေ့ယမ်းရောက်လာ ထိခတ်လာချေ၏။

လွှင့်ထွက်သွားကြ၏။

"ဟာ..." "ဟာ..."

လေဟာနယ်ထဲ ရောက်သွားကြလေ၏။ ရောက်ချေတော့မပေါ့။ ကျွန်တော်နှင့် လင်းမြင့်လှိုင် ချောက်ကမ်းပါးအောက် တစ်ရှိန်ထိုးကျသွားရတော့သည်ကိုး။

"အား..."

"ဟာ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

အလိုလေးဗျာ... ကျွန်တော် အိပ်မက်ဆိုးမက်နေခြင်းပါကလား။

"ကိုပိုက်ရယ်... ဘယ်လိုအိပ်မက်ဆိုးကြောင့် ဟောဒွေးတွေတောင် ပြန်နေရအောင် အထိတ်တလန့် ဖြစ်ရတာတုန်း"

သို့ မေးလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က မှတ်မိသလောက် ပြောပြလိုက်၏။

"ညနေက သောက်တာမှာ ဟိုမရောက် သည်မရောက် "ဟပ်ကော့ခ်ကြီး" ဖြစ်သွားလို့နေမပေါ့"

"ကဲ... ဆရာလေး၊ ပြန်အိပ်ဖို့ စိတ်ကူးမရှိလျှင်ဖြင့် ဝါးရောင်းဂွက် မီးကင်လာစားလှည့်ဗျာ"

လမ်းပြမှုဆိုးကြီး ဓောဌရှိုးက ပြောလေသဖြင့် ကျွန်တော်သည် အိပ်ရာမှထလိုက်ကာ မီးပုံနားသွားလိုက်၏။

"ကိုလင်း... လာချေဗျာ"

"ကျွန်တော် စားပြီးပြီ၊ နည်းနည်းနားနေ မှိန်းလိုက်ချေဦးမယ်ဗျာ"

သို့ဖြင့် ကျွန်တော်သည် မီးပုံနားတွင်ရှိ မုဆိုးကြီး ဓောဌရှိုးနှင့်အတူ ဝါးရောင်းဂွက်ကင်ကို ဆာဆာနှင့် စားလိုက်တော့၏။

"ဆရာလေး သောက်ချင်သေးလား"

"ဗျာ... ဘယ်မှာ အရက်ရှိလို့တုန်း"

ကျွန်တော်တို့ ညတုန်းက အရက်တစ်ပြားသာလျှင် ရှိလေသဖြင့် သုံးယောက် သောက်ကြသည်တွင် မစို့မပို့ဖြစ်လေခြင်းကြောင့် ကျွန်တော်သည်ပင် အိပ်မက်ဆိုး မက်ခဲ့လေသည် မဟုတ်ပါလား။ တကယ်တော့ လင်းမြင့်လှိုင် အရက်ပုလင်းမှာ စမ်းရွာ

www.burmeseclassic.com

www.burmeseclassic.com

တွင် ကျန်ခဲ့လေသည်ကိုး။ သို့ကြောင့် ကျန်တော်တို့နှင့် ပါလာသည့် တောခေါင်းကြီး မြင့်မောင်ကိုသွားယူခိုင်းရင်း ကျန်တော်တို့ ဤကြတ် မြောင်စခန်းတွင် နားနေရင်း ခြင့်မောင်ကို စောင့်နေကြခြင်းဖြစ်၏။

နက်ဖြန်နေ့လယ်လောက် တောခေါင်းကြီးမြင့်မောင် ပြန် ရောက်လာပေလိမ့်မည်။

'ဖထီကတော့ လူကို လာနောက်နေပြန်ပြီ၊ ဘယ်မှာ အရက်ရှိလို့တုန်း'

သို့ ကျန်တော်က ပြောလိုက်၏။

'ဆရာလင်းတောင် ဆရာပိုက်အိပ်နေတုန်း တစ်ပိုင်းချလိုက်သေးတယ်'

'နို့ဖြင့် ဘာလို့ ကျန်တော့်ကို မနှိုးရတာတုန်း'

'ဩော်... ဆရာပိုက် ခရီးပန်းလာတာ နားပါစေဆိုပြီး ဆရာလင်းက မနှိုးခိုင်းတာပေါ့၊ ဆရာပိုက်အတွက် တစ်ပိုင်းချန်ထားပါတယ်'

သို့ဆိုလျှင် မုဆိုးကြီး စောခူရှိုးသည် အရက်ပုလင်းကို လှမ်းပေးလာ၏။

'ဟော... တောတွေပါကလား'

'ဘာလဲ မသောက်ဘူးလား'

'ကြိုက်လို့ပြောတာပါဗျာ၊ ဟဲ... ဟဲ...'

ကျန်တော်သည် ဖထီခူရှိုးထံမှ အရက်ပုလင်းကို လှမ်းယူလိုက်ကာ ဝါးခွက်အတွင်း နှစ်ပက်ခန့် လောင်းထည့်လိုက်လေပြီး ဖထီ ခပ်ပေးထားလေသည့် မတ်ခွက်တွင်းရှိ စမ်းချောင်းရေအေး အေးလေးဖြင့် ရောလိုက်ကာ ရုတ်ခြည်းဆိုသလို တစ်ငုံမော့သောက် လိုက်၏။

'အားပါး...'

ဝီစကီလောက်တော့ဖြင့် အဝင်မကောင်းသလို အနံ့အသက်လည်း မကောင်း။ သို့ပေမင့်လို့...

တစ်ခွက်မှ နှစ်ခွက်။ သို့မှ သုံးလေးခွက် သောက်မိလေသည်တွင် အဝင်ချောသွားတော့၏။ ရီတီတီကြားမှ ထုံထိုင်းထိုင်းဖြစ်လာ၏။

တစ်ငုံစုပ်သောက်လိုက်၊ ငှက်ကြော်မြည်းလိုက်ဖြင့် မကြာသောအချိန်ကလေးတွင် တစ်ပိုင်းကုန်သွားချေ၏။

ဖထီစောခူရှိုးသည် ကျန်တော့်ကို အမော်ပြုနေသည် ဆိုမေ့မင့် မီးပုံဘေးတွင် ထိုင်ငိုက်နေလေခြင်း ဖြစ်တော့၏။

'ဖထီ အိပ်ချင်အိပ်လေ'

'အေး... အေး... အာ... ဆရာပိုက် သောက်ပြီးပလား၊ အိပ်တော့မလား'

ဖထီစာခူရှိုးက အိပ်ချင်စူးတူး ထရပ်လာချေပြီး မေးလေ၏။ ကျန်တော် ခေါင်းခါပြလိုက်၏။

ပြီး တဲပေါ်မှ သေနတ်ကိုသွားယူကာ စခန်းတဲရှေ့ဘက်ရှိ ချောင်းရိုးရာသို့ လျှောက်သွားလေသည်တွင်...

'ဆရာပိုက် ဘယ်သွားမလို့တုန်း၊ ညဉ့်နက်နေပြီ၊ အိပ်ချေတော့လေ'

ဖထီစောခူရှိုးက သို့နှယ်ပြောပြီး ကျန်တော့်ကို အတင်းဆွဲလေ၏။

'ကျန်တော် ချောင်းဘက်သွားပြီး ခြေလက်ဆေးမလို့'

'နို့ဖြင့် ဆရာဗိုက် သည်မယ်နေစမ်းပါ၊ ငါ သွားခပ်ပေးချေပါမယ်'

www.burmeseclassic.com

www.burmeseclassic.com

သို့ဆိုက ချောင်းဘက်သို့ သွားလေ၏။ ကျွန်တော်က နောက်မှ ဒယီးဒယိုင်ဖြင့် သူ့နောက်လိုက်သွားလေ၏။

ချောင်းနှင့်တဲသည် ဝေးလှသည်မဟုတ်။ ပေငါးဆယ် လောက်သာလျှင် ရှိချိမ့်မည်။ ချောင်းကိုပင် လှမ်းမြင်နေရ၏။ သို့ကြောင့် ရှေ့မှထွက်သွားသော မုဆိုးကြီးခူရှီးသည် ချောင်းရေ အတွင်း ဆင်းသွားသည်ကို တွေ့ရ၏။ ကျွန်တော်က လမ်းတစ်ဝက် လောက်သာလျှင် ရောက်သေးတော့၏။ သို့ကြောင့် ကျွန်တော်သည် မုဆိုးကြီးခူရှီး ချောင်းမှပြန်တက်လာသည် တွေ့သဖြင့် ရောက်နေ သောနေရာမှပင် ရပ်စောင့်နေလိုက်တော့၏။

'ဝုန်း... ဘရန်း... ဝုန်း... ဘရော'

'ဟာ...'

ကျွန်တော် ရပ်နေသည့် နောက်နား သစ်ပင်ချုပုတ်တို့ ကြားမှ သို့ ထိတ်လန့်ဖွယ် အသံကြားလိုက်လေသဖြင့် အမူးများ ဘယ်ပျောက်သွားပါလိမ့် မသိနိုင်ပါချေ။

မှောင်ရိပ်တွင်းမှ မျက်လုံးတစ်စုံကို တွေ့လိုက်၏။ ရဲရဲနီ နေလေ၏။ ဘာကောင်များပါလိမ့်။ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကို မောင်းတင်လိုက်ကာ ထိုမျက်လုံးအစုံရှိရာ သို့ လှမ်းချိန် လိုက်၏။

'ဖျော... ဖျော... ခေါ... ခရော'

တောတိုးပြေးလွှားသွားတော့၏။

'ဘာကောင်တုန်း'

မုဆိုးကြီးစောခူရှီး အနားရောက်လာ မေးလေ၏။

'သီဘူး ဖထီ'

'လာ... လာ'

ဖထီက ကျွန်တော့်ကို လက်ဆွဲခေါ်သွားသဖြင့် စခန်းတဲ ဘက် ပြန်ရောက်သွားရ၏။ ကျွန်တော်သည် ဖထီ ခပ်ယူလာသည့် ရေဖြင့် မျက်နှာသစ် ခြေလက်ဆေးလိုက်၏။ လူ လန်းဆန်းသွားသည်။

'အိပ်ချေတော့မယ်'

သို့ဆိုလျက် ဖထီခူရှီးသည် တဲပေါ်တက်သွားချေ၏။ ကျွန်တော်သည်လည်း အိပ်ရန်အလို့ငှာ တဲပေါ်တက်လဲလိုက်၏။ သေနတ်ကို နံဘေးတွင် ချထားလိုက်၏။

အိပ်ရာထက် လဲလျောင်း၍ ဟိုသည် စဉ်းစားနေမိ၏။ ကျွန်တော် အိပ်မက်အကြောင်း ပြန်စဉ်းစားမိလိုက်၏။

'ကျီးလ...'

'ကျီးလ...'

'ဝူး... ဝူးလ်'

သို့ အသံသဲ့သဲ့ကြောင့် ကျွန်တော် နားစွင့်လိုက်၏။ နံဘေး တွင် လင်းမြင့်လှိုင်နှင့် ဖထီခူရှီး အိပ်နေလေသဖြင့် သူတို့အတွက် အနှောင့်အယှက် ဖြစ်လေမည်ကြောင့် ဖြည်းလေးစွာ ညင်ညင်သာ သာ လူပ်ရှားထလိုက်၏။

'ကွီးလ...'

'ကျီးလ... ကျီးလ... ဝူး... ဝူး... ကျီးလ်'

အသံကျယ်လောင်လာသည်ဟု ထင်ရ၏။ အသံလာရာသို့ လှမ်းကဲကြည့်လိုက်၏။

'ကျီးလ...' 'ကျီးလ...'

ဟာ... တောဆင်ရိုင်း ဖြစ်ချိမ့်မည်။ ကျွန်တော်ဘို့ စခန်း ရှိရာဘက်သို့ တိုးဝင်လာဟန် ဖြစ်ချိမ့်မည်။ သို့ကြောင့်...

'ကိုလင်း... ကိုလင်း'

www.burmeseclassic.com

www.burmeseclassic.com

'ဖထီ... ဖထီ'

လင်းမြင့်လှိုင်နှင့် ဖထီခူရှီးတို့ဘက်ကြည့်ကာ အော်နှိုးလိုက်၏။

'ဘာတုန်း'

အသိပ်ဆတ်သော လင်းမြင့်လှိုင်က လူးလဲထမေးလေသဖြင့်...

'တောဆင်ရိုင်းကောင်အသံ ထင်တယ်ဗျာ' လို့ ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က အသံလာရာဘက် လှည့်ကြည့်လေပြီး...

'ဟုတ်လောက်တယ်ဗျ' ဆိုလျက် တဲပေါ်ရှိ သေနတ်ကို ကောက်ယူလိုက်လေပြီး...

'သည်ဘက်လာတာ ဖြစ်မယ်၊ ခြောက်လှန့်ထုတ်မှပဲ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိ သေနတ်ဖြင့် အသံလာရာသို့ လှမ်းပစ်လိုက်ချေ၏။

'ဒိုန်း...'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ အနီးဝန်းကျင်တွင်ရှိ အိပ်တန်းဝင် သားကောင်ငယ်များ လန့်ဖျပ်တွက်ပြေးသံတို့ကို ကြားလိုက်ရ၏။

'ကျီးလ်...' 'ကျီးလ်...'

သို့ တောဆင်ရိုင်းအသံသည်လည်း ပျောက်ကွယ်သွားခြင်း မရှိပါချေ။

တစ်စတစ်စ နီးကပ်လာသည်ဟုပင် ထင်ရချေ၏။

'ဝေါ... ဝေါ... ဘရော... ဝေါ... ဘရော'

'ကိုလင်း ဘယ်လိုလုပ်မလဲ၊ သည်ကောင်ကြီး ကြောက်

လန့်လည်း မပြေးသွားဘူးဗျ၊ တည့်တည့်ပြေးလာနေပုံပဲ'

'တောခြောက်တာများလား'

လင်းမြင့်လှိုင်က သက်ာခကင်း ပြောလာ၏။

'ဘာဖြစ်နေကြတာတုန်း'

ကျွန်တော်တို့နား ဖထီခူရှီး ရောက်လာမေးချေ၏။

'တောဆင်ကောင် ထင်လို့'

သို့ ကျွန်တော်က ပြောလိုက်ပြီး အသံလာရာသို့ လှမ်းကဲကြည့်နေလိုက်၏။ ဖထီခူရှီးသည်လည်း နားစွင့်လိုက်လေပြီး...

'ဟာ... သေချာတာပေါ့၊ ဒါ တောဆင်ရိုင်းကောင်ခန့်ပဲနေတာဖြစ်မယ်'

'ဗျာ...' 'ဘယ်လို...'

'ငါ ဆင်ဦးစီးလုပ်လာတာပဲကွ၊ သည်အသံက မုန်ယိုနေလို့ သောင်းကျန်းနေတဲ့အသံကွ'

'နို့ဖြင့် သည်ဘက်ပြေးလာတာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ငါတို့တွေ သည်တဲကို စွန့်သွားကြဖို့ပဲ ရှိတယ်၊ မြန်မြန်လုပ်ကြချေ'

သို့ပြောလျက် ဖထီခူရှီးသည် တဲပေါ်မှ သူ၏လွယ်ပုလိုင်းကို ယူလိုက်ပြေးသွားချေ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ကျောပိုးအိတ် ကိုယ်စီယူ၍ ဖထီခူရှီး ပြေးသွားရာဘက် လိုက်ပြေးမိကြတော့၏။ ပတ်ဝန်းကျင်တွင် မှောင်မည်းလို့နေချေ၏။

'ဘယ်သွားမှာတုန်း'

အတန်ဝေးဝေးအရောက်တွင် ကျွန်တော်က မေးလိုက်၏။

'ငါ့နောက်သာ လိုက်ခဲ့ကြချေ၊ ရှေ့နားလေးမယ် သစ်ပင်ကြီးရှိတယ်၊ အဲဒီအပေါ် တက်နေကြဖို့ပဲ စဉ်းစားမိတယ်'

www.burmeseclassic.com

သို့ဖြင့် ကျွန်တော်တို့သည် ဖထီခူရိုး ပြောသည့် သစ်ပင်ကြီးသို့ ရောက်လေသည်တွင်...

'လာ... သည်အပင်က ခွဆုံကောင်းတယ်၊ အပေါ်တက်နေကြလျှင်ဖြင့် စိတ်ချရလောက်တယ်'

တောဆင်ရိုင်းကောင် ဖြစ်သည့်ပြင် မှန်ယိုနေသည်ဆိုလေသဖြင့် ကျွန်တော်တို့သည် ယခုကဲ့သို့ သစ်ပင်ပေါ်တက်နေတာ အကောင်းဆုံးဟု တွက်လိုက်ကာ ထိုအပင်ပေါ်သို့ ကုတ်တွယ်တက်လိုက်ကြ၏။

ကျွန်တော်တို့ လွန်မင်းစွာ ကံကောင်းသွားသည်ဟု ပြောရချိမ့်မည်။ ဖထီခူရိုးကို ကျေးဇူးတင်မိတော့၏။

ကျွန်တော်တို့ ထိုသစ်ပင်ခွဆုံသို့ ရောက်သည်တွင် ကျွန်တော်တို့ စခန်းတဲရှိရာသို့ လှမ်းကြည့်လိုက်သည်တွင် စခန်းတဲသည် ပြိုပျက်နေချေတော့၏။ တောဆင်ရိုင်းကောင်ကြီး အတင်းဝင်တိုးတိုက်သွားခြင်းကြောင့် ဖြစ်ချိမ့်မည်။

တောဆင်ရိုင်းကောင်ကိုတော့ မတွေ့ပါလား။ အဝေးသည်းမကြားရလေပါကလား။ သို့ကြောင့်...

'ဖထီ ဘယ်လိုလဲ၊ တောဆင်ရိုင်းကောင် ဘယ်ဘက်ပြေးထွက်သွားပြီထင်လဲ'

'ချောင်းဘက်ဆင်းသွားတယ် ထင်တာပဲ'

'ခွီဖြင့် ပြန်ဆင်းကြမယ်၊ စခန်းတဲဘက် ပြန်သွားကြမယ်'

ကျွန်တော်က ပြောလိုက်၏။

'ဘယ်လိုဖြစ်နိုင်မှာတုန်း ဆရာပိုက်ရယ်'

ဖထီခူရိုးက ပြောလာချေ၏။

'အို... ဖထီကလည်း အိပ်ချင်တယ်ဗျ၊ သည်မယ်

ဘယ်လိုအိပ်လို့ရမှာတုန်း'

'ဟိုမယ်လည်း တဲက ပြိုပျက်နေပြီလေ၊ နို့ပေမင့်လို့ အနည်းအကျဉ်းပြုပြင်လိုက်လျှင် ကျောခင်းအိပ်လို့ ရနိုင်တာပေါ့'

'တစ်ညတလေလည်း ဖြစ်သလိုနေလိုက်တာ ပိုသင့်လျော်မယ်ထင်တယ် ကိုပိုက်ရဲ့၊ ဘာလို့လဲဆိုတော့ တောဆင်ရိုင်းကောင်ရဲ့ အန္တရာယ်က အချိန်မရွေး ရောက်လာနိုင်တယ်လေ'

သို့ဆိုတော့ ကျွန်တော် ဘယ်လိုမှ မပြောသာပြီ။ သို့ဖြစ်၍ အပင်ပေါ်မှာပင် ဖြစ်သလို ထိုင်ငိုက်လိုက်ရချေတော့၏။

'မကြာခင် မိုးလင်းလာတော့မှာပါ'

လင်းမြင့်လှိုင်က သူ့လက်တွင်း ပတ်ထားသည့် နာရီကို ကြည့်၍ ပြောလာ၏။ ဘယ်နှနာရီထိုးပြီလဲ ကျွန်တော် မသိလိုဆပြီ။ မမေးလေတော့ပြီ။ ချက်လုံးကိုမှတ်၍ မိုန်းနေလိုက်တော့၏။

အိပ်ပျော်မည်ဖြစ်လိုက် တဝီဝီနှင့် ခြင်ကောင်၏ နှောင့်ယှက်ခြင်းကို ခံလိုက်ရသဖြင့် မျက်လုံးကျယ်လာရပြန်၏။

'ဖြန်း...' 'ဖြန်း...'

သို့ဆိုသလို လင်းမြင့်လှိုင်နှင့် ဖထီခူရိုးသည် သူတို့ကိုယ်တွင်ကိုက်ခဲနေသည့် ခြင်ကောင်တို့ကို တဖြန်းဖြန်းရိုက်နေကြချေ၏။

ကျွန်တော်သည် တစ်ချိန်လုံး လင်းမြင့်လှိုင်နှင့် တောဆောင်ထဲ အဓဲပစ်ထွက်ခဲ့ကြသည်မှာ အကြိမ်မပေါင်းလည်း မနည်းချေပြီ။ သို့ပေမင့်လို့ ယခုလိုတော့ဖြင့် ဒုက္ခရောက်ခဲ့ခြင်း မရှိဟု ဆင်ရပေသည်။

'ကျွန်တော်တော့ အတော်ကလေး စိတ်ပျက်မိတယ်ဗျာ'

သို့ပင် ညည်းညူမိချေ၏။

လင်းမြင့်လှိုင် ကျွန်တော့်ကိုကြည့်၍ ပြုံးဖြစ်လုပ်နေလေပြီး-

www.burmeseclassic.com

www.burmeseclassic.com

"သည်တနေ့ ကိုပိုက် ကံမကောင်းဘူးပေါ့" ပြောလာ၏။

"ဒါပေါ့ဗျာ... စောစောပိုင်းက အိပ်ရပါရဲ့၊ နို့ပေမင့်လို့ အိပ်မက်ဆိုးက မက်လိုက်ရသေးတယ်၊ ခုလည်း အိပ်ချင်လွန်းလို့ကိုတာ၊ နို့ပေမင့်လို့ ဘယ်လို အိပ်လို့ဖြစ်မှာတုန်းဗျာ၊ ကျွန်တော့်ကို ဆင်ကောင်က အတော်ဒုက္ခပေးတဲ့နေ့ပါကလား"

"ဟင်း... ဟင်း... ဟင်း... ဟင်း... နက်ဖြန် အမဲပစ် ထွက်လျှင်ဖြင့် ကိုပိုက် ကံကောင်းဖို့ပဲ ရှိတော့တယ် ထင်ပါရဲ့ဗျာ"

လင်းမြင့်လှိုင်က သို့ပြောလာချေ၏။

သည့်နယ် ကျွန်တော်တို့သည် ထိုသစ်ပင်ခွဆုံတွင် ကျပ် ကျပ်တည်းတည်းထိုင်၍ မိုးအလင်းကို စောင့်ခဲ့ကြရလေ၏။

မိုးလင်းလုတွင် သစ်ပင်ကြီး ခါယမ်းသွားလေ၏။

"ဘယ်လိုဖြစ်ရတာတုန်း"

"ငလျင်လှုပ်တာ နေမှာပေါ့" ဖထီခူရိုးက ပြော၏။

သို့ပေမင့်လို့ မိုးလင်းလေသည်တွင် ကျွန်တော်တို့ သစ်ပင်ပေါ်မှ ဆင်းလိုက်ကြသည်တွင် အရာဏ်ဦးအချိန်က သစ်ပင်ကြီး လှုပ်ခါသွားခြင်းသည် ငလျင်လှုပ်ခြင်းမဟုတ်၊ တောဆင်ရိုင်းကောင်ကြီး သစ်ပင်ကို တိုးတိုက်သွားခြင်းကြောင့်ဖြစ်သည်ကို အပင် အောက်ခြေရှိ တောဆင်ရိုင်းခြေရာနှင့် ဆင်ချေးတုံးတို့ကိုကြည့်၍ သိလိုက်ရလေခြင်းဖြစ်တော့၏။

ဆေစပ်သေချာသော လင်းမြင့်လှိုင်က ဆင်ခြေရာကို တိုင်းကြည့်လေ၏။ ခြေရာ၏အရှည် တစ်တောင်နှင့်တစ်ထွာ ရှိချေ၏။

သို့ ခြေရာကြည့်ခြင်းအားဖြင့် ထိုဆင်ကောင်ကြီးသည် လွန်မင်းစွာကြီးမားသော ဆင်ရိုင်းကောင်ဖြစ်ခြင်းကို မှန်းဆသိလိုက်ရချေ၏။

"သည်ကောင်ကြီး မိုးလင်းလုမှ သည်နေရာက ထွက်သွားဘာဖြစ်မယ်"

ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်၍ ပြုံးစစလုပ်နေလေပြီး-

"ကျွန်တော် သံသယဖြစ်မိတယ်"

"ဘာများတုန်း"

"သည်တော အတော်ကြမ်းမယ်ပုံပေပဲဗျ"

"ဗျာ..." "ဟင်..."

လင်းမြင့်လှိုင် ဘာကိုဆိုလိုပါလိမ့်။ ကျွန်တော်နှင့် ဖထီခူရိုး နားမလည်ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို တအံ့တသြကြည့်နေမိကြသည်မှလွဲ၍ ဘာမျှမပြောဖြစ်ကြပါတော့ချေ။

"ကဲ... စခန်းတဲဘက် ပြန်သွားကြည့်တာပေါ့"

သို့ဖြင့် ကျွန်တော်တို့ကို ဦးဆောင်၍ လင်းမြင့်လှိုင်သည် ညက စခန်းတဲရှိရာသို့ ထွက်သွားလေသဖြင့် လိုက်သွားကြရပြန်၏။

"ဟာ..." "ဟင်..."

အလိုလေးဗျာ... အံ့ဖွယ်ပင်ကောင်းသေးတော့၏။ စခန်းတဲသည် ညက သစ်ပင်ပေါ်မှ လှမ်းကြည့်တုန်းက ပြိုပျက်နေသည်ပဲ။ ယခုတွေ့ရသည်မှာ အကောင်းပကတိပါပဲကလား။

"ကိုလင်း... ကျွန်တော် ညက အမြင်မှားတာပဲလား"

သို့ ကျွန်တော်က ပြောလေသည်တွင် လင်းမြင့်လှိုင်က ပြုံး၍ကြည့်လာချေပြီး...

"အမြင်မမှားပါဘူး၊ ကျွန်တော်လည်း အဲလိုပဲ မြင်ခဲ့တာပဲ" ပြောလေ၏။

"နို့ဖြင့် ဒါမရိုးသားဘူးပေါ့" လို့ အံ့သြတကြီးပြောလိုက်၏။

www.burmeseclassic.com

လင်းမြင့်လှိုင်က ပြုံး၍သာနေပြီး စခန်းတဲနားသို့ တိုးကပ်သွားလေ၏။

စခန်းတဲသည် တကယ်ပင် ပျက်စီးယိုယွင်းခြင်း အလျှင်းမရှိပါချေ။ ဖထီခူရီးကမူ မည်သည့်စကားမျှ မပြောချေ။ တစ်စုံတစ်ရာ ဖြစ်လာမည်ကို စိုးရိမ်နေပုံတော့ဖြင့် ရှိချေ၏။

'ကျွန်တော်တော့ သည်တဲမယ် တစ်ညနေကြည့်ချင်သေးတယ်'

သို့ ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်သည် လူထူးလူဆန်းတစ်ယောက်နှယ် ငေးမောကြည့်နေမိတော့၏။

'ကိုပိုက် မနေဝံ့ပေဘူးလား'

သို့ မေးလာလေမှ ကျွန်တော် အသိပြန်ဝင်လာရချေ၏။ ပြီးလေမှ...

'ဩော်... အင်း... နေကြတာပေါ့၊ ကျွန်တော်လည်း အဖြေတစ်ခုခုကိုတော့ သိချင်တယ်'

လင်းမြင့်လှိုင်က ယဲ့ယဲ့ပြုံးလာလေ၏။

ကျွန်တော်သည် ထိုစခန်းတဲပေါ် တက်ထိုင်လိုက်၏။

'ကျီး... ကျီး' 'ကျီး... ကျီး'

ဝါးကြမ်းခင်းသို့ အသံထွက်ပေါ်လာ၏။

'ကိုပိုက်တို့ ခဏနေခဲ့ချေဦးဗျာ၊ ကျွန်တော် စားဖို့သွား ရှာချေဦးမယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ချောင်းဘက်သို့ ထွက် သွားလေ၏။ ကျွန်တော်သည် လင်းမြင့်လှိုင်ကို မျက်စိတစ်ဆုံး ကြည့်မိချေ၏။

'ဟာ...'

လင်းမြင့်လှိုင်၏ ရှေ့တည့်တည့် ဒလွယ်ခုတ်လောက်ရှိ ဘောအုပ်ချုပ်ဝင်တို့ကြားမှ တစ်စုံတစ်ရာ တိုးဝှေ့ဖြတ်သန်းလာသည်ကို အမှတ်တမဲ့ တွေ့လိုက်၏။ သားရဲကောင်တော့ဖြင့် မဟုတ်။ လူတစ်ယောက်လား၊ ဝံကောင်လား၊ သို့တည်းမဟုတ် သစ်ခုတ်သမားသာလျှင် ဖြစ်ချိမ့်မည်။

လင်းမြင့်လှိုင်ကမူ လှမ်းတွေ့လိုက်ခြင်း ရှိမရှိတော့ဖြင့် သိပါချေ။ ချောင်းဘက်သို့သာ ဦးတည်သွားနေလေခြင်း ဖြစ်၏။

'ဖထီ... ကိုလင်းသွားနေတဲ့ ရှေ့လောက်မယ် ရိပ်ခနဲ တွေ့လိုက်မိသေးလား'

ကျွန်တော့်လိုပင် လင်းမြင့်လှိုင်ကို ကြည့်နေသည့် ဖထီခူရီးကို သို့ မေးလိုက်၏။

'မတွေ့မိပါကလား'

သို့ဆိုတော့ ကျွန်တော်ပင် ဘယ်လိုတွေဖြစ်နေလေသည်သိချေ။

'ကဲ... ဖထီ ကျွန်တော် ထင်းခြောက်သွားစုဆောင်းချေဦးမယ်'

သို့ဆိုလျက် ကျွန်တော်သည် သေနတ်ကိုလွယ်၍ စခန်းအနီးတစ်ဝိုက် ထင်းခြောက်တုံးများ စုဆောင်းရန် သွားလိုက်၏။

ဖထီခူရီးတစ်ယောက် တဲပေါ်တွင် တက်ထိုင်ကျန်ရစ်ခဲ့သော သူ၏လွယ်အိတ်ကြီးကိုပွိုက် ရှာဖွေနေလေ၏။ ဖထီတစ်ယောက်သည်း စားရန်အတွက် ကွမ်းယာပစ္စည်းများ ရှာဖွေနေခြင်းမှလွဲ၍ အခြား မည်သို့မျှ မဖြစ်နိုင်ပါချေ။

ကျွန်တော်သည် တဲနံဘေးဘက် ထွက်ခဲ့ခြင်းဖြစ်၏။ တဲ၏ နောက်ဘက်တွင် တောင်ကြောကမ်းပါးယံ ခံနေ

www.burmeseclassic.com

၏။ ထိုကမ်းပါးယံတွင် ကုန်းသဖန်းပင်နှင့် ဆေးရိုးပင်၊ ချဲ့ပုတ်နွယ်ပင်တို့ ကပ်ပေါက်နေလေ၏။ ကျွန်တော်သည် တဲနံဘေးမှလျှောက်ရင်း ထိုတောင်ကြေးနီရုံကို ကြည့်နေမိ၏။ ထိုတောင်ကြောပေါ်မှ သားကောင်လျှောက်လှမ်းသံကိုပဲ ကြားရ၏။ သို့ကြောင့် ကျွန်တော် နားစွင့်နေလိုက်သည်။ သွားရင်းမှ ရပ်လိုက်သည်။

'ရွပ်... ရွပ်... ရွပ်'

'ရွပ်... ရွပ်'

တောင်ကြောပေါ်လောက်မှ ခြေယက်သံဖြစ်၏။ တောကြက်များလေလား၊ မြေတွင် ခြေယက် အစာရှာနေခြင်းများလား။

သို့ကြောင့် ကျွန်တော်သည် ထင်းခြောက်တုံးကောက်ရန် လာသည်ကို မေ့ထားလိုက်လေပြီး ထိုတောင်ကြောပေါ်သို့ လှမ်းတက်လိုက်၏။

တောကြက်ကို တွေ့လျှင်ဖြင့် ပစ်ခတ်လို၍ဖြစ်၏။ လင်းမြင့်လှိုင် သားကောင်ရှာသွား ပြန်လာလျှင် သားကောင်တစ်ကောင်ကောင်ပါလာမည် သိပေငြား တောကြက်ကောင်ကို ကြွပ်ကြွပ်ကြော် အမြည်းလုပ်လို၍ ကျွန်တော်သည် တောကြက်ကောင်ကို ချောင်းခြောင်းလေခြင်း ဖြစ်ချေ၏။

တောင်ကြောပေါ်သို့ ရောက်သည်တွင် ချဲ့ပုတ်နွယ်ပင်တို့ကို တွေ့ရ၏။ ထိုချဲ့ပုတ်နွယ်ပင်တို့နောက်ကွယ်မှ တရုပ်ရုပ်ခြေသံကြားနေရဆဲ ဖြစ်လေသည်ကြောင့် ကျွန်တော်သည် ဝမ်းသာသွားကာ ထိုချဲ့ပုတ်နွယ်ပင်ကြီးနား တိုးကပ်သွားလိုက်တော့၏။

'ဘာ...'

ကျွန်တော် ချဲ့ပုတ်ပင်ကြီးနောက်သို့ ချောင်းခြောင်းလိုက်လေသည်တွင် မြင်လိုက်ရသည်မြင်ကွင်းကြောင့် လွန်မင်းစွာအံ့အား

သင့် ထိတ်လန့်တကြား ဖြစ်သွားတော့၏။ ကျွန်တော် လုံးဝ ထင်မှတ်မထားခဲ့ပါချေ။

မြင်လိုက်ရသော သားကောင်ကို ပစ်ခတ်ဖို့နေနေသာသာ ထိုနေရာလေးမှ တိတ်တဆိတ် ပြန်လှည့်ခဲ့စဉ် မကြာလိုက်သော အချိန်ကလေးသည် ကျွန်တော့်အတွက် ငရဲလမ်းဖြတ်ခဲ့ရသည့် သူဘစ်ယောက်နှယ် ဖြစ်ခဲ့ရချေ၏။

ကံသီပေလို့ပါကလား။ ကျွန်တော် ထင်ထားသည်မှာ ဆာကြက် သို့မဟုတ် တောင်လိပ်ပေါ့။ သို့ပေမင့်လို့ မြင်လိုက်ရသည်ကား တောဆင်ရိုင်းကြီး ဖြစ်ချေတော့၏။

အကောင်ကြီးသလောက် အင်မတန် ခြေသံလုံလှပါကလား။ ကျွန်တော် ဇောချွေးပင် ပြန်မိတော့၏။ တောင်ကြောပေါ်တွင် တောဆင်ရိုင်းကောင်ကြီး ရှိနေ၏။ သို့ကြောင့် ကျွန်တော်သည် ဆီခူရိုးကို ပြောပြလိုက်၏။

'ဒါများကွာ၊ ဘာကြောက်စရာလို့တုန်း'

သို့ဆိုလျက် ဖဆီခူရိုးသည် သူ၏ အိတ်ကပ်တွင်းရှိ ဆေးလိပ်တိုထည့်ထားသည့် ဝါးဆစ်ပိုင်းလေးအတွင်းမှ ဆေးလိပ်တိုကိုထုတ်၍ ထိုတစ်ဖက်ဖွင့် ဝါးဆစ်ပိုင်းလေးကို နှုတ်ခမ်းတွင် တော့၍ မှုတ်လိုက်လေတော့၏။

'ဘူး...' 'ဘူး...' 'ဘူး...'

'ဝေါ... ဝေါ... ဝေါ... ဘရော... ဝေါ... ဘရော... ဘရော...'

တောင်ကြောပေါ်ရှိ တောဆင်ရိုင်းကောင်ကြီး တော့ဝိုး ချွေးလွှားသွားချေတော့၏။

'ဟင်း... ဟင်း... ဟင်း... ဟင်း...'

www.burmeseclassic.com

www.burmeseclassic.com

ဖထီခူရိုးက ကျွန်တော့်ကိုကြည့်၍ ရယ်ပြလေတော့၏။

'ဟင်း...'

ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်၏။

ဘယ်လိုတွေ ဖြစ်နေပါလိမ့်။ မနေ့ညကတည်းက တောဆင်ရိုင်းကောင် ကျွန်တော့်ကို အိပ်မက်ထဲမှာ ဒုက္ခပေးလာ၏။ ညက အိပ်မက်မဟုတ်။ တောဆင်ရိုင်းကောင်၏ ဒုက္ခပေးခြင်းကြောင့် သစ်ပင်ခွဆုံပေါ်တက် ဒုက္ခခံခဲ့ရ၏။ ယခုတစ်ဖန် လာပြန်ပြီ။

တောဆင်ရိုင်းကောင်သည် ကျွန်တော့်ကို အတော်ကလေး ဒုက္ခပေးနေပါကောလား။

သို့ တွေးမိသည်ကို ဖထီခူရိုးကို ပြောလိုက်၏။

'ဒါပဲကွာ... တိုက်ဆိုင်တာပါ၊ ကဲ... ဆရာပိုက်၊ ငါပဲ သစ်တုံးခြောက်တွေ သွားကောက်ပေးချေမယ်'

'ဟာ... နေပါစေ ဖထီ၊ ကျွန်တော် ကြောက်လို့မဟုတ်ပါဘူး၊ ဖထီကို အကျိုးအကြောင်းပြောရုံတင်ပါ'

သို့ပြောလျက် ကျွန်တော်သည် သစ်တုံးခြောက်၊ သစ်ကိုင်းခက်ခြောက်ကို စုဆောင်းရန် တဖုတ်ဖုတ်ထွက်ခဲ့ပြန်၏။

'ဒိန်း...' 'ဒိန်း...'

ကျွန်တော် ထင်းခြောက်ကိုင်းများ စုဆောင်းနေစဉ် သို့ဆိုသလို သေနတ်သံနှစ်ချက်ကို ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ချေ၏။ လင်းမြင့်လှိုင် ထွက်သွားရာဘက် တောင်ကြောမှ ဖြစ်ချေသဖြင့် လင်းမြင့်လှိုင် သားကောင်ပစ်လိုက်သံဟု သတ်မှတ်နိုင်ပေ၏။ ယခု ကြားရသည်မှာ သေနတ်သံနှစ်ချက် ဖြစ်ခြင်းကြောင့် တစ်ခုခု ထူးခြားမှုရှိလေသည်ဟု ထင်လိုက်ချေ၏။

ကျွန်တော်သည် ထင်းခြောက်ကိုင်းများကို လိုက်လံ

စုဆောင်းနေသော်လည်း စိတ်သည် လင်းမြင့်လှိုင်ထံတွင်သာ ရှိနေချေ၏။

'ဖထီရေ... သေနတ်သံကြားလိုက်တယ် မဟုတ်လား'

'အေး... နှစ်ချက်လေကွာ'

'ကိုလင်း ပစ်တာတော့ မဖြစ်နိုင်ပေဘူး'

'ဘာပြောချင်တာတုန်း'

'ဩော်... ကျွန်တော်ပြောချင်တာက ကိုလင်းပစ်တာ ဆိုလျက် တစ်ချက်ပေါ့၊ မသကာ နောက်ထပ်တစ်ချက်တော့ ပစ်ဦးတော့ တစ်ချက်နဲ့တစ်ချက် အတော်ကွာမှာလေ၊ ခုတော့ ရှေ့ဆင့်နောက်ဆင့် နှစ်ချက်ဆိုတော့ တွေးစရာပေပဲဗျ'

'ဘာတွေးစရာလို့မှာတုန်း ဆရာပိုက်ရယ်၊ သဲ့ကောင်ကြီးမို့လို့ နှစ်ချက်ဆင့်ပစ်လိုက်ရတာ ဖြစ်မပေါ့'

သို့လည်း ဖြစ်နိုင်သည်ပဲ။ ပြောင်လိုကောင်မျိုးဆိုလျှင် နှစ်ချက်ဆင့်ကဲပစ်သင့် ပစ်ရလေသည်ပဲ။

သို့ပေမင့်လို့ အချိန်အတော်ကြာသည့်တိုင် လင်းမြင့်လှိုင် ပြန်ရောက်မလာသဖြင့် ကျွန်တော် ပူပင်နေမိတော့၏။

'ဖထီ သည်လောက် ကိုလင်း မကြာသင့်ဘူးထင်တယ်'

'အေးကွာ'

'ကျွန်တော် အဲဒီဘက် လိုက်သွားကြည့်ချင်တယ်'

'ခဏစောင့်ပါဦးလား၊ စိတ်က ပူပင်လို့ဖြစ်မှာပါ'

သို့သော ဖထီခူရိုးက ပြောသဖြင့် သူသည်ပင် လင်းမြင့်လှိုင်အတွက် ပူပင်သောကဖြစ်နေပုံပင်။ ကျွန်တော်၏ ပူပင်မှုကို ဖြေသိမ့်လိုသည်ကြောင့် သို့ ဟန်ဆောင်ပြောလေခြင်း ဖြစ်ချို့မှ်မည်။

အချိန်သည် တစ်စတစ်စ ကုန်ခဲ့ချေပြီ။ လင်းမြင့်လှိုင်ကား

www.burmeseclassic.com

ပေါ်မလာချေ။ မနက်ကတည်းက ထွက်သွားသည်မှာ နေမွန်းလွဲသည့်တိုင် ပြန်ရောက်မလာပါချေ။ ထူးခြားမှုဆိုး၍ သေနတ်သံ နှစ်ချက် ကြားရပြီးနောက်ပိုင်း တောသည် တိတ်ဆိတ်နေခြင်းဖြစ်၏။

'ဖထီရေ... အချိန်လေးရှိတုန်း လိုက်သွားမှဖြစ်မယ်'

'နို့ဖြင့် ဆရာပိုက် တစ်ယောက်တည်းမသွားနဲ့လေ၊ ငါ လိုက်ခဲ့မယ်'

'အဲလိုလည်း မဖြစ်သေးဘူးလေ ဖထီရဲ့၊ နှစ်ယောက် စလုံး ထွက်ရှာနေတုန်း လင်းမြင့်လှိုင် ပြန်ရောက်လာလို့ ကျွန်တော် တို့မရှိလျှင် သူ ပူပင်နေမှာပေါ့'

'နို့လည်း ဟုတ်တယ်ကွ'

'ကျွန်တော်တစ်ယောက်တည်းသွားမယ်၊ ဖထီ နေခဲ့ချေ'

'အေး... ဪဝေးလံလံလည်း ချော်တောင့်မသွားနဲ့ဦး၊ အနီးအနားတစ်ဝိုက်ကြည့်ပြီး ပြန်လာခဲ့ချေဦး'

'စိတ်ချပါ ဖထီရဲ့၊ ကျွန်တော် ဘယ်လိုဖြစ်ဖြစ် စခန်းကို အရောက်ပြန်လာခဲ့ပါ့မယ်'

သို့ဆိုလျက် ကျွန်တော်သည် စခန်းမှ ခပ်သွက်သွက် ထွက်ခဲ့ချတော့၏။ လင်းမြင့်လှိုင် ထွက်သွားလေသည့် ချောင်း တစ်ဖက် တောင်ကြောပေါ်သို့ ဖြစ်ချေ၏။

'ဝေါ... ဝေါ... ဘရော... ဗွမ်း... ဗွမ်း... ဗွမ်း'

ကျွန်တော်သည် ချောင်းကိုဖြတ်လိုက်၏။ တစ်ဖက်တောင် ကြောသို့ တက်လေမည်အပြုတွင် ချောင်းဆုံက်ဘက်မှ ရေတွင် ဖြတ်လျှောက်လာသံကြားသဖြင့် လှမ်းကဲကြည့်လိုက်၏။

'ဟင်...'

လူနှစ်ယောက် ရေထဲမှ ဖြတ်လျှောက်သွားကြ၏။

တစ်ယောက်တက်သွား၏။ တစ်ယောက်သောသူ၏ ပခုံးထက်တွင် ဒို(ချေ)တစ်ကောင်ကို ထမ်းပိုးထားပြီး တစ်ယောက်သော သူသည် ဆိုးဖြစ်ဟန်တူ၏။ သူ့လက်တွင်း ပြောင်းရှည်သေနတ်တစ်လက် ကိုင်ဆောင်၏။ ကျွန်တော်ရှိရာသို့ တစ်ချက်မျှ လှည့်ကြည့်လာချေပြီး အပျာကယာဆိုသလိုပင် တောင်ကြော (ကျွန်တော်တို့ စခန်းတဲရှိရာ တောင်ကြောလမ်း)သို့ သွက်သွက်ထွက်သွားကြတော့၏။

သည်လူတွေ ဘယ်သူတွေပါလိမ့်။ အဝေးကကြည့်မြင်ရသဖြင့် အသက်အရွယ်ကိုသာလျှင် မှန်းဆလိုက်နိုင်၏။ ဘယ်သူ ဘယ်ဝါလို့တော့ဖြင့် မှန်းဆမိခြင်း မရှိပါချေ။

ကျွန်တော်တို့လို အမဲလိုက်မုဆိုး ဖြစ်ချင်လည်းဖြစ်မည်။ တစ်ခုတော့ ရှိ၏။ သူတို့ မုဆိုးဆိုပါလျှင် ကျွန်တော့်ကို တွေ့လျှင် သူတို့စခန်းတဲ အနားတစ်ဝိုက် မရှိပါလျှင် စကားစမြည် လာပြောရ မည်။ စပ်စုရပေမည်။ မုဆိုးချင်းဆိုတော့ မိတ်ဖွဲ့ရပေမည်။ သခင်မူ ကျွန်တော့်ကိုသာလျှင် မဟုတ်၊ ကျွန်တော့်နေရာတွင် အခြား သူတစ်ယောက် ဆိုချေဦးတော့ ထိုသူတို့သည် မတွေ့လိုသော အကြောင်းတစ်ခုကြောင့် ရှောင်ထွက်သွားကြသည့် လူများပင်။ ဘာလို့များ သူတို့ သို့နှယ်လုပ်ကြတာပါလိမ့်။

ကျွန်တော် သူတို့အကြောင်း စဉ်းစားခြင်းထက် လင်းမြင့် လှိုင်ကို လိုက်ရှာလိုသည့် အာသီသကြောင့် သူတို့ကို မေ့မေ့ပျောက် သွားထားလိုက်တော့၏။

ကျွန်တော်သည် သေနတ်သံကြားရာ တောင်ကြောသို့ တက်လျှောက်ခဲ့ခြင်း ဖြစ်၏။ ထိုတောင်ကြောပေါ်တွင် ဝါးနှုန်း ကိုးချား ရှိချေ၏။ အင်ကြင်းပင်များလည်း ရှိချေ၏။ တောခြောက် ကြီးနှယ် ဖြစ်ချေ၏။ အချို့နေရာတို့တွင် တောင်ကြောအစပ်၌

www.burmeseclassic.com

မြေပြင်ခြင်းများ ရှိချေ၏။ ထိုမြေပြိုတို့အစပ်သွား၍ အောက်သို့ လှမ်းကဲကြည့်မိ၏။ မြေပြိုနှင့်အတူ ဝါးပင်၊ သစ်ပင်တို့သည်လည်း ပြိုလျှောဆင်းကျနေချေ၏။

ထိုတောင်ကြောပြိုရှု အောက်ဘက်တွင် လမ်းမကြီးဟု ထင်ရလောက်သည့် ပေ ၁၀၀ လမ်းမကြီး တွေ့ရ၏။ (ကျွန်တော့် အထင် လမ်းဟု ပြောလိုက်ရခြင်းသာဖြစ်၏။)

"ဝိုးလ်..."

ကျွန်တော်သည် လေပူတစ်ချက် မှုတ်ထုတ်ကာ ထိုနေရာ လေးမှ တောတိုးခဲ့ပြန်၏။

"ကွိ..." "ကွိ..." "ကွိ..." "ကွိ..." "ကွစ်..."

မျောက်တစ်အုပ် ခပ်လှမ်းလှမ်း သစ်ပင်ထက်၌ လှုပ်ရှား ပြေးလွှား အော်ဟစ်နေကြ၏။

ကျွန်တော့်ကို မြင်၍ သိ၍ ဖြစ်ချေ၏။

"ချောက်"

သေနတ်မောင်းတင်ကာ ပစ်ခတ်ရန် ရည်ရွယ်ပြီးလေမှ ကျွန်တော်တို့အတွက် ရိက္ခာမလိုအပ်သည် သိလိုက်သဖြင့် ထို စိတ်ကူးကို ဖျက်သိမ်းလိုက်ရချေ၏။

"ဝူး..." "ဝူး..."

ရှေ့ဆက် တောတိုးခဲ့ပြန်လေပြီ။ သို့ဆိုသလို အချက်ပေး အသံပြုနေလိုက်၏။ တောတိုးနေလိုက်၏။ မည်သည့် တန်ပြန်မှု ဖြင့်တော့ မရှိပါချေ။ သို့ငြား သားကောင်တို့ ကျွန်တော့်အသံကြောင့် ပြေးလွှားသွားသံကိုတော့ဖြင့် ကြားနေရပါချေ၏။

"ဝူး..."

ကျွန်တော်သည်ပင် လက်လျှော့ချင်လာ၏။ လင်းမြင့်လှိုင်

ခန်းပါပြန်ရောက်သွားလေပြီလား။ သို့လည်း ဖြစ်နိုင်၏။ ကျွန်တော် နှင့် လမ်းလွဲနေခြင်းလည်း ဖြစ်ဖို့များ၏။ သို့ကြောင့် ကျွန်တော်သည် ရှေ့တောင်ကြောပေါ်သို့ ရောက်သွားလျှင် ခေတ္တမျှနား၍ပြီး လာ သမ်းအတိုင်း ပြန်လှည့်ရန် စဉ်းစားလိုက်ပြီးသည်နှင့်အတူ ထိုတောင် ကြောပေါ်သို့ ခပ်သွက်သွက်လေး တက်သွားလိုက်တော့၏။

မကြာလိုက်သောအခါမှာတွင် ကျွန်တော် ထိုတောင်ကြော ပေါ် ရောက်သွားတော့၏။ ထိုတောင်ကြောပေါ်တွင် မြက်ရိုင်းပင်တို့ ပေါက်နေလေ၏။ ကျွန်းပင်တို့ ကျိုးတိုးကျဲတဲ ရှိချေ၏။ မှန်ပင်တို့ လည်း တွေ့ရ၏။

ထိုတောင်ကြောသည် ကျဉ်းပုံရချေ၏။ တစ်ဖက်တောင် ကြောအစပ်သို့သွားကာ အဝေးသို့လည်းကောင်း၊ အောက်ခြေသို့ သည်းကောင်း လှမ်းကဲကြည့်ရန် ကျွန်တော်သည် ခပ်သုတ်သုတ်ပင် ခြေက်ရိုင်းပင်တို့ကို တိုးဝှေ့သွားလိုက်၏။

"ဟာ..."

အလိုလေးဗျ၊ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် လွန်မင်း သွား အံ့သြသွားမိချေတော့သည်။

ရွာလေးတစ်ရွာဟု ထင်ရ၏။ အိမ်ခြေအတော်များများ ရှိချေ၏။ ကျွန်တော်တို့ရောက်ဖူးနေကျ၊ ကြုံဖူးနေကျ ရွာတန်းရှည် ချိုး မဟုတ်။ ထိုရွာလမ်းတွင် လူများသွားလာနေပုံရ၏။ လူလုံးကွဲ ဟုတ်မဲမင့် သဏ္ဌာန်ကိုတော့ဖြင့် မြင်နိုင် မှတ်သားနိုင်လောက် ၏။ သို့ကြောင့်လည်း ထိုလူတို့ကြားမှ စိတ်ဝင်စားဖွယ်ကောင်းသော လူနွယ်ယောက်ကြောင့် ကျွန်တော် ထိုရွာကလေးရှိရာသို့သွားရန် ဆန္ဒပြစ်ခဲ့ရ၏။

ထိုလူနွယ်ယောက်ကား ကျွန်တော်တွေ့လိုက်သော ကျိ(ချေ)

www.burmeseclassic.com

ကောင်သေ ထမ်းပိုးသူနှင့် မုဆိုးဖြစ်ဟန်တူသူတို့ ဖြစ်ကြ၏။

သူတို့နှစ်ယောက် ကြည့်ရသည်မှာလည်း ထိုရွာကလေးသို့ ယခုမှ ရောက်သွားကြပုံပင်။ ဘယ်တွက်မှ သူတို့နှစ်ယောက် ရွာထဲဝင်သွားသည်နှင့် ရွာသားရွာသူတို့က ထူးဆန်းစွာ ဝိုင်းကြည့်နေကြခြင်းကြောင့် ဖြစ်ချေ၏။ သို့ဆိုလျှင် လင်းမြင့်လှိုင်သည်လည်း ထိုရွာတွင် ရောက်နေလေပြီလား မသိချေ။ ကျွန်တော်သည် တောင်ကြောလေးပေါ်မှဆင်းကာ ထိုရွာလေးရှိရာသို့ ဦးတည်သွားလိုက်၏။ သို့သွားသည်ဆိုရာ၌ အဆင်ချောမောခြင်း မရှိ။ ရွာသွား လမ်းဖြူးနေသောလမ်းလည်း မရှိ။ တောတိုးခဲ့ရ၏။ မြောင်ဖြတ်ခဲ့ရ၏။ ဝါးသုန်းတော တိုးခဲ့ရ၏။ သို့ငြား မကြာမီအချိန်ကလေးတွင် ထိုရွာသို့ လှမ်းမြင်ရသည့်နေရာသို့ ရောက်ခဲ့တော့၏။

ကျွန်တော်သည် ရွာတွင်းသို့ မသွားလေသေးဘဲ သစ်ပင်နောက်ကွယ်မှနေ၍ အခြေအနေကို ချောင်းမြောင်းကြည့်နေလိုက်၏။

ထိုရွာထိပ်တွင် ကြီးမားသော ထိန်ပင်ကြီးတစ်ပင် ရှိခြေ၏။ ထိုအပင်ကြီးနှင့် ခပ်လှမ်းလှမ်းတွင် ဝါးတဲတစ်လုံး ရှိချေ၏။ ထိုဝါးတဲနောက်ဘက်တွင် ကွင်းဖြစ်ဟန်တူ၏။ ဝါးတဲတွင်မတော့ အကိုးအိုတစ်ယောက် ထိုင်နေလေသည်လား မသိချေ။ ခွေးတစ်ကောင်လည်း ရှိချေ၏။ ခွေးဘီလူးများလေလား မသိ။ ခြေတိုခွေးလေး ဖြစ်ချေ၏။ တဲပေါ်တွင် ဝပ်တွားနေလေခြင်းဖြစ်၏။

ဝပ်တွားပုံသည် 'ခြသေ့' တစ်ကောင် ဝပ်တွားနေသည့်ဟန် ဖြစ်ချေ၏။ ရယ်စရာတော့ အကောင်းသားပါကလား။

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်၏။ ထိုတဲသို့သွားမည်။ သို့ ဆုံးဖြတ်လိုက်သည်နှင့်အတူ ထိုနေရာမှ ခြေလှမ်းလိုက်မည်အပြုတွင်...

'မသွားနဲ့ဦး၊ ခဏနေဦး'

'ဟင်...'

သို့ အသံကြောင့် သောသို့လှည့်ကြည့်လိုက်၏။ ချူပုတ်ပင်ကွယ်နောက်မှ လူတစ်ယောက် ထွက်လာချေ၏။

အလိုလေးဗျာ... ဘယ်သူများလဲလို့။ လင်းမြင့်လှိုင် ဖြစ်နေချေ၏။

'ကိုလင်း'

ကျွန်တော်က အားရဝမ်းသာ ခေါ်လိုက်၏။

'ဘယ်လိုကဘယ်လို သည်ရောက်နေတာတုန်း၊ ကျွန်တော်တို့လင်းကို လာရှာရင်း ဒီရွာကလေးကို စိတ်ဝင်စားလို့'

လို့ ပြောလိုက်၏။

လင်းမြင့်လှိုင်က သူဝယ်အကိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်လေပြီး...

'ဟိုနှစ်ယောက်ကိုရော စိတ်မဝင်စားလို့လား'

'ဟင်...'

လင်းမြင့်လှိုင်လည်း မုဆိုးနှင့် လမ်းပြသူကို မြင်ခဲ့ တွေ့ခဲ့ စိတ်ဝင်စားခဲ့ဟန်တူချေ၏။ သို့ကြောင့် ကျွန်တော်က...

'ကိုင်း... ဟိုနှစ်ယောက်ကို မြင်တယ်လား၊ သိတယ်လား၊ ကိုလင်း ဘယ်အချိန်က ရောက်နေတာတုန်း'

'ရှင်းရှင်းပြောရလျှင်ဖြင့် ကျွန်တော် သူတို့နောက်လိုက်နေတာ'

'ဟင်... ဘာလို့တုန်း'

ကျွန်တော်သည် တအံ့တသြဖြစ်လျက် မေးလိုက်၏။

'ကျွန်တော် အမဲရှာရင်း ဂျို(ချေ)တစ်ကောင်ကို ပစ်ရလိုက်

www.burmeseclassic.com

တယ်၊ အဲဒီ ဂျီ(ချေ)သေကို သွားကောက်မယ်အလုပ်မှာ သူလူနှစ်ယောက်က ကျွန်တော့်ကို သေနတ်နဲ့လှမ်းပစ်တယ်၊ ခြောက်လှန့်ပစ်တာပေါ့ဗျာ၊ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ကြောက်လန့်ပြီး ပုန်းကွယ်ရာနေရာကိုရှာပြီး ပြေးသွားခဲ့တယ်၊ သည်အချိန်မှာပဲ သူတို့က ကျွန်တော်ပစ်ထားတဲ့ ဂျီ(ချေ)ကောင်ကို ကောက်ယူပြေးသွားတော့တာပဲ၊ နို့ကြောင့် ကျွန်တော်လည်း သူတို့ကို မကျေမနပ်ဖြစ်ပြီး နောက်ယောင်ခံလိုက်လာတာ၊ သည်လူတွေ မုဆိုးစင်စစ်တွေတော့ မဟုတ်နိုင်ပေဘူးဗျ၊ သည်နှစ်ယောက် ဘယ်ကလဲမသိဘူး၊ သည်ရွာလေးကလည်း မဖြစ်နိုင်ပေဘူးဗျ၊ ကိုပိုက် မြင်မှာပေါ့၊ သည်ကောင်တွေ ဂျီ(ချေ)ကောင်သေကို ထမ်းလာကြတယ်လေ၊ သည်ရွာကလူတွေ သူတို့နဲ့ ရင်းနှီးကျွမ်းဝင်ပုံမရှိဘူးဗျ"

သို့ လင်းမြင့်လှိုင်ပြောလေမှ ကျွန်တော် သဘောပေါက်နားလည်သွားခဲ့၏။

"နို့ဖြင့် ကျွန်တော်တို့ ရွာထဲလိုက်ဝင်ကြမယ်ပေါ့"

"အင်း... သူတို့နောက် လိုက်လာတဲ့ဟန်မဟုတ်ဘဲ ကျွန်တော်တို့လည်း တောထဲ မျက်စိလည် လမ်းမှားရောက်လာတဲ့ပုံစံနဲ့ ဝင်ကြတာပေါ့"

"နို့ဖြင့် ကျွန်တော်တို့ သည်ရွာမယ် အိပ်ရမပေါ့"

"ဒါပေါ့ဗျာ"

"ဟင်... နို့ဖြင့် ဖထီခူရှီးတစ်ယောက်တည်း စခန်းမယ်ညအိပ်ရမပေါ့"

ကျွန်တော်က သို့ ပြောလိုက်၏။

"သည်တစ်ညပေါ့ဗျာ၊ နောက်ဖြန်ဆို ဖထီလည်း ကျွန်တော်တို့နှစ်ယောက်ကို လိုက်ရှာကြမှာပါ"

"သည်ရောက်လာလျှင် အကြောင်းမဟုတ်ပေမင့် တခြားအရာကို ချော်တောင်ပေါ့ ရောက်သွားလျှင် ဘယ့်နယ့်လုပ်မလဲ"

"ကိုပိုက်ရယ်... ပူစရာမရှိ ပူနေပြန်ပြီ၊ သူက ကျွန်တော်တို့ကို လမ်းပြအဖြစ်ခေါ်လာတာလေ၊ သူ့အတွက် ဘာပြဿနာမှ မရှိနိုင်ပါဘူး၊ သူ့ရွာတော့ သူပြန်တတ်ပါတယ်ဗျာ"

သို့ဆိုတော့ ကျွန်တော် သဘောပေါက်သွားချေပြီ ဖြစ်၏။

"ကဲ... လာ... သွားကြစို့၊ ညောင်... ပြောထားရဦးမယ်၊ ကျွန်တော်တို့ တောထဲ မျက်စိလည်လမ်းမှား ရောက်လာတယ်နော်"

"သိပါ့ဗို့"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အိုးအိုး တဲရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်ကြတော့၏။

"ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်"

တဲအောက်ခြေတွင် ဝပ်တွားနေသည့် ခွေးဘီလူးလေးက ကျွန်တော်တို့နှစ်ယောက်ကို မြင်လိုက်သည်သို့ ထလာထိုးဟောင်တော့၏။

"သမီးမိုက်... ဘာလို့တုန်း၊ ဓည့်သည်တွေလေ၊ ကောင်းတွေထင်ပါရဲ့"

သို့ တဲပေါ်မှ အိုးအိုးက သူ့ခွေးကို ဟန့်တားပြောဆို၍ ကျွန်တော့်ထံ ထလာခေ၏။

"မင်းတို့ မုဆိုးတွေထင်တယ်"

သို့ မေးလာခြေသဖြင့်...

"ဟုတ်တယ် အာ"

"မျက်စိလည် လမ်းမှားလာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ပြီးစီးမျက်နှာပေးဖြင့်ကြည့်ကာ ပြောဆေးဖြင့် ကျွန်တော်လည်း လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါကြည့်နေလိုက်၏။

အဘိုးအိုက ကျွန်တော်တို့ အတွင်းစိတ်ကို သိနေသလိုပါပဲကလား။

"မဟုတ်ပါဘူး၊ သွားရင်းလာရင်း ရွာလေးကိုတွေ့တာနဲ့ စားစရာသောက်စရာလေးများ ရမလားလို့ ဝင်လာတာပါ"

ဟင်... လင်းမြင့်လှိုင် ဘယ်လိုစိတ်ကူးပေါက်သွားလေသည်မသိ။ စီစဉ်လာကြသည့်အတိုင်း လမ်းမှားရောက်လာသည်သဘော မပြောတော့ပါကလား။ ဘယ်လိုကြောင့်ပါလိမ့်။ အင်း... ဘယ်လိုကြောင့်ဖြစ်ဖြစ် လင်းမြင့်လှိုင်သည် အခြေအနေပေါ် အခြေခံ၍ သို့ ပြောင်းလဲဆုံးဖြတ် ပြောလိုက်ခြင်း ဖြစ်ပေမည်။ သို့ကြောင့် ကျွန်တော်သည်လည်း ဆိတ်ဆိတ်နေလိုက်တော့၏ လင်းမြင့်လှိုင်၏ အရိပ်အကဲကိုသာ ကြည့်နေလိုက်၏။

"အင်း... မင်းတို့က ဟိုနှစ်ယောက်လိုဟုတ်ဟန်မတူဘူး"

"ဗျာ..."

"ကျွန်တော် နားမလည်ဘူး အာ"

လင်းမြင့်လှိုင်က သို့သာ ပြောလိုက်၏။

"အေး... ဘယ်နားလည်ပါ့မလဲ၊ မင်းတို့ ရောက်မလာခင် လမ်းမှားလာတယ်ဆိုပြီး လူနှစ်ယောက် ရောက်လာကြတယ်၊ ငါတော့ မယုံပါဘူးကွ၊ သူတို့ကြည့်ရတာ မုဆိုးလည်း ဟုတ်ဟန် မတူပါဘူး၊ ဂျီကောင်လည်း ထမ်းလာကြတယ်၊ သည်ဂျီကောင်တို့ သူတို့ပစ်တာ မဟုတ်နိုင်ဘူးကွ"

"ဟင်..."

အဘိုးအိုစကားကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို မေ့

ကြည့်လိုက်ပြန်၏။ အဘိုးအိုသည် အတော်ကလေး တတ်သိနေပုံပါကလား။ ကျွန်တော် အံ့သြနေစဉ်...

"ကျွန်တော် အမှန်အတိုင်းပြောမယ်နော်" လို့ လင်းမြင့်လှိုင်က စကားစလိုက်သည်တွင် အဘိုးအိုက...

"မပြောနဲ့ ငါသိတယ်။ သည်ဂျီကောင် မင်းပစ်တာ၊ ဟိုနှစ်ယောက်က ခိုးလာတာ၊ သည်တော့ မင်း သူတို့နောက်လိုက်လာတာမဟုတ်လား"

"ဗျာ..." "ဟင်..."

လင်းမြင့်လှိုင်ရော ကျွန်တော်ပါ အဘိုးအိုကို လူထူးလူဆန်းလို ကြည့်မိကြတော့၏။

"ဘာလဲ... ငါပြောတာ မဖြစ်နိုင်ဘူးလား"

"ဖြစ်... ဖြစ်နိုင်ပါတယ်"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်၏။

"ကဲ... ကဲ... အူတူတူလုပ်မနေနဲ့၊ မင်းတို့ သည်မယ် စာစုခုစားကြဦး၊ ငါ့မယ်တော့ ထမင်းကြမ်းခဲနဲ့ လက်ဖက်ရှိတယ်"

"ဟင်..." "အို..."

လက်ဖက်ရှိသည်ဆို၍ အံ့သြသွားကြသည်။ ကျွန်တော့်ကို နှစ်ယောက်ကိုကြည့်ပြီး အဘိုးအိုက သဘောကျနေလေ၏။

"ဘာမှ အံ့သြမနေနဲ့ကွ၊ ငါက လက်ဖက်သုပ်နဲ့ ထမင်းစားတာလေ၊ သူ့လက်ဖက်ဆိုတာလည်း ငါသားက အမြဲတမ်း ယယမေးထားတာလေ၊ သူကတော့ မင်းတို့နဲ့ဆုံမှာတော့ မဟုတ်ဘူး"

"ဟင်... ဘာဖြစ်လို့တုန်း"

"ငါသားက တစ်ခါတလေမှပဲ လာတယ်"

"သူက ဘယ်မှာနေလို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com

"တိုက်ကြီးမယ် လိမ္မော်ခြံစိုက်နေတာလေ"

"ညောင်... အဘတို့က တိုက်ကြီးဘက်ကပေါ့"

"ဟုတ်တယ်... တိုက်ကြီးရှာတန်းရှည်မှာနေတယ်၊ ငါ့သားက လိမ္မော်ခြံမှာနေတယ်"

"နို့ဖြင့် အဘက ဘာလို့ သည်မယ်ရောက်နေတာလဲ"

"ငါ ငယ်ငယ်က အမဲလိုက်သမားပဲလေ၊ သည်တောထဲတောင်ထဲမှာ အမဲသွားရှာရင်းကနေ မဖြစ်မနေ သည်မှာနေဖို့ အကြောင်းဖန်လာတာနဲ့ သည်မှာပဲနေလိုက်တော့တယ်ကွ"

"နို့ဖြင့် သည်ရွာက ဘာရွာတုန်း"

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... သည်ရွာနာမည် မင်းတို့သိသွားကြလျှင် သည်ရွာထဲမဝင် ဘဲ စာစ်ချီးတည်း ပြန်ပြေးသွားမှာစိုးလို့ မပြောတော့ပါဘူးကွ ဟင်း... ဟင်း... ဟင်း"

အဘိုးအိုက သို့ပြောပြီး ရယ်မောနေလေ၏။

"ပြောကြည့်ပါ အဘိုးရယ်"

ကျွန်တော်က သိလိုစိတ်ကြောင့် မေးလိုက်၏။

"မသိချင်ပါနဲ့၊ ကဲ... ကဲ... စားလိုက်ကြဟေ့"

သို့ပြောပြီး အဘိုးအိုသည် ကျွန်တော်တို့ကို နေရာထိုင် ခင်းပေးလာချေပြီး ထမင်းကြမ်းပန်းကန်နှင့် လက်ဖက်သုပ်ပန်းကန် ကြီးကို ချပေးလေ၏။

"ငါ့ ရေနွေးပူပူ သွားတည်ချေဦးမယ်" ဆိုလျက် တဲအ အတွင်းသို့ ဝင်သွားလေ၏။

လက်ဖက်သည် အဘိုးကြီး သုပ်ထားလေခြင်းဖြစ် လက်ဖက်နှင့် ထမင်း ရောနောစားခြင်းကို ကျွန်တော်

လင်းမြင့်လှိုင်ပါ၊ နှစ်သက်ကြသည်ကြောင့် ဝမ်းသာအားရ စားလိုက် ကြတော့၏။

သည်အချိန် ဂျီသား၊ ဆတ်သားဟင်း ချက်ချေးပေဦးတော့ ကျွန်တော်သည် လက်ဖက်နှင့်သာ ထမင်းစားမည် ဖြစ်မေ၏။

"ကျွန်တော်တို့ တောတောင်ထဲ တွေ့ခဲ့ဖူးတဲ့ လူနေတဲ့စု တွေရောက်တိုင်း အသားဟင်းလျာဖြစ်ဖြစ် သက်သတ်လွတ် ဟင်းလျာဖြစ်ဖြစ် စားကြရတာချည်းဗျ၊ သည်ရွာကတော့ အဆန်း သားကလား၊ လက်ဖက်သုပ်နဲ့ ထမင်းကျွေးတာပေပဲဗျ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ရှော့ဟော့... ရေနွေးပူပူ၊ ဘယ်လိုလဲ စားကောင်းလား"

အဘိုးအို ပြန်ရောက်လာ၏။ အင်္ဂေတထောင်းထောင်းနှင့် မြေခရားအိုး ပါလာ၏။ ဝါးခွက်သုံးခွက် ပါလာ၏။

"ကောင်းမှကောင်း"

သို့ ကျွန်တော်ကပြောပြီး ရေနွေးတစ်ခွက်ငဲ့သောက်လိုက်၏။

"အာ... လာ... လာ"

လက်ဖက်တွင် ဂရုတ်သီးစိမ်းထက်ပိုင်းကို ဝါးမိလေ သဖြင့် စားကောင်းကောင်းနှင့် အားရပါးရစားပြီး အမှတ်တမဲ့ဖြစ် သာ ရေနွေးပူပူ သောက်လိုက်လေခြင်းကြောင့် လွန်မင်းစွာ ဒုက္ခ ရောက်သွားရတော့၏။

ပူလိုက်၊ စပ်လိုက်သည်ဖြစ်ခြင်း။

"အေးကွ... အဲဒီအရသာလေးက အတော်ကောင်းတာ ကလား"

ကျွန်တော့်ဖြစ်အင်ကိုကြည့်၍ အဘိုးအိုက သဘောကျစွာ ပြောလာတော့၏။

www.burmeseclassic.com

ကျွန်တော် အဘိုးအိုကို ပြုံးပြလိုက်၏။

'ငရုတ်သီးစိမ်း လတ်လတ်ဆတ်ဆတ်တွေ ဘယ်ကရတုန်း'

'သည်ဘေးမှာ ကြည့်လေ'

သို့ကြောင့် ကျွန်တော် လှည့်ကြည့်လိုက်၏။ အလိုလေး ဗျာ... ငရုတ်ပင်တွေ စိုက်ထားပါကလား။ ငရုတ်သီးစိမ်းစိမ်း အသီးလေးတွေသည် မိုးပေါ်ထောင်၍ သီးနေကြ၏။

မိုးမျှော်ငရုတ်သီးတွေပါကလား။

'ကျေးဇူးတင်တယ် အဘရယ်'

လင်းမြင့်လှိုင်က ဝင်ပြောလာ၏။

'အေး... မင်းတို့က အဲလိုပြောသေးတယ်၊ ဟိုနှစ်ယောက်ကတော့ကွ ထရိုက်ချင်စရာပဲ'

'ပြောပြလို့ရမလား'

ကျွန်တော်က မေးလိုက်၏။

'သူတို့ကို မင်းတို့လို လက်ဖက်သုပ်နဲ့ ထမင်းကြမ်းချကျွေးတယ်၊ ဆာလို့သာစားကြတာဖြစ်မှာပါ၊ စားပြီးတာနဲ့ 'အဘကျွေးတဲ့ လက်ဖက်နဲ့ ထမင်းကြမ်းခဲအတွက် ကျေးဇူးတင်တယ်လို့ ပြောလို့ မဖြစ်ဘူး၊ အဘကသာ ကျွန်တော်တို့ကို တော်ကြာနေ ကျေးဇူးတင်ရမှာပါ၊ ကဲ... ကဲ... ကျုပ်တို့သွားပြီ၊ သည်အကောင်ကို အသားဖျက်ပြီး လာပို့ခိုင်းလိုက်မယ်' ဆိုပြီး ထွက်သွားကြတယ်လေ၊ ဟွန်း... အတော်မိုက်ရိုင်းတဲ့ ကောင်တွေ၊ ဟင်း... ဟင်း'

သို့နယ် အဘိုးအိုအားပြောရင်း ဒေါသထွက်နေဟန်တူခေ၏။ သို့ကြောင့်...

'အဘိုးရယ်... လူအမျိုးမျိုး စိတ်အထွေထွေပါ၊ အဘိုး

းလည်ပေးလိုက်ပါ'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် အဘိုးအိုသည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လာချေပြီး...

'မင်းတို့ကို ငါ လူကဲခတ်မမှားပေဘူးပဲ' လို့ ပြောလာချေတော့၏။

'ကျေးဇူးတင်ပါတယ် အဘာ'

ကျွန်တော့်က ပြောလိုက်လေ၏။

'ကဲ... ကဲ... မင်းတို့ နားနေကြချေဦး၊ ပြီးလေမှ ပြောထဲသွားပေါ့ကွာ'

သို့ဆိုလျက် အဘိုးအိုသည် နံဘေးရှိ ကွမ်းဘူးကိုယူ၍ ကွမ်းစားလိုက်ချေ၏။

ကျွန်တော်တို့သည် အဘိုးအိုကျွေးသည့် ထမင်းကြမ်းခဲနှင့် လက်ဖက်သုပ်ကို စားပြီးနောက် အဘိုးအိုတည်ခင်းသည့် အဖန်ရည်ကို သောက်လိုက်ကြပြန်၏။

'မင်းတို့ ရွာထဲသွားမယ်ဆိုလျှင်ဖြင့် ဟိုနှစ်ကောင်ကို သတိထားချေ'

ရုတ်တရက် ဘာစိတ်ကူးပေါက်လေသည်မသိ။ သို့ သတိပေးပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အဘိုးအိုကို နားညှိတကြီး တြည့်နေမိတော့၏။

'အဘာ ဘာကိုဆိုလိုချင်တာတုန်း'

ကျွန်တော်က မေးလိုက်၏။

'သည်ကောင်တွေ ကြည့်ရတာ လူကောင်းတွေ မဟုတ်ဘူး၊ လူလိမ်လူကောက်၊ လူရမ်းကား၊ လူမိုက်တွေ ဖြစ်နိုင်ဖို့များတယ်၊ နို့ကြောင့် သတိပေးရတာ'

www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးတင်တယ် အဘ၊ သူတို့ကလည်း ကျွန်တော်တို့ နှစ်ယောက်နဲ့ ဘာမှ ပြဿနာဖြစ်ခဲ့ဖူးတာ မရှိပါဘူး၊ ပြောစရာဆိုလို့ ကျွန်တော်ပစ်လိုက်တဲ့ ဂျီ(ချေ)ကောင်ကို ထမီးပိုးယူသွားတာ လေးကိုပဲ ရှိပါတယ်၊ သည်ကိစ္စတောင်မှ ကျွန်တော့် ခေါင်းထဲထားတာ မဟုတ်ပါဘူး'

'သြော်... အေး... ကောင်းတယ်၊ ငါက အစိုးရိမ်လွန်ပြီး ပြောကြည့်တာပါ'

'ကျေးဇူးတင်ပါတယ် အဘ'

'ကဲ... ငါ အိမ်ထဲဝင်လဲချေဦးမယ်၊ မင်းတို့ ဘာလုပ်ကြမလဲ'

သို့ ပြောလာသည့် အဘိုးအိုကို ကျွန်တော် နားလည်လိုက်ရ၏။ ကျွန်တော်တို့ကို သွားစေချင်ပြီဆိုသည့် သဘောပင် ဖြစ်၏။ သို့ကြောင့်...

'ကျွန်တော်တို့ ရွာထဲသွားမယ်' ဆိုလျက် သေနတ်ကို ယူလိုက်သည်တွင်...

'သတိထားသွားကြဦး၊ အေး... တစ်ခုတော့ရှိတယ် မင်းတို့အတွက် ငါ...' လို့ပြောပြီး စကားဖြတ်လိုက်သည်ကြောင့် ဘာဆက်ပြောလာမည်ကို စိတ်ဝင်တစား နားစွင့်ထားလိုက်ကြမေ့ မည်သို့မျှ စကားဆက်မလာသည်ကြောင့်...

'အဘ... ဆက်ပြောလေ'

ကျွန်တော် မေးလိုက်၏။

'အေး... ငါက ဘာပြောရမှာတုန်း'

'အဘ... မင်းတို့အတွက် ငါဆိုပြီး စကားရပ်ထားတာလေ'

သို့ ကျွန်တော်က မှတ်မှတ်ရရ ပြောလိုက်၏။

'အာ... ဘာမှမဟုတ်ပါဘူး၊ မင်းတို့ နားကြားလွဲတာ ဖြစ်ပါလိမ့်မယ်'

သို့ပြောလာသည့်အတွက် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်မိတော့၏။ ဘယ်လို အဘိုးအိုပါလိမ့်၊ ပြောမယ်ပြုလေပြီးလေမှ ဘယ့်တွက် စကားဖြတ်လိုက်ရတာပါလိမ့်။

'ကဲ... ကိုပိုက်၊ သွားကြစို့'

သို့ဖြင့် လင်းမြင့်လှိုင်နှင့်အတူ အဘိုးအိုကဲမှ ရွာဘက်သို့ ထွက်ခဲ့တော့၏။ အဘိုးအိုတဲနှင့် ရွာသည် ဝေးလှသည်မဟုတ်ဆိုပေမင့် ကွင်းတစ်ခုကို ဖြတ်ရချေ၏။

ထိုကွင်းတွင်မတော့ မြက်ရိုင်းတို့၊ ထိကရုန်းပင်တို့ **ပေါက်** သွက်ရှိချေ၏။ ကုန်းကမူမို့မို့လေးများ ရှိ၏။ ထိုကုန်းကမူမို့မို့လေးများကို အသေချာကြည့်လေသည်တွင် လူသေတို့ မြှုပ်နှံသည့် မြေပုံများဖြစ်သည်ကို သိလိုက်ရ၏။

ကျွန်တော်တို့ မြင်တွေ့ဖူး ကြုံဖူးသည့် သုသာန်တို့သည် အများအားဖြင့် ဓရုပ်တစ်ဆောင်တော့ဖြင့် ရှိကြချေ၏။ ပြီး သုသာန်ရယ်လို့ မြင်သည်နှင့် သုသာန်တွင်း မှတ်တိုင်များ စိုက်ထူထားတတ်၏။ ယခု သည်တွင်မတော့ မြေပုံမှတ်တိုင်ရယ်လို့ မတွေ့ပါချေ။ သုသာန်ရယ်လို့ တပ်အပ်ပြောလိုက်ရသည်မှာ အလောင်းတင်ငါးကပ်အပျက်အစီးများနှင့် လူလက်ဖျံရိုး၊ ဦးခေါင်းရိုးအိုင်းအစများ တွေ့ရခြင်းကြောင့် ဖြစ်ချေ၏။

'သည်ရွာသုသာန်ကလည်း တစ်မျိုးကြီးပါကလား'

သို့ ကျွန်တော်က မှတ်ချက်ချပြောလိုက်၏။ လင်းမြင့်လှိုင်က မည်သည့်စကားမျှတော့ မပြောပါချေ။ ရွာဘက်သို့သာ ဦးတည်ခပ်သွက်သွက်လျှောက်သွားလေ၏။ သို့ဖြင့် ကျွန်တော်တို့သည်

www.burmeseclassic.com

ရွာတန်းရောက်ခဲ့ကြသည်ဟု ဆိုရပေလိမ့်မည်။ ကျွန်တော်တို့ စတွေ့လိုက်ရသည်မှာ ကလေးများ ဖြစ်ချေ၏။ ကလေးများသည် အရွယ်အားဖြင့် (၇)နှစ်၊ (၈)နှစ်အရွယ်ခန့် ကလေးများ ဖြစ်ချေ၏။ ယောကျ်ားကလေး၊ မိန်းကလေး ခွဲခြားပြရန်မူ အတော်ကလေး ကြည့်ပြောရချေ၏။ အားလုံး ဆံပင်တိုလေးများဖြစ်၏။ မိန်းကလေး ဆိုသူတို့အတွက် ထိုဆံပင်သည် တိုလှသည်ဟု ဆိုရချေငြား ယောကျ်ားလေးဆို သူတို့အတွက်မူ ထိုဆံပင်သည် အလွန်ရှည်သည်ဟု ပြောရချိမ့်မည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အထူးအဆန်းလို ဝိုင်းကြည့်နေကြ၏။ လူကြီးရယ်လို့တော့ တစ်ယောက်မျှ မမြင်မိပါတော့ချေ။ သည်ရွာ လူကြီးမှ ရှိပါလေစဟု ထင်ရ၏။

'ကိုလင်း ရွာမယဲ့ လူကြီးတွေတောင်ရှိပါ့မလား'

လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်၍ ပြုံးပြလေပြီး...

'အိမ်နောက်မှာရှိတယ်၊ ကျွန်တော်တို့ကို ချောင်းမြောင်းကြည့်နေကြတယ်'

သို့ကြောင့် ကျွန်တော် အိမ်များရှိရာသို့ ခေ့ခေ့ကြည့်မိ၏။ လင်းမြင့်လှိုင်ပြောသလိုပင် လူကြီးတွေ ရှိချေ၏။ ပုန်းကွယ်ချောင်းမြောင်း ကြည့်နေကြခြင်း ဖြစ်၏။

သူတို့ ဘာကိုစိုးရိမ်နေကြသည်မသိ။ ကလေးတွေကိုတော့ ဖြင့် ဟန့်တားခြင်းမရှိချေ။ ဘယ်လိုသဘောပါလိမ့်။

သို့ကြောင့် ကျွန်တော်သည် အနားတွင် ကပ်ပါလာသည့် ကလေးအုပ်စုမှ ခပ်ကြီးကြီးကောင်လေးတစ်ယောက်ကို ရုတ်တရက် လက်ဆမ်းဆုပ်လိုက်လေပြီး...

'မင်းတို့မိဘတွေရော' လို့ မေးလိုက်၏။

ကောင်လေးသည် ကျွန်တော် လက်ဖမ်းဆွဲလိုက်မေမှင့် အိတ်လန့်ကြောက်ရွံ့ခြင်း အလျှင်းမရှိလေဘဲ မျက်လုံးဝိုင်းဝိုင်းကြီးဖြင့် စိုက်ကြည့်နေလေ၏။ ကျွန်တော်က ပြုံးပြလိုက်၏။

ကောင်လေးသည် အရွယ်အပြုံးတော့ဖြင့် မရှိ။

'ငါမေးနေတယ်လေကွာ'

သည်တွင် ကောင်လေးသည် ခေါင်းခါပြလေပြီး ကျွန်တော့်လက်မှ ရုန်းထွက်သွားတော့၏။

အဝေးသို့ ထွက်သွားတော့၏။ အံ့ဖွယ်ကောင်းသည်မှာ ခွဲခြားကလေးများသည်လည်း သူ့နောက် လိုက်ပြေးသွားကြတော့၏။

ကလမ်းပေါ်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သာ ရှိချေတော့၏။

'ကိုလင်း... ဘယ်လိုကြီးလဲဗျ'

ကျွန်တော်က နားမလည်နိုင်စွာ မေးလိုက်၏။

'ကျွန်တော်တို့တော့ ထူးဆန်းတဲ့ရွာကို ရောက်လာကြပြန်ပြီထင်တယ်၊ ဟင်း... ဟင်း... ဟင်း'

လင်းမြင့်လှိုင်က သို့ပြောရင်း ပြုံးပြလာပြီး ရယ်သွမ်းသွေးလေတော့၏။ သို့ရှိစဉ်...

'ဟာ... ဟိုမယ်...ဟိုမယ်... ဟိုနှစ်ယောက်'

ကျွန်တော်က ခပ်လှမ်းလှမ်းရှိ တဲတစ်တဲပေါ်တွင်ရှိ လူနှစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် သို့ ပြောလိုက်၏။

သူတို့နှစ်ယောက်သည် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေလေ၏။ သို့ကြောင့် မျက်လုံးချင်းဆုံသွားကြ၏။

'ဟာ... ပြေးပြီ၊ ပြေးပြီ'

ထိုသူနှစ်ယောက်သည် ကယုကသိ တဲပေါ်မှ ဆင်းပြေးသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ သူတို့နောက် လိုက်ကြမယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်က သူတို့ပြေးသွားရာနောက် လိုက်သွားလေ၏။ ကျွန်တော်သည် လင်းမြင့်လှိုင်နောက် ထက်ကြပ်မကွာ လိုက်သွားရချေ၏။ ထိုသူနှစ်ယောက်သည် တဲနောက်ဘက် တောင်ကြောစပ် ဆင်းသွားကြခြင်းဖြစ်၏။

'ထိုတောင်ကြောလေးသည် လူခါးစောင်းလောက်ရှိ တစ်ရာသီခန်အပင်တို့ ပေါက်ရောက်လျက်ရှိချေ၏။

နန္တင်းပင်လို အပင်မျိုး၊ ပီလောပီနံအပင်လိုအပင်မျိုးတို့ ဖြစ်ချေ၏။ ဆေးခါးကြီးပင်လည်း ရှိချေ၏။ သူတို့သည် မြန်လိုက်သည်ဖြစ်ခြင်း။ ကျွန်တော်တို့ တောင်ကြောအဆုံး မြောင်တွင်း ရောက်သွားသည်တွင် သူတို့ ဘယ်ရောက်သွားကြလေသည်မသိ။ အရိပ်အယောင်မျှ မမြင်ရပါချေ။

မြောင်အောက်ဘက် အနည်းငယ်မျှ ဆက်လျှောက်သွားကြလေ၏။

'သူတို့တွေ ကိုလင်းကို မုတ်မိပြီး ပြေးသွားတာဖြစ်မယ်'

'အေးဗျာ... တောထဲမှာကတည်းက ကျွန်တော့်ကို သူတို့ မြင်သွားကြတယ်၊ ကျွန်တော့်ကို ရှောင်ပြေးကြတယ်၊ ကဲ... ကိုပိုက် အပေါ်ပြန်တက်ကြတာပေါ့'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အပေါ်သို့ ပြန်တက်ခဲ့ကြ၏။ သူတို့နေသွားသည့် တဲပေါ်တွင်မတော့ ဖျက်ပြီး ဂျို(ချေ)ကောင် အသားတွဲများကို တွေ့ရ၏။ တဲရှေ့တွင်လည်း ထင်းမီးပုံကြီးတစ်ခုရှိ၏။ ဂျိုသားအချို့ကို တံစို့ထိုး မီးကင်ထား၏။ သွေးသံရဲရဲနှင့် ဖြစ်ချေ၏။

'သည်တဲက သူတို့တဲများလား'

ကျွန်တော် သို့ စဉ်းစားမိ၏။ ကျွန်တော်တို့ ထင်ထားသည်မှာ သူတို့ လူစီမံးနည်းသည်တွေ။ သို့ပေမင့်လို့ သူတို့ သည်ထဲတွင် အသားဖျက်ကြပုံအရဆိုပါလျှင် သူတို့နှင့် ထိုတဲရှင်နှင့် ပတ်သက်မှုရှိနိုင်ချေသဖြင့် တဲအတွင်း လှမ်းကြည့်လိုက်၏။

'တဲရှင်တို့ရှိလား' ကျွန်တော်က မေးလိုက်၏။

အတန်ကြာသည့်တိုင် မည်သည့်တုံ့ပြန်မှုမျှ မရှိပါချေ။

သို့ပေမင့်လို့...

'ဦးကြီးတို့ သည်မယ် ဘာလုပ်နေကြတာလဲ'

သို့အသံကြောင့် တဲအတွင်းလှမ်းကြည့်နေကြရာမှ နောက်သို့ လှည့်ကြည့်လိုက်၏။ ကောင်လေးတစ်ယောက်ပါကလား။ မည်းမည်းတူးတူးလေး ဖြစ်၏။ နားရွက်ကားကား၊ မျက်လုံးမှေးမှေး၊ ပါးစပ်ပေါက်ကျယ်ကျယ် ဖြစ်နေ၏။

ဗိုက်ပူနံကားလေးလည်း ဖြစ်၏။ တစ်ကိုယ်လုံးလည်း ရွံ့လူးနေ၏။ ရွံ့အိုင်တွင်းမှ တက်လာသည်လား မသိပါချေ။

'ငါတို့ ဘာလုပ်တာမြင်တုန်း'

ကျွန်တော်က နောက်ပြောင်လိုဟန်ဖြင့် သို့ မေးလိုက်၏။ သည်တော့ ကောင်လေးက နှုတ်ခမ်းကို တစ်ချက်စူလိုက်ချေပြီး...

'သူများအသားတွေ ခိုးမလို့လား'

'ဟင်...' 'ဘာကွ...'

'နို့... နေပါဦး၊ မင်း သည်တဲကလား'

'ဟုတ်တယ်'

'ဘိုဖြင့် ဃနတ်ကိုထူနဲ့ ဘာတော်လဲ၊ ဘယ်လိုပတ်သက်လဲ'

သို့ ကျွန်တော်က ပြောလေသည်တွင် ကောင်လေးသည် ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်နေလေ၏။ မည်သည့်စကား

www.burmeseclassic.com

မျှတော့ဖြင့် ပြန်ပြောလာခြင်း မရှိပါချေ။ သို့ကြောင့် ...

"ငါမေးတာ ဖြေလေကွာ"

ခပ်မာမာလေသံဖြင့် ပြောလိုက်၏။

သို့ဆိုတော့လည်း ကောင်လေး ကြောက်ရွံ့သွားပုံပင်။ ကြောက်တတ်မှန်း သိလိုက်သည်ကြောင့် ကျွန်တော်က နောက် ပြောင်လို၍ ခါးချိတ်ဓားကို ဖြုတ်လိုက်ကာ ထိုကောင်လေးကို ချိန်ရွယ်လိုက်လေပြီး ...

"ပြောစမ်း ... မင်း သည်တဲကလား၊ သည်တဲကလူ ဘယ်ရောက်သွားတာလဲ" လို့ မေးလိုက်၏။ အသံ အတော်ကလေး မာသွား၏။ တမင်ပြောလိုက်ခြင်း ဖြစ်၏။

သည်တွင် ...

"ယောကျ်ားရင့်မာကြီးလုပ်နေပြီး ကလေးလေးကို ဓားနဲ့ ထားရတယ်လို့ကွာ၊ အံ့ပါရဲ့"

"ဟင် ..."

သို့အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိ၏။

ဘယ်အချိန် ထိုနေရာ ရောက်နေလေသည်မသိ။ အသက် အား(၅)ကျော်ရှိမည်။ လူဗလံလေးတစ်ယောက် ဖြစ်ချေ၏။

လူနှင့် အသံသြစာ လိုက်ဖက်ခြင်းတော့ဖြင့် အလျှင်းမရှိပါချေ။ ကျွန်တော်တို့ လူဗလံလေးကို အာရုံစိုက်နေစဉ် ကောင်လေး ထွက်ပြေးသွားတော့၏။ ကျွန်တော် သဘောကျပြုံးမိ၏။

လင်းခြင့်လွှိုင်သည်လည်း ထိုလူကို သဘောကျ ပြုံးကြည့် နေချေ၏။

"ဘာလဲ ... ငါ့ကို လူဗလံလေးဆိုပြီး အထင်သေးတာလား၊ အေး ... တစ်ခုတော့ ပြောထားရဦးမယ်၊ ငါက ကောင်လေး

လိုတော့ မကြောက်တတ်ဘူးနော်၊ မင်းတို့လို ယောကျ်ားရင့်မာကြီး တွေဖြစ်ပြီး ကိုယ့်ထက်ငယ်တဲ့ ကလေးကို ဓားမိုးမေးကြည့်ရအောင် ညံ့ဖျင်းခြင်း မရှိဘူးကွ၊ အေး ... ငါက မင်းတို့ကို မေးရပါဦးမယ်၊ သည်မယ် ဘာလုပ်နေကြတာလဲ၊ မင်းတို့ ဘယ်သူတွေလဲ၊ ဟိုနှစ် ကောင်က မင်းတို့နဲ့ တစ်ဖွဲ့တည်းလား"

အလာချည်းပါလား။ သို့မေးလည်းမေး ပြူးပြူးပဲပဲလည်း ကျွန်တော်တို့ကို စိန်းစိန်းကြည့်ကာ အနားတိုးကပ်လာ၏။ သူ့လက် တွင်းမတော့ အသွားအပြား လက်လေးလုံးလောက်ရှိ ပေါက်ဆိန် တစ်လက်ကို ကိုင်ထားချေ၏။

ကျွန်တော် သူ့ကို အလစ်အငိုက် ကြည့်နေလိုက်၏။ လက် တွင်းမှ သေနတ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက် ၏။ ထိုသူ သူ့လက်တွင်းရှိ ပုဆိန်ဖြင့် ကျွန်တော်တို့ကို ရန်ပြုလာ ဝါလျှင် ခုခံရန်အလို့ငှာ ဖြစ်ချေ၏။

အန္တရာယ်ပြုမလာနိုင်ပါလို့ တစ်ထစ်ချ ယုံကြည်ထား၍ မဖြစ်ချေ။ ထိုလူကို မျက်ခြည်မပြတ်ကြည့်ကာ သို့ စဉ်းစားထား လိုက်ခြင်းဖြစ်၏။ သို့ပေမင့်လို့ ထိုလူသည် ကျွန်တော်တို့နှင့် တစ်လံ ကွာလောက်အရောက်တွင် ရပ်တန့်လိုက်လေပြီး ...

"မင်းတို့က မုဆိုးတွေလား" မေးလာချေ၏။

"ဟုတ်တယ်" ပြောလိုက်၏။

"ဟိုနှစ်ယောက်နဲ့ ပတ်သက်မှုတော့ ရှိပုံမရပါဘူး" လို့ ပြောလာပြန်ပြီး ထိုသူသည် တဲပေါ် စွေ့ခနဲ တက်ထိုင်လိုက်၏။ ကျီ(ချေ)သားတို့ကို ကိုင်တွယ်ကြည့်နေလေ၏။

"ဒါ ဟိုနှစ်ယောက်ဟာကွ" လို့လည်း ကျွန်တော်တို့ကို ပြောသလိုလိုနှင့် လုပ်ရင်း အသားတွဲတို့ကို မြေနှောက်နေလေ၏။

www.burmeseclassic.com

'ဟိုနှစ်ယောက် ဘယ်ရောက်သွားလဲ'

'ဟင်...'

ကျန်တော် ထိုလူဗလံလေးကို စေ့စေ့ကြည့်လိုက်၏။ သေးအေးသူတစ်ယောက်ဟု ပြောရခိုမှီမည်။ ထိုလူကြည့်ရသည်မှာ အေးအေးဆေးဆေးပင် ဖြစ်ချေ၏။ ကျန်တော်သည်သာ ထိုလူရန်ရှာလာနိုးနိုး သံသယဖြစ်နေပါလေလား။

'အဲဒီနှစ်ယောက်က ကျန်တော်တို့နဲ့ ဘာမှမပတ်သက်ဘူး'

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် လူဗလံသည် ကျန်တော်တို့ကို အံ့သြတကြီး ကြည့်လေပြီး...

'ဘယ်လို... ဘာမှမပတ်သက်ဘူး၊ ဟုတ်ပါပြီ နို့ဖြင့် သူတို့ကို မတွေ့လိုက်ဘူးလား'

သည်တွင် လင်းမြင့်လှိုင်က ကျန်တော်တို့ကိုတွေ့ပြီး ထွက်ပြေးသွားသည်ကို ပြောပြလိုက်၏။

'ဩော်... ဩော်... သိပြီ၊ ဒါ သူခိုးတွေပဲ၊ ဘုရား မကြိုက်တဲ့သူတွေပဲ၊ ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား'

လို့ပြောပြီး အားရပါးရ ရယ်မောနေလေ၏။

'ခင်ဗျား ဘာတွေသဘောကျနေတာတုန်း'

ကျန်တော်က မေးလိုက်၏။

'ဒါသဘောကျစရာပေါ့ကွ၊ သည်ကောင်တွေ လူကောင်းမှတ်လို့ သူတို့ခိုင်းတာ ငါ သွားလုပ်ရတယ်လို့ကွာ၊ အဲလို သူခိုးတွေ မှန်းသိလျှင် ငါ့တဲမှာ ဘယ်လာနေခွင့်ပေးမတုန်း'

'ဟင်...'

'ဘာ... ရှင်းအောင် ပြောပါလားဗျာ'

သို့ ကျန်တော်က ပြောလိုက်၏။

'သည်လိုကွာ... ငါ တဲမှာ သည်တစ်ည အိပ်ခွင့်တောင်းတယ်၊ သူတို့ပစ်လာတဲ့ အမဲကိုဖျက်ပြီး ငါတို့ ရွာသားတွေကို ဆေးမယ်၊ နောက်တစ်နေ့ ငါ့ကို သူတို့ရဲ့ လမ်းပြအဖြစ် လိုက်ခဲ့ဖို့ ပြောတယ်၊ ငါကလည်း သည်တောကို ကျွမ်းတယ်ဆိုတာ သိတော့ ငါ့ကို အကူအညီတောင်းတာပေါ့ကွာ၊ နို့မေမင့်လို့ ငါက သူတို့ကို လေကား လမ်းမပြနိုင်ဘူးလေ၊ ဌေစကားပြောရတာပေါ့'

'ဆက်ပြောပါဦး' ကျန်တော်က စလိုက်ပြန်၏။

'သူတို့ အင်ကြင်းတောကို သွားချင်ကြတယ်၊ ငါ့ကို လမ်းပြခေါ်တယ်၊ အဲဒီတောက ကြမ်းတယ်၊ နို့ကြောင့် ငါ ပိုက်ဆံ များများတောင်းတယ်၊ ရလျှင် လိုက်ပို့မယ်ပေါ့'

'သည်တော့ သူတို့က ဘာပြောလဲ'

'ပေးမယ်တဲ့၊ လိုက်ပို့တဲ့သူတော့ ငါကလည်း တဲမှာ ဘာခွင့်ပေးလိုက်တယ်'

သူတို့ အသားဖျက်နေတုန်း အရက်သောက်ချင်တယ်ဆိုလို့ ငါ အရက်ထွက်ဝယ်ပေးတုန်း မင်းတို့ သည်မှာရောက်နေတာပဲ'

သို့ဆိုတော့ ကျန်တော် ရှင်းသွားချေပြီဖြစ်၏။

'နို့ပေမင့်လို့ ရွာမယ် အရက်ရောင်းလို့လား'

'ဟေ့အေး...'

'နို့ဖြင့် ဘယ်မှာသွားဝယ်ရတာတုန်း'

'သွားဝယ်တာ မဟုတ်ဘူး၊ ဖိုးလှိုင်ညွှန်ဆီ သွားတောင်း ရတာ'

'ဖိုးလှိုင်ညွှန့်ဆိုတာ'

'ကိုယ်တိုင်အရက်ချက်ပြီး သောက်နေတဲ့သူ၊ ငါတို့

www.burmeseclassic.com

သောက်ချင်ရင် သူဆီပဲသွားကြရတာ၊ သူခိုင်းတာလုပ်ပြီး သူ့အရင် သောက်နေတာ၊ ခု ဟိုလူတွေ အရက်သောက်ချင်တယ်ဆိုလို့ သွား တောင်းတာ'

'နို့ဖြင့် သူတို့ကိုရော မခိုင်းဘူးလား'

'ဟင့်အင်း... သူတို့က ဂျီခေါင်းကိုဖြတ်ပြီး ပေးလိုက် တယ်'

'ဖိုးလှိုင်ညွှန့်က ဘာကောင်ဖြစ်ဖြစ် ခေါင်းမှစားတာ'

'ဘာလဲ... ဟိုလူတွေက ဖိုးလှိုင်ညွှန့်အကြောင်း သိလို့ ဂျီခေါင်း ဖြတ်ပေးလိုက်တာလား'

'ထပ်သရီး... ဘယ်ကဟုတ်ရမှာတုန်း၊ ငါက အကြံပေး လိုက်လို့'သို့ ထိုလူဗလဲလေးက ဝါကြွားပြောလာချေတော့၏။

သည်တော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထို လူဗလဲ လေးကို ဘယ်လိုပေါင်းလျှင် အဆင်ပြေနိုင်သည်ကို သိလိုက်ကြ တော့သည်။

'ကဲ... နို့ဖြင့်လည်း ခင်ဗျားလူတွေ မရှိတော့ဘူး ထထွက်ပြေးသွားပြီ၊ သည်တော့ မင်းယူလာတဲ့အရက် ငါတို့ ပေး လိုက်ကွာ'

သို့ လင်းမြင့်လှိုင်က ပြောလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အံ့သြတကြီးကြည့်မိ၏။ ကျွန်တော်တို့ တော အရက်ကြိုက်တာ ကြိုက်တာပဲပေါ့။ သို့ပေမင့်လို့ ကျွန်တော်တို့တွင် ဝီစကီတွေရှိနေတာပဲ၊ တောအရက်ကိုလည်း ကျွန်တော်တို့ နှစ်သက် ကြသည်ဆိုငြား ထန်းလျက်အရက်စစ်စစ်ဆိုလျှင် အကြောင်း မဟုတ်။ ယခုတော့ ဘယ်လိုချက်အရက်မှန်းမသိ။ သို့ကြောင့် လင်းမြင့်လှိုင်ကို ထူးဆန်းသလို ကြည့်မိခြင်းဖြစ်တော့၏။

လင်းမြင့်လှိုင်က မျက်စိမှိတ်ပြလာသဖြင့် ကျွန်တော်သည် တိတ်ဆိတ်နေလိုက်တော့၏။

'ခင်ဗျားတို့ ကြိုက်ပါ့မလား'

'ဘာလို့တုန်း'

'ခင်ဗျားတို့ကြည့်ရတာ လူနတ်ချမ်းသာတွေပုံပေပဲဗျ၊ သည်တောအရက် နံကနံနဲ့၊ ဗဟုတ်မှလည်းလုပ်ပါကွာ'

သို့ လူဗလဲကပြောသည်တွင် လင်းမြင့်လှိုင်သည် သဘော ကျဟန် ရယ်သွမ်းသွေးလိုက်ချေပြီး...

'ဟင်း... ဟင်း... ဟင်း... ဟင်း... ဘယ့်နယ် မကြိုက်ရမှာတုန်း၊ ကျွန်တော်တို့မယ် အကောင်းစားအရက်ပါတယ်၊ ကျွန်တော်တို့ အဲဒါပဲ အမြဲသောက်နေကြရတာလေ၊ ခုလို ကြုံတုန်း ကြုံခိုက် တောချက်အရက်လောက်တော့ဖြင့် တစ်မျိုးပြောင်းလဲ သောက်မလားရယ်လို့'

သို့ လင်းမြင့်လှိုင် ပြောလေသည်တွင် လူဗလဲလေးသည် လင်းမြင့်လှိုင်ကို ယုံကြည်စွာ ငေးကြည့်နေရင်းမှ သူ့လက်ထဲမှ ချက်အရက်ပုလင်းကို ထိုးပေးလာချေပြီး...

'နှစ်ယောက်တစ်လုံးဆို အတော်ပဲ'ဆိုပြီး 'ငါက ဟို နှစ်ကောင်အတွက် ရည်စူးဝယ်လာတော့ သူတို့ မရှိတော့ဘူးဆို တော့ ငါတစ်ယောက်တည်း သောက်မယ်ပေါ့၊ ခုတော့ မင်းတို့ သောက်ချင်တယ်ဆိုတော့ ငါ မသောက်တော့ပါဘူး'

'ဟင်... ဘာလို့တုန်း'

'မလောက်ငမှာစိုးလို့ပါ'

'ခင်ဗျားဗျာ... အဲလို ဘယ်အဖြစ်ခံပါ့မလဲ၊ သုံးယောက် သောက်ကြရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဝင်ပြောလိုက်၏။

"ငါတစ်ယောက်တည်း တစ်လုံးလောက်သောက်တတ်တော့ ဘယ်လိုလုပ် သုံးယောက်မျှသောက်လို့ ဖြစ်မှာတဲ့လဲ"

သို့ ပြောလာသည်တွင် လင်းမြင့်လှိုင်သည် တစ်ချက် စဉ်းစားလိုက်ပြီး သူ့အိတ်ကပ်တွင်းမှ ဝီစကီပြားလေးကို ထုတ်လိုက်လေပြီး လူဗလဲလေးကို ကမ်းပေးလိုက်၏။

"နို့ဖြင့် ခင်ဗျား ဒါကိုသောက်၊ ကျွန်တော်တို့နှစ်ယောက်က တောချက်အရက် သောက်မယ်"

ပြုံးပြပြောလိုက်၏။

လူဗလဲလေးသည် မျက်စိစွေကြည့်လာချေပြီး...

"ဒါ အကောင်းစားအရက်ပဲ၊ ကျေးဇူးတင်တယ်လို့တော့ မပြောဘူးနော်၊ ဘာလို့လဲဆိုတော့ ငါက ဆန္ဒရှိလွန်းလို့ မင်းတို့ဆီက တောင်းတာမှ မဟုတ်တာ၊ ပြီးတော့ အလဲအလှယ်သဘောလို ဖြစ်နေတာကိုး၊ နို့ကြောင့်ပေါ့"

သို့ဆိုလျက် လူဗလဲလေးသည် ဝီစကီပုလင်းဖုံးကို ဖွင့်လိုက်ကာ တစ်ငုံမော့သောက်လိုက်လေ၏။

ဘရားရေ၊ ရေမရောသေးပါကလား။ သို့ကြောင့် လူဗလဲလေးအခြေအနေကို ကြည့်လိုက်၏။ အံ့ဖွယ်ပင် ကောင်းသေးတော့၏။ ရေမရောတာတောင်မှ မျက်နှာတစ်ချက် မပျက်ပါကလား။

"ဟင်... ရေမရောဘဲသောက်တယ်၊ ဟုတ်လား"

ကျွန်တော်က စိုးရိမ်တကြီး မေးလိုက်၏။

"ဟ... မင်းတို့တွေ မြို့သားတွေဖြစ်ပြီး ဒါတောင် မသိဘူးလား၊ အကောင်းဆုံးအရက်ကြီးကို ရေရောသောက်ရမှာ နှမြောစရာကွာ၊ တော်ပါက... ဒါလေးနဲ့ဆို ဟုတ်သေး"

အလာကြီးပါကလား။

"ငါ စာလေးဘာလေး ဖတ်ပါတယ်ကွ၊ ဟိုမှာ စာရေးဆရာ အကိုးကြီးတစ်ယောက် ရေးထားဖူးတယ်၊ ဘာတဲ့... ချက်အရက်တွေ ကောင်းပြီဆိုလျှင်ဖြင့် ဘယ်လောက်ရေရောရော အာနိသင်မပျက်ဘူးတဲ့ကွာ၊ ဟုတ်လည်း ဟုတ်တာကိုး၊ ကျွန်တဲ့အရက်အဲ့ အကောင်းစားတွေပေါ့ကွာ၊ ရေရောသောက်တဲ့အခါ အာနိသင်မှက်သွားတာချည်းပဲကွာ၊ နို့ကြောင့် ငါ သည်အကောင်းစားအရက် အာနိသင်ပျက်မှာစိုးလို့ သူ့ချည်း သောက်လိုက်တာပဲကွ၊ ဟင်း... ဟင်း... ကောင်းမှကောင်းကွာ၊ အနံ့ကလည်း သင်းသင်းလေး၊ ငွေးတို့ ငါ့ကို အစလုပ်တာနဲ့ ငါ ချက်အရက်သောက်ချင်စိတ်တော့ ရှိဘူး၊ ဟင်း... ဟင်း... ဟင်း"

လင်းမြင့်လှိုင်သည် ကျွန်တော့်ကိုကြည့် ပြုံးပြလာ၏။ ပြီးလေမှ...

"ကဲ... ကျွန်တော်တို့ရဲ့ သည်ဂျီ(ချေ)သားမီးကင်လေးနဲ့ ချက်အရက် မြည်းသောက်ကြတာပေါ့ဗျာ"

သို့ဆိုလျက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ချက်အရက်တစ်လုံးကုန်အောင် ရေရောသောက်လိုက်ကြသလို တဲတွင်းသင့်ရှိနေသော ဂျီသားမီးကင်ကို စားလိုက်ကြတော့၏။

လူဗလဲလေးသည် ဝီစကီကို မက်မက်မောမော သောက်နေလေ၏။ ကျွန်တော်တို့ကို ရှိသည်ဟုပင် မှတ်ပုံမရချေ။ ဝီစကီကို ပုလင်းလိုက်မော့သောက်လိုက်၊ ဂျီသားကင် စားလိုက်၊ ဗိုက်ကိုပွတ်လိုက် ဇိမ်ကျနေတော့၏။

ဆက်ရက်မင်း စည်းစိမ်ခံစားနေသည်ဟု ဆိုရချိမ့်မည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

www.burmeseclassic.com

ကျွန်တော်က စကားစမေးလိုက်၏။

'ငါ့ကို ကွယ်ရာမှာတော့ သရဲလေးလို့ ခေါ်ကြတယ်ကွ'

'နို့ဖြင့် ခင်ဗျား နာမည်အရင်းကကော'

'မင်းတို့ မရယ်နဲ့'

'ဘာရယ်စရာရှိလို့တုန်း'

'ငါ့အဘိုးက ခပ်ပေါက်ပေါက်ရယ်'

'ခင်ဗျားပြောတဲ့ ခင်ဗျားအဘိုးအကြောင်းကို သိချင်တာ မဟုတ်ဘူး၊ ကျွန်တော်တို့ ခုလောလောဆယ် သိချင်တာ ခင်ဗျား နာမည်ပဲ'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လူဗလံလေးသည် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်လာချေပြီး...

'အေး... ငါ့နာမည်ပြောဖို့ကိစ္စမှာ အဘိုးအကြောင်း မပြောမဖြစ် ပြောရမှာမို့လို့ပါကွာ'

'နို့ဖြင့်လည်း ပြောဗျာ'

'အေးပါ... အဘိုးက အဲလို ခပ်ပေါက်ပေါက်ဆိုတော့ ငါ့ရုပ်ရည်နဲ့ ဘာမှမဆိုင်တဲ့ နာမည်ကို ပေးခဲ့တာကွ'

'ပြောကြည့်လေ'

'အေးပါ... ခုပြောနေတာပဲ၊ ငါ့အဘိုးက ငါ့အစ်မနဲ့ ငါ့အမေကို ဘာပြောတယ်မှတ်လဲ'

'အရစ်ရှည်ပြန်ပြီ၊ ဘယ်သိပါ့မလဲ၊ ခင်ဗျားပြောပြမှ သိမယ်ပေါ့'

'အေး... ငါလည်း စက မသိဘူးကွ၊ ငါ့အမေကပြောတော့ ငါမမွေးခင် အမွေဗိုက်ကြီးကိုကြည့်ပြီး နင်ယောကျ်ားလေး မွေးမယ်လို့ ပြောတယ်၊ အမေက မယုံဘူး'

လောင်းမလားဆိုပြီး ယောကျ်ားလေးမွေးလာလာလျှင် ငါ့ကို နာမည်ပေးမယ်လို့ ပြောသတဲ့။ သည်တော့ အမေက...

'အင်းပေါ့... ဟောဗျာ... ငါ့ကို မွေးလာတယ်၊ မွေးမွေးချင်း ငါ့ကို နာမည်မပေးသေးဘူးတဲ့၊ ငါလမ်းလျှောက်တတ်တဲ့အချိန်ကျမှ ငါ့ကိုကြည့်ပြီး...

'မင်း သားကို ငါပေးတဲ့နာမည်ကလွဲပြီး တခြား နာမည်ဆေးစရာမလိုဘူးဆိုပြီး အမေ့ခေါင်းကို ခေါင်ခနဲမြည်အောင် ခေါက်ပိုက်ပြီး...

'နင့်သားနာမည် 'ရွှေမင်းသား' လို့ ပြောတယ်တဲ့'

ကျွန်တော်နှင့် လင်းမြင့်လှိုင် ပြုံးလိုက်မိကြ၏။ တကယ်လည်း သူ့ကို လူတွေက နောက်ကွယ်မှာခေါ်ကြသည့် သရဲလေးဆိုသည့်နာမည်မှလွဲ၍ အခြားနာမည်နှင့် သူ လိုက်ဖက်ခြင်း လုံးဝမရှိပါကလား။

'ဘာလဲ... မင်းတို့ ရယ်မိပြီလား'

သို့ပြောသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျက်နှာကို တည်လိုက်လေပြီး လူဗလံကို စေ့စေ့ကြည့်ကာ...

'ရွှေမင်းသား' လို့ ခေါ်လိုက်ကြတော့၏။

'ဘာ...'

'ခင်ဗျားက မင်းသားဆို၊ နို့ကြောင့် ရွှေမင်းသားလို့ ကျွန်တော်တို့ ခေါ်လိုက်တာ၊ နောက်တစ်ခု ခင်ဗျားမှတ်ထားပါ၊ ခင်ဗျားကွယ်ရာမှာလည်း ခင်ဗျားကို ရွှေမင်းသားလို့ပဲ ခေါ်မှာပါ'

'တကယ်လား'

'တကယ်ပေါ့'

'ကောင်းပြီ... မင်းတို့ ကိုငါ ဂုဏ်ပြုတယ်ကွာ၊ ကဲ...

www.burmeseclassic.com

လာ... လာ ဆိုလျက် သူလက်တွင်းမှ ဝိစကိပုလင်းပြားကို မြှောက်လာချေ၏။

ကျွန်တော်သည် လင်းမြင့်လှိုင်၏ မျက်နှာရိပ်မျက်နှာကဲကြည့်လိုက်လေပြီး အရက်ခွက်ကို ကောက်ကိုင်မြှောက်လျက် ဝိစကိပုလင်းပြားနှင့် ထိခတ်လိုက်လေ၏။

'ခွပ်' 'ချလွပ်'

လင်းမြင့်လှိုင်ကလည်း သူ့အရက်ခွက်နှင့် အရက်ပုလင်းပြားကို ထိခတ်လာချေတော့၏။

'ချီးယားစ်'

အို... အလာကြီးပါလား။ လူဗလဲလေးကို လျှော့တွက်လို့ တော့ဖြင့် ရလိမ့်မည်မဟုတ်ပါချေ။

အတော်သို့ အတော်တာ်ပါကလား။ သို့ပေမင့်လို့ လူဗလဲလေးသည် သို့ ချီးယားစ်လုပ်ပြီးနောက် တဲကြမ်းခင်းပေါ်သို့ လဲကျသွားတော့၏။ သူ့လက်တွင်းမှ ပုလင်းပြားသည် ပြုတ်ကျသွားခေ၏။ သို့ပေမင့်လို့ ပုလင်းပြားအတွင်း အရက်တစ်စက်မျှပင် ရှိမနေတော့ပါချေ။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်က် တစ်ယောက်ကြည့်ကာ ပြုံးပြမိကြလေ၏။ သို့ဖြင့် ကျွန်တော်တို့သည် ထိုတဲတွင် တစ်ညတာ စခန်းချလိုက်ကြတော့၏။

နောက်တစ်နေ့နံနက်တွင် အိပ်ရာမှ နိုးထချိန်တွင် လူဗလဲလေးသည် ကျွန်တော်တို့အတွက် နံနက်စာ စီစဉ်ပြီးဖြစ်တော့၏။

အလဲ... တယ်ဟုတ်ပါကလား။ ဂျီသားချက်ဟင်းပါ၏ ထမင်းကြော်ထား၏။ အဖန်ရည်လည်း ပါချေ၏။

'နံနက်ခင်းစာ'

ကျွန်တော်တို့ အားရပါးရ စားလိုက်ကြ၏။

'ညက ပျော်ဖို့ကောင်းတယ်'

သို့ပြောလာသဖြင့် ကျွန်တော်ကျိတ်ပြုံးမိ၏။ ဘာပျော်စရာရှိလို့တုန်း။ သူဘာသာသူသောက်၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ သောက်ကြတာချည်းရယ်။ သူ အစောကြီးခေါင်းသွား၏။

သို့ပေမင့်လို့...

'ဟုတ်တယ် ရွှေခင်းသားရဲ့'

သို့ ပြောလိုက်သည့် လင်းမြင့်လှိုင်ကို လူဗလဲလေးက အံ့သြတကြီး ကြည့်နေလေတော့၏။ သူကို ရွှေမင်းသားလို့ ခေါ်လိုက်သည်ကြောင့် ဖြစ်တော့၏။

'မင်းတို့ ဘယ်သွားကြမှာတုန်း' မေးလေသဖြင့် လင်းမြင့်လှိုင်က ကျွန်တော့်ကို ကြည့်လာချေပြီး...

'ကျွန်တော်တို့ အင်ကြင်းတော သွားကြမလို့'

ပြောလာ၏။ ကျွန်တော် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လိုက်မိ၏။ သို့ပေမင့်လို့ လင်းမြင့်လှိုင်က မျက်နှာရိပ်မျက်နှာကဲပြလာသဖြင့် ကျွန်တော် သဘောပေါက်သွားရချေ၏။

'သွားတာပေါ့'

'နို့ဆိုတော့ 'ရွှေမင်းသား' လိုက်ခဲ့ပါဗျာ၊ လမ်းပြပေါ့၊ ကျွန်တော်တို့ ပိုက်ဆံပေးပါ့မယ်၊ ခင်ဗျားအတွက် လုံလုံလောက်လောက် ဖြစ်စေရပါ့မယ်'

သို့ပြောလိုက်သည်တွင် လူဗလဲလေးသည် ကျွန်တော်တို့ကို အံ့သြတကြီး ကြည့်လာချေပြီး...

'ဘာ... အင်ကြင်းတောသွားမယ်၊ ဟုတ်လား' လို့ မေးလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်လေ'

'ဟင်း...'

လူဗလဲလေးသည် သက်ပြင်းရှည်ကြီး ချလိုက်လေ၏။

'ဘာဖြစ်လို့တုန်း'

ကျွန်တော်က တစ်ဆက်တည်းမေးလိုက်၏။

'ဘာကိစ္စသွားကြမှာလဲ'

'ဟိုနှစ်ယောက်သွားကြတယ်ဆိုတော့ ကျွန်တော်တို့လည်း စိတ်ဝင်စားသွားချင်တာပေါ့' သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

'ဟင်း... ဟင်း... ဟင်း... ငါသိပါပြီကွာ၊ မင်းတို့ ဟိုနှစ်ယောက်နောက်ကို လိုက်ချင်ကြတယ်ပေါ့'

လင်းမြင့်လှိုင်က ကျွန်တော့်ကို လှည့်ကြည့် မျက်စိမှိတ်ပြလေပြီး သူ့ဘက်ပြန်လှည့်ကာ...

'ဟုတ်တယ်... အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ ဂျီကိုယူသွားတဲ့ကိစ္စ ခွင့်လွှတ်ဖို့မသင့်ဘူး၊ အေးလေ... ငါတို့ဂျီယူသွားလို့ ခွင့်မလွှတ်နိုင်တာထက် ရှင်းရှင်းပြောရလျှင် မင်းက်ညာသွားလို့ပါ၊ သူငယ်ချင်းကောင်းပီသစွာနဲ့ သည်ကိစ္စ ရှင်းပေးခဲ့တာပဲကွာ'

'ဟင်...'

သို့ လင်းမြင့်လှိုင် ပြောလိုက်သည်တွင် လူဗလဲလေးတွေဝေသွားတော့၏။ သူ အတန်ကြာကြီး စဉ်းစားလေပြီးမှ...

'တောက်...'

ပြင်းပြင်းထန်ထန် တောက်တစ်ချက်ခတ်လိုက်တော့၏။ ကျွန်တော့် တစေ့တစောင်း ဝေ့ကြည့်လိုက်၏။

'အေး... ငါလည်း မကျေနပ်ဘူး'

'နို့ဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကျွန်တော်တို့ကို အင်ကြင်းတော လိုက်ပို့ချေ၊ သူတို့လည်း အဲဒီမယ် နို့မမဟုတ် တစ်နေရာရာမယ် တွေ့နိုင်တယ်၊ သည်အခါ ကောင်းကောင်းဆုံးမရလိမ့်မယ်'

သို့ဆိုလျက် လင်းမြင့်လှိုင် ဒေါသထွက်ဟန် ပြုလိုက်လေပြီး လက်တွင်းရှိဆေနတ်ဖြင့် ခဝဲလှမ်းလှမ်းရှိ သစ်ပင်ရှိရာသို့ လှမ်းပစ်လိုက်လေတော့၏။

'ဒိန်း...'

လင်းမြင့်လှိုင် သဘောကို ကျွန်တော် သိလိုက်ချေပြီဖြစ်၏။ လူဗလဲလေးကို လှည့်စားကာ စွမ်းရည်ပြ ခြိမ်းခြောက်လိုက်ခြင်း ဖြစ်၏။

'ဟာ...'

ထိုသစ်ပင်ထက်မှ တစ်စုံတစ်ရာ ပြုတ်ကျလာ၏။ လင်းမြင့်လှိုင် ပစ်လိုက်သောကျည်ကြောင့် ဖြစ်ချေ၏။

'မင်း သွားကောက်ခဲ့ချေ'

လင်းမြင့်လှိုင် သို့ပြောလိုက်သည်နှင့် လူဗလဲလေးသည် ဒူတကွတကြွဖြင့် ထိုသစ်ပင်ရှိရာသို့ ပြေးသွားချေ၏။

သူပြန်လာသည်တွင် သူ့လက်ထဲ၌ ရှဉ့်ပေါ်တစ်ကောင် ပါလာချေ၏။

'လက်မှန်းတည့်တယ်ဗျာ'

လူဗလဲလေးက အားရဝမ်းသာဟန်ဖြင့် ရှဉ့်တစ်ကောင်ကို လှမ်းပြကာ ပြောလာချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် လူဗလဲလေး ဦးဆောင်မှုဖြင့် အင်ကြင်းတောရှိရာသို့ ထွက်ခဲ့ကြတော့သည်။

လူဗလဲလေးသည် လူပင်သေးသော်ငြား သန်မာချေ၏။

www.burmeseclassic.com

သူ့အရပ်နှင့် ဆိုဝါလျှင် ချုပုတ်နွယ်ပင်တို့ကြား သွားလာနေသည့် သူ့ကို အဆေးကမြင်ရပါလျှင် သားကောင်ထင်၍ ပစ်ခတ်မိမှမလွဲပင်။

ကျွန်တော်တို့ကို လမ်းပြရွေ့ဆောင်သည်ဆိုပေမင့် သူသဘောနှင့်သူ သွားနေလေခြင်းဖြစ်၏။ သို့ကြောင့် ...

'ငါတို့ကိုလည်း စောင့်ပါဦးကွ' လို့ ပြောလိုပေမင့် လင်းမြင့်လှိုင်က ကျွန်တော့်စိတ်သဘောကို သိလေသည်ကြောင့် မျက်ခိုပ်ပြ ဆိတ်ဆိတ်နေခိုင်းလေသဖြင့် ကျွန်တော် အောင့်အည်းသည်းခံနေရချေ၏။

'ကိုပိုက်ရယ်... သူ့ကို မျက်ခြည်မပြတ်စေနဲ့ပေါ့'

သို့ဆိုသလို လင်းမြင့်လှိုင်ပြောလေသည့်အတိုင်း မျက်ခြည်ပြတ်မခံ ကြည့်နေရခြင်းသည် အလုပ်ပိုတစ်ခုလို ဖြစ်ချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကြပ်လေးတစ်ခုသို့ ရောက်လာလေ၏။

'သတိထားသွားဦးနော်'

သို့ လင်းမြင့်လှိုင်က သတိပေးလိုက်၏။

'နို့ဖြင့်လည်း ရှေ့ကသွားလေ'

သို့ သူက ပြန်ပြောလေသဖြင့် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို မျက်ရိပ်ပြလာချေ၏။ သူ ရှေ့မသွားခိုင်းခြင်း ဖြစ်၏ သို့ကြောင့် ကျွန်တော်သည် သူ့ရှေ့သို့ တက်လိုက်၏။

မြောင်ကြပ်ဆိုလေသည့်အတိုင်း လူနှစ်ယောက် ယှဉ်လျှောက်မရချေ။

'သည်မြောင်အတိုင်း အဆုံးထိသွားရမှာလား'

'ဟုတ်တယ်'

သို့သာ ပြော၏။ သို့ကြောင့် ကျွန်တော်သည် သူ့ကို ဘာမျှမပြောလိုတော့သည်ကြောင့် ရှေ့သို့တိုးလျှောက်လိုက်၏။

မြောင်ကြပ်တစ်ဖက်တည်းတွင် မြေသားနံရံတို့ စိုစိုစွတ်စွတ်ရှိချေ၏။ ဆေးမြင်းခွာပင်နှင့်အတူ တောရောက်ပင်တို့ ရှိချေ၏။ ကြက်ခြမ်းပင် အနည်းငယ်ကိုလည်း တွေ့ရ၏။ အခြား မြေသားကပ်ပေါက် အပင်စိမ်းစိမ်းတို့လည်း ရှိချေ၏။ မြောင်ကြပ်ဖြစ်သည်ကြောင့် အနံ့အသက်မကောင်းလှချေ။

သို့ကြောင့် ကျွန်တော်သည် ထိုမြောင်ကြပ်မှ ထွက်လိုချေပြီဖြစ်၏။ မြောင်အဆုံးရောက်လိုနေပြီ ဖြစ်၏။

မြောင်သည် ဖြောင့်ဖြောင့်တန်းတန်းလည်း မဟုတ်၊ အကွေ့အကောက်များလွန်းလှချေ၏။ သို့ကြောင့် ကျွန်တော်သည် ရှေ့သို့သာ အာရုံစိုက်သွားနေရခြင်းဖြစ်၏။ သို့ကြောင့်လည်း မမျှော်လင့်လေဘဲ အန္တရာယ်နှင့် ထိပ်တိုက်တွေ့ရလေတော့၏။

'ဟာ...'

ချက်ခြင်းရက် ကျွန်တော် ရပ်လိုက်သည်ကြောင့် ကျွန်တော့်နောက်တွင် ပါလာသည့် လူဗလံလေးနှင့် လင်းမြင့်လှိုင်သည်လည်း ရပ်တန့်သွားကြ၏။

'ဘာဖြစ်လို့တုန်း' လင်းမြင့်လှိုင်က မေးလာ၏။

ကျွန်တော်လည်း ဘာကောင်ရယ်လို့တော့ မပြောတတ်ချေပြီ။

'ခွီးလ်...' 'ခွီးလ်...' 'ခွီးလ်...'

မျက်နှာသည် တောခွေးကောင်နှင့် တူချေ၏။ အမြီးသည် ရဲဲ့အမြီးနှင့် တူချေ၏။ ကိုယ်လုံးသည် ကြောင်ကြီးနှင့် တူချေ၏။ ခြေတစ်ဖက်ကား တုတ်တုတ်ခိုင်ခိုင် ခြေဖဝါးသည် ဝံကောင်ကဲ့သို့ ရှိချေ၏။

ကျွန်တော့်ကို တိုက်ခိုက်ရန် မာန်ဆောင်လာလေသည်က ကြောက်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com

ချွန်ထက်သော သွားတို့သည် မညီမညာ ရှိကြချေ၏။
နီရဲသော မျက်လုံးသည် ဝိုင်းစက်နေ၏။

ဘာကောင်ရယ်မသိ။ ထူးဆန်းသတ္တဝါကောင်လို့ သတ်မှတ်ငေးကြောင်ကြည့်နေမိသည်။ တစ်ဒဂံအချိန်ကလေးမှာပင် ထိုသတ္တဝါသည် ရုတ်ခြည်းဆိုသလို ကျွန်တော့်မျက်နှာသို့ ခုန်ဝင်လာချေတော့၏။

'ဟာ...'

ကျွန်တော် ဘာလုပ်ရမည်ကို လတ်တလော မစဉ်းစားမိပါချေ။ သို့ပေမင့်လို့ ကျွန်တော် နောက်ဆုတ်လိုက်သည်တွင် သားသို့ယိုင်သွား၏။ ကျွန်တော့်နောက်မှ လူဗလဲလေးက တွန်းထိုးလိုက်ခြင်းကြောင့် ဖြစ်၏။

'ဒွိုးလ်...'

ထိုသတ္တဝါကောင် ကျွန်တော်နှင့် လက်တစ်ကမ်း မြောင်အတွင်း အရုပ်ကြိုးပြတ်ကျလာချေ၏။ သို့ပေမင့်...

'ဟင်...'

မြေပြင်တွင် ထိုသတ္တဝါကောင် လှုပ်ခါနေ၏။ လည်တိုင်တွင် သွေးတို့ ချင်းချင်းနီနေ၏။ စေ့စေ့ကြည့်လိုက်လေမှ ထိုသတ္တဝါကောင် ဦးခေါင်းပြတ်လျက် ဖြစ်နေခြင်းပါကလား။

ကျွန်တော် လူဗလဲလေးကို ကြည့်လိုက်၏။

'ဟင်...'

သူလက်တွင်း ဘယ်အချိန်က ဓားကစ်လက်ရောက်နေပါလိမ့်။ ထိုဓားကို သွေးစွန်းပေနေလေ၏။

လင်းမြင့်လှိုင်သည် ထိုလူဗလဲလေးကို အံ့သြတကြီးကြည့်နေလေ၏။

ကျွန်တော်သည်လည်း အံ့သြမိသေးတော့၏။
ဓားပါးလေး ဖြစ်ချေ၏။ သံပတ်ဓားဟု ထင်ရချေ၏။
အရှည်ကတော့မူ အရိုးအလွှား နှစ်ပေခွဲခန့် ရှိပေမည်။
သူ့ကို အံ့သြတကြီး ကြည့်နေ၍ ကျွန်တော်တို့နှစ်ယောက်ကို သရော်ပြုံး ပြုံးပြလာချေပြီး...

'သည်လမ်း သည်ခရီး သည်နေရာမယ် သည်ကောင် ရှိလိမ့်မယ်ဆိုတာ ငါကြိုသိထားပါတယ်ကွာ'

'ဟင်...'

'ဘယ်လို... နို့ဖြင့် ကြိုပြောပါလား'

'မလိုအပ်ဘူးလေ... မင်းတို့က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြသူတွေပဲ၊ နို့ကြောင့် ဘာမှမပြောဘဲ လွတ်ထားတာ၊ ဟင်း... ဟင်း...'

သူပြောသည်က အတော်ကလေး အခံရခက်လွန်းလှချေ၏။ ကျွန်တော် အံကြိတ်မိ၍ လင်းမြင့်လှိုင်က လက်ကုတ် သတိပေးလာချေ၏။

ပြီး လင်းမြင့်လှိုင်က...

'ဒါဘာကောင်တုန်း'

'မုဆိုးတွေဖြစ်ပြီး မသိဘူးလား'

သို့ သူပြောလည်း ခံရပေတော့မည်။

'မသိလို့မေးတာပေါ့ဗျာ' သို့တော့ဖြင့် ပြောလိုက်၏။

'အင်း... ဟင်း... ဟင်း... နို့ဖြင့်လည်း မှတ်ထားပေါ့ဗျာ၊ ဒါ ဝံကောင်ပဲ'

'ဗျာ...' 'ဟင်...'

'သူ သည်မြောင်မယ် ကျက်စားနေတာ ကြာပြီ၊ ငါနဲ့

www.burmeseclassic.com

တစ်ခါမှ ခေဆုံဖူးဘူး၊ ခုမှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့၊ ကဲ... ကဲ... သည်ကောင်ကို ထမ်းပိုးလာခဲ့ကြစေ၊ ငါ ရှေ့ကပဲ သွားပါတော့မယ်၊ ရှေ့ကျလျှင် အတက်လမ်းဆွေပဲ၊ မင်းတို့ သိမှာ မဟုတ်ဘူး၊ သည်ကနေ ငါရှေ့ဆောင်သွားမှ ဖြစ်မယ်ရော့မယ်'

သို့ဆိုလျက် လူဗလဲသည် ရှေ့မှ ခပ်သွက်သွက် လျှောက်သွားလိုက်ပြန်လေ၏။ သူလက်တွင်းမတော့ သံပတ်မားပြားတယမ်းယမ်းနှင့် ဝှေ့ယမ်းသွားလေ၏။

'ကဲ... သည်ကောင်ကို ကျွန်တော်ပဲ ကောက်ခဲ့ပါတော့မယ်၊ ကိုပိုက်သာ သူ့ကို မျက်ခြည်မပြတ်စေနဲ့'

သို့ဖြင့် ကျွန်တော်တို့သည် သူ့နောက်မှ ခပ်ခွာခွာလိုက်သွားကြရပြန်၏။ ရှေ့တစ်ကွေ့လောက်တွင်...

'သည်ကောင်နှစ်ကောင် သည်မြောင်ကမ်းအပေါ် တက်သွားကြပြီ' လို့ ပြောလေသဖြင့် အံ့သြတကြီး သူ့ကို ကြည့်မိလေ၏။ မေးငေါ့ပြရာ မြောင်နံရံကို ကြည့်လိုက်၏။

မြောင်အတက်လမ်းတော့ဖြင့် မဟုတ်။ သို့ပေမင့်လို့ နံရံတွင်ပေါက်နေသည့် တောရောက်ပင်အမြစ်သည် လှေကားထစ်သဖွယ် ဖြစ်နေလေခြင်းကြောင့် သူပြောလို့ ထိုနေရာမှ ခိုတွယ်၍ မြောင်လမ်းပေါ်တက်သွားလျှင် ရနိုင်သည်ကို သိပေမင့်...

'နို့... နေပါဦး၊ သည်ကောင်တွေဆိုတာ ဘယ်သူတွေလဲ ပြီးတော့ သည်အပေါ် ခိုတွယ်တက်သွားတယ်ဆိုတာ ဘယ်လိုပြောနိုင်တာတုန်း' လို့ ကျွန်တော်က မေးလိုက်၏။

'ဘယ်သူလို့ပြောမှာတုန်း၊ မင်းတို့ ဂျီကောင်ကိုခိုးသွားတဲ့ သူနှစ်ယောက်လေ'

'ဩော်...'

'သည်အမြစ်ကို အသေအချာကြည့်လေ၊ သည်မယ် တွေ့လား'

သို့ ပြောလာ၏။ ကျွန်တော် သူညွှန်ပြရာ ကြည့်လိုက်၏။ ကျွန်တော်တို့ အမှတ်တမဲ့ဖြင့် သို့ဖြစ်နေခြင်းပင် ထိုတောရောက်ခြစ်ကိုင်းတွင် ဓားခုတ်ရာ လတ်လတ်ဆတ်ဆတ် ရှိနေပါကောလား။

သို့ကြောင့် ကျွန်တော်လည်း ပြုံးပြလိုက်၏။

သူသည် ရွဲပြုံး၊ သရော်ပြုံး ပြုံးပြလာချေ၏။ ရှိစေတော့၊ ကျွန်တော့်အပြစ်မဖဲကိုး။ သူ အထင်သေးလည်း ခံရပေမည်။ သို့ ကျွန်တော် ဖြစ်ရခြင်းသည် သူ့ကိုမလိုတမာ စိတ်စွဲမြဲနေခြင်းကြောင့် ဖြစ်ရလေခြင်းပင်။

လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့် ညင်းညင်းလေးရယ်ပြလာချေ၏။ ကိုပိုက် ခံလိုက်ရသည်ဆိုသည့် သဘောပင်။

သို့ဖြင့် ကျွန်တော်တို့သည် ထိုတောရောက်ပင်အမြစ်ကိုတွယ်၍ မြောင်ကမ်းပေါ် တွယ်တက်ခဲ့ကြတော့၏။ မြောင်ကမ်းပေါ်ရောက်သည်တွင် ခြေပစ်လက်ပစ် နားလိုက်ကြ၏။

လူဗလဲလေးသည်လည်း နားနေလိုက်ခြင်းဖြစ်သဖြင့် တော်သေးတော့၏။ သို့မဟုတ်ပါမူ ကျွန်တော် သူ၏လှောင်ပြောင်ခြင်းခံရနိုင်သေး၏။

ထိုတောင်ကြောပေါ်တွင်မတော့ ကျွန်းပင်များ ကျိုးတိုးကျဲကျဲ ရှိချေ၏။ အောက်ဘက်တွင်မတော့ မြက်ရိုင်းပင်များ ရှိချေ၏။ မြက်ရိုင်းပင်တို့ အတော်များများ ခြောက်သွေ့လျက် ရှိကုန်၏။

ကျွန်တော်တို့သည် တောင်ကြောတမ်းစပ်ရှိ ပျဉ်းပင်အို တစ်ပင်အောက်တွင် နားနေ ထိုင်နေလျက်မှ...

'ကိုပိုက်ရေ... အဆာပြေလေဗျာ' ဆိုလျက် ဝိစကီပုလင်း

www.burmeseclassic.com

ပြားလေးကို 'လင်းမြင့်လှိုင်'က ထုတ်ပေးလာချေ၏။

'မင်းတို့ အရက်သမားတွေပဲ'

သို့ ပြောလာသည့် လူဗလံလေးကို စေ့စေ့ကြည့်လိုက်၏။ သူ့ကို နဂိုကတည်းက မကျေနပ်လေသည်ကြောင့်...

'ရွှတ်ချတာလား'လို့ မျက်နှာထား တည်တည်ဖြင့် မေးလိုက်၏။

'ဘယ်လိုထင်လို့တုန်း'

အလိုလေးဗျာ... သူကလည်း မခေပါလား။ ကျွန်တော် နှုတ်ခမ်းလေးတွန့်ကာ မကျေမနပ်ကြည့်လိုက်ပြီး...

'အဲလိုထင်လို့ပါကွ'ဆိုလျက် သူ့နားရင်းကိုရိုက်ရန် ထိုင်ရာမှထလျက် လက်ရွယ်လိုက်သည်တွင်...

'ဟင်...'

သူ့လက်တွင်းမှ သံပတ်အေးပြားလေးသည် ကျွန်တော်၏ လည်တိုင်သို့ ထိကပ်ချိန်ရွယ်ထားပြီး ဖြစ်တော့၏။

ကျွန်တော် ထင်မထား။ သွက်လက်မြန်ဆန်လွန်းလှပါကလား။ လင်းမြင့်လှိုင်က သို့အဖြစ်အပျက်ကြောင့် မျက်စိမျက်နှာပျက်သွားသော်ငြား...

'အင်း... ဟင်း... ဟင်း... ခင်ဗျားကလည်းဗျာ အချင်းချင်းတွေ ဘာလို့ အဲလိုဖြစ်ရမှာတုန်း'လို့ လူဗလံလေးကို မျက်နှာချိုသွေး ပြောလိုက်မေမင့် လင်းမြင့်လှိုင်၏ သေနတ်ပြောင်းဝသည် လူဗလံလေး၏ နံကြားသို့ထောက်ထားပြီး ဖြစ်တော့၏။

သို့ကြောင့် လူဗလံလေးသည် လင်းမြင့်လှိုင်ကို မျက်စောင်ထိုးကြည့်လိုက်လေပြီး...

'ငါကလည်း ကျီစယ်တာပါကွ'လို့ ပြောလာချေ၏။

ပြီးဖြီးဖြီးလည်း လုပ်ပြလေ၏။

'ဟင်း... ဟင်း... ဟင်း'

ကျွန်တော့်လည်တိုင်မှ ဓားပြားလေးသည်လည်း မြေပေါ်သို့ ကျသွားတော့၏။

လင်းမြင့်လှိုင်၏ သေနတ်ပြောင်းဝသည်လည်း လူဗလံလေး၏ နံကြားမှ ရွေ့ဖယ်ကာ...

'ဒိန်း...'

လူဗလံလေး၏ ခါးနောက် တစ်လမအကွာလောက် ရောက်လေသည်တွင် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ ထွက်ပေါ်လာလေ၏။

ဘုရားရေ... လင်းမြင့်လှိုင်နေရင်း ကျည်တစ်တောင့်ဖြုန်းသော လူဗလံလေးကို ခြိမ်းခြောက်လေခြင်းရယ်လို့ ထင်ရပေမင့်...

'ဟာ...' 'ဟင်...'

လူဗလံလေးရော ကျွန်တော်ပါ အံ့အားသင့်သွားကြတော့၏။ လူဗလံလေးနှင့် မဝေးလောက်သော နေရာတွင် လုံးပတ်ကောက်ဝတ်လောက်ရှိကာ အရည်ဆယ်ပေလောက်ရှိသည့် အကြေးခွံမည်းမည်း မျက်လုံးရဲရဲရှိသည့် တောကြီးမြွေဟောက်တောင် မြေတွင် လူးလိမ့်နေချေတော့၏။ အတန်ကြာတွင် ငြိမ်သက်သွားတော့၏။

'ဘုရားရေ...'

လူဗလံလေး လုံးဝအံ့အားသင့် ထိတ်လန့်တကြားဖြစ်သွား၏။ ပြီး လင်းမြင့်လှိုင်ကို လှည့်ကြည့်လေပြီး...

'ကျေးဇူးဝင်တယ်ကွာ'လို့ ပြောလာတော့၏။

လင်းမြင့်လှိုင်က ပြုံးစိစိလုပ်နေလေပြီး...

www.burmeseclassic.com

www.burmeseclassic.com

'မင်းကို သည်ကောင် ချောင်းနေတာ၊ နို့ကြောင့် မင်း လူပ်လိုက်တာနဲ့ သူက ခဲတော့မှာဆိုတော့ လတ်တလော ငါက မင်းငြိမ်သက်နေအောင် နံကြားကို သေနတ်နဲ့ ထောက်ထားရတာပါ ကွာ၊ မင်း ကိုပိုက်ကို ဓားနဲ့ရှယ်ထားတာကြောင့် မဟုတ်ပါဘူး မင်း ကိုပိုက်ကို ဘာမှမလုပ်ဘူးဆိုတာ ငါသိပြီးသားပါ'

လို့ ပြောလိုက်လေ၏။ သည်တွင် လူဗလဲလေးက...

'ဟင်း... ဟင်း... ဟင်း... မင်း ဘယ်လိုတွေးမိတာ တုန်း' လို့ မေးလိုက်ပြန်၏။

'မင်း ငါတို့ကို လိုအပ်နေတယ်ဆိုတာ ငါသိပြီးသားပါ'

'ဟင်...'

လူဗလဲလေး လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်နေလေ၏။

ကျန်တော်သည် လင်းမြင့်လှိုင် ဘာတွေသိနေသည်ကို မစဉ်းစားနိုင်လောက်အောင် ဖြစ်ရတော့၏။ သို့ပေမင့်လို့ ကျန်တော် ဘာမျှမမေးပါတော့ချေ။

သို့ဖြင့် ကျန်တော်တို့သည် ထိုနေရာလေးတွင် အတန်ကြာ မျှ နားနေကြပြီးနောက် မြက်ရိုင်းပင်တို့ကို နင်းဖြတ်ကာ ထိုတောင် ကြောအတိုင်း ဆက်သွားကြလေ၏။ ထိုတောင်ကြောအတိုင်း လျှောက်ခဲ့ကြရာမှ တောင်ကြောသည် တဖြည်းဖြည်း ပြန့်ကျယ် လာသည်ကို သတိပြုမိသည်ကြောင့်...

'ကိုလင်းရေ... သည်လိုနေရာလေးက တောင်ပေါ် မြေပြန့်လိုပါကလား' လို့ ပြောမိချေ၏။

ထိုမြေပြန့်တွင်မတော့ ဝါးတောများ ရှိချေ၏။ ဖင်လုံး ဖြောင့်သစ်ပင်ကြီးများ ရှိချေ၏။ ကျန်တော်တို့ တောင်ကြောပေါ်

တက်ခဲ့သည်ဆိုပေမင့် မြေပြန့်တွင် လျှောက်သွားနေကြသည်ဟု ထင်ရချေ၏။

ကျန်တော်တို့ တောတိုးလျှောက်ခဲ့ရာမှ ဝါးတောအစပ်သို့ ရောက်သည်တွင် လူဗလဲလေးသည်...

'ဟာ... ဟိုမယ်၊ ဟိုမယ်' ဆိုလျက် ဝါးတောအတွင်း ပြေးသွားလေသည်ကြောင့် ကျန်တော်နှင့် လင်းမြင့်လှိုင်သည် အံ့သြ ဘကြီး လူဗလဲလေး ပြေးသွားသည်ကို ငေးကြောင်ကြည့်မိကြ တော့၏။

လူဗလဲလေး ဘာတွေ့၍ ပြေးသွားလေသည် မသိ။ ကျန်တော်တို့ကမူ ဘာကိုမျှ မမြင်တွေ့ပါချေ။ သို့ ငေးကြည့်နေမိ သည့်အခိုက်မှာပင် လူဗလဲလေးသည် ချုပ္ပတ်ပင်တို့နောက် ဝင် ရောက်ပျောက်ကွယ်သွားသဖြင့်...

'ဟာ... ကိုလင်း၊ သူနောက် အလျင်မီလိုက်သွားကြစို့ ဟု၊ တော်နေ သူနဲ့ လူကွဲ မျက်ခြည်ပြတ်သွားဦးမယ်'

'ဟာ... ဟုတ်သဗျ'

သို့ တွေးမိသည်ကြောင့် ကျန်တော်နှင့် လင်းမြင့်လှိုင် သည် လူဗလဲလေး ဝင်ရောက်ပျောက်ကွယ်သည့် ချုပ္ပတ်ပင်တို့ နောက် ပြေးလိုက်သွားကြတော့၏။

'ဟာ...'

'ဟင်...'

လူဗလဲလေးကို တကယ်ပဲ မျက်ခြည်ပြတ်သွားရချေပြီ ဖြင့်၏။

'ဘယ်လိုလုပ်မလဲ'

ကျန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်သည် ဟိုသည်ကြည့် အံကိုကြိတ်၍ စဉ်းစား နေချေ၏။ သို့ရှိစဉ်...

'အား...' 'အား...'

လူနှစ်ယောက်၏ ထိတ်လန့်တကြား အော်သံကိုပင် ကြား လိုက်ကြရ၏။

အသံနှစ်မျိုး ဖြစ်လေခြင်းကြောင့် နှစ်ယောက် ဖြစ်ခို့ မည်။ တစ်ယောက်က လူဗလံလေးဆိုပါလျှင် နောက်တစ်ယောက် သည်နေရာတစ်ဝိုက်တွင် ရှိနေမည်ဟု မှန်းရပေလိမ့်မည်။

'ကိုပိုက် မြန်မြန်လာချေဗျာ၊ 'လူဗလံလေး ဘယ်လို အန္တရာယ်နဲ့ ကြုံနေပြီလဲ မသိဘူး'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် အသံလာရာသို့ ပြေးသွား လေသဖြင့် ကျွန်တော်သည်လည်း လိုက်သွားတော့၏။

'ဟာ...' 'အား...'

လွန်မင်းစွာ ထိတ်လန့်ဖွယ်မြင်ကွင်း ဖြစ်သွားရချေတော့ ၏။ ကျွန်းပင်ကြီးအောက်ခြေတွင် မောက်ခုံကြီး လဲကျနေကြ၏ သူတို့၏ လည်ကုပ်တစ်ဝိုက် သွေးတို့ စိုရွဲကျနေလေ၏။

ခေါင်းတခြား ကိုယ်ထခြား မဖြစ်ရုံတမယ်ပင် သူတို့ နှစ်ယောက်နှင့် မလှမ်းမကမ်းတွင် လူဗလံလေးရှိနေ၏။ သို့မေမင့်လို့ သူသည်လည်း ဝိုးလိုးပက်လက် လဲကျနေလေ၏။

'ခင်ဗျား ဘာဖြစ်သွားသေးလဲ'

ကျွန်တော်က လူဗလံလေးကိုမေ့ယူမေးလိုက်၏။ မျက်လုံး လေး ကလယ်ကလယ်ဖြင့် ကျွန်တော်တို့ကို ငေးမောကြည့်နေလေ၏

'မင်း ဘာဖြစ်သွားသေးလဲ'

လင်းမြင့်လှိုင်ကပါ မေးလေ၏။ ဓကားပြောမရသည်

အား၊ မပြောချင်သည်ကြောင့်လားမသိ ခေါင်းကိုသာ ခါပြလေ၏။

'ဟင်... ခင်ဗျားဓားရော' ကျွန်တော်က မေးလိုက်၏။

'ငါ့ဓားကို လူတစ်ယောက် လုယူသွားတယ်၊ ငါ့ကိုလည်း ခုလိုလုပ်သွားတယ်'

'ဟေ...'

ကျွန်တော်တို့ အံ့သြတကြီး ဖြစ်သွား၏။ လူဗလံလေး သည် ထထိုင်လာချေပြီဖြစ်သည်ကြောင့် ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် ဒဏ်ရာဖြင့်လဲကျနေသည့် လူနှစ်ယောက်အား ပြေးလွှား ကြည့်လိုက်ကြပြန်၏။

'ဟာ...' 'ဟင်...'

မောက်ခုံအနေအထားကို လှန်လိုက်သည်တွင် တွေ့လိုက် ရသည့် သူတို့မျက်နှာများကြောင့် အံ့အားသင့်မိသေးတော့၏။

ကျွန်တော်တို့ထံမှ ချေ(ဂျီ)ကောင်အသေကို ထမ်းပြေး သွားသူများသာ ဖြစ်ချေ၏။ သူတို့ သေဆုံးရခြင်းသည် လည်ပင်းကို ဓားဖြင့် ဖြတ်ခံရလေခြင်းကြောင့် ဖြစ်ချေ၏။ ဘယ်သူများ လုပ် လိုက်တာပါလိမ့်။ ကျွန်တော်သည် လူဗလံလေးကို သက်ာမကင်း ဖြင့် ကြည့်လိုက်လေ၏။

'ခင်ဗျားလုပ်လိုက်တာတော့ မဟုတ်လောက်ပေဘူးပေါ့'

သို့ လင်းမြင့်လှိုင်က မေးလိုက်၏။

ဘုရားရေ... ငါ့တောင် သူများ မောက်ကနေချောင်းရိုက် သွားလို့ မောက်နေတာ မင်းတို့အမြင်ပဲ၊ ငါ့ဓားပြားကိုလည်း ယူသွား ကြတယ်လေ၊ ငါ သည်ရောက်ကတည်းက သည်နှစ်ယောက် အလောင်းတွေ့တာပဲ၊ တစ်ယောက်ယောက် သတ်သွားတာပေါ့၊ ငါ့ကို ဆောင် ခုလိုလုပ်သွားတာလေ၊ ငါ့ဓားကိုလည်း ယူသွားလေရဲ့'

www.burmeseclassic.com

'ဘယ်သူလဲဆိုတာ ခင်ဗျားမသိပေဘူးလား'

'ဘယ်လိုသိနိုင်မှာတုန်း'

သို့သော် လူဗလဲလေးက ပြောလေ၏။

'သူတို့ လည်ပင်းကို ခုတ်ဖြတ်သွားတဲ့ ဓားက ခပ်ညည်းညည်း မဟုတ်ပေဘူးကွ၊ ပြီးတော့ ပါးပါးလေး လည်ပြတ်နေကြတာလေ (တကယ်တော့ ပြတ်လုပြတ်ခင်သာလျှင် ဖြစ်ချေ၏)

'တကယ်ပဲ ခင်ဗျားမဟုတ်လောက်ဘူးလား'

'နှစ်ကယ်ကွာ... နှစ်ကယ် မင်းတို့ စဉ်းစားဉာဏ် မရှိလေဘူးလား၊ သည်လူနှစ်ယောက်က ငါ့ထက် ထွားထွားကျိုင်းကျိုင်းကြီးတွေကို ဘယ်လိုလုပ် ငါက နှစ်ယောက်လုံးကို တစ်ပြိုင်နက် သတ်ဖြတ်နိုင်မှာတုန်း'

သို့ လူဗလဲလေးပြောသည်လည်း ဖြစ်နိုင်ချေရှိလေတော့၏။

'နို့ဖြင့် သည်လူမယ် သေနတ်ရှိပါတယ်၊ အဲဒီသေနတ် ဘယ်ရောက်သွားတာပါလိမ့်'

သို့ ကိုလင်းပြောလေမှ သူတို့ထံမှာ သေနတ်တစ်လက် ရှိနေခဲ့သည်ကို သတိရလိုက်တော့၏။ ဟုတ်ပါ့။

'ကိုလင်းရေ... တကယ်တော့ သူတို့ အင်ကြင်းတောကို ထွက်သွားကြတာ ဖြစ်နိုင်ချေများတယ်ဗျ၊ ဘယ်လိုက ဘယ်လို ခုလို သတ်ဖြတ်ခံလိုက်ရတာပါလိမ့်'

'ငါလည်း အဲဒါသိချင်နေတာ'

သို့ လူဗလဲလေးက ပြောလာလေ၏။ သို့ ပြောလာသည် လူဗလဲလေးကို ကျွန်တော် စေ့စေ့ကြည့်လိုက်မိ၏။ အမှန်တကယ်ပင် သူနှင့် မပတ်သက်ကြောင်း သူမျက်နှာတွင် ပေါ်လွင်နေသည်ဟု ထင်ရချေ၏။ ဟန်ဆောင်ကောင်းလွန်းသူ ဆိုပါက ကျွန်တော်

ထင်မြင်ချက် လွဲမှားကောင်း လွဲမှားပေလိမ့်မည်။

'ကဲ... ငါတို့တွေ အင်ကြင်းတော သွားကြစို့'

'နေဦး'

သို့ဆိုလျှက် ကျွန်တော်က အလောင်းနှစ်လောင်းကို ကြည့်လိုက်၏။ ကျွန်တော် ဘာဖြစ်ချင်သည်ကို ရိပ်မိသွားဟန်တူသည် လူဗလဲလေးက...

'ဒါ လူသတ်မှုလေ၊ ငါတို့နဲ့ဆိုင်တာ မဟုတ်ဘူး၊ သည်အတွက် ကြားဝင်မပတ်သတ်ချင်စမ်းပါနဲ့၊ သည်အလောင်းတွေ သူ့ဘာသာထားလိုက်ချေ၊ အလောင်းတွေကို သွားထိ သွားကိုင်လေမှ ဒုက္ခကို အမှုပတ်နေလိမ့်ဦးမယ်၊ ဖိုးစိန်အကြောင်း ငါကောင်းကောင်းသိတယ်'

'ဟင်... ဖိုးစိန်ဆိုပါကလား၊ ဘယ်သူပါလိမ့်၊ ဘယ်လို သတ်သတ်ပါလိမ့်'

သို့ကြောင့်...

'ဖိုးစိန်... ဟုတ်လား၊ ဘယ်သူတုန်း'

ကျွန်တော်က မေးလိုက်၏။ သည်တွင် လူဗလဲလေးက အမျှပျက်သွားသည်ကို သတိပြုမိလိုက်၏။ သူ လွှတ်ခနဲ ပြောလိုက်မိသည်ကြောင့် နောင်တရသွားဟန်လည်း တူချေ၏။

'ငါပြောလိုက်မိလား'

'ပြောတယ်လေ၊ ဖိုးစိန်အကြောင်း ငါကောင်းကောင်း ဆိုဆုံးလို့ ပြောလိုက်တယ်၊ ကျွန်တော်လည်း ကြားတယ်၊ ကိုလင်းလည်းကြားတယ်'

'ဟုတ်တယ် ကြားတယ်၊ ဖိုးစိန်က ဘယ်သူလဲ၊ သူ့အကြောင်းသိလျှင် ပြောပြစမ်းပါ၊ ကျွန်တော် စိတ်ဝင်စားတယ်'

www.burmeseclassic.com

သို့ လင်းမြင့်လှိုင်ကပါ ဝင်ပြောလေသဖြင့် လူဗလံလေး သည် တွေဝေသွားလေပြီး…

'ငါတို့က အစိုးရိမ်လွန်သွားတာများလား မသိပါဘူးကွာ၊ ဖိုးစိန်ဆိုတာ သည်အလောင်းကောင်တွေနဲ့ ပတ်သက်နိုင်လိမ့်မယ် မဟုတ်ဘူး၊ ဖိုးစိန်အကြောင်း ပြောပြဆိုလျှင် ပြောရတာပေါ့'

'ပြောကြည့်ပါဗျာ'

'ဖိုးစိန်ဆိုတာ'

သို့ စကားစလိုက်လေပြီး အရပ်လေးမျက်နှာသို့ စိတ်မလုံဟန်ဖြင့် ဝေ့ဝိုက်ကြည့်လိုက်ချေပြီး…

'စိတ်ဆတ်တယ်၊ ဒေါသကြီးတယ်၊ နို့ပေမင့်လို့ မခုတ်တတ်တဲ့ကြောင်လို နေတတ်တယ်၊ တစ်ယောက်တည်းနေတယ်၊ သူ့သားကို သူသိပ်ချစ်တာလေ'

'ဝုန်း…' 'ဟာ…' 'ဟင်…'

သို့ ပြောနေစဉ် ကျွန်တော်တို့မှာ မဝေးလောက်သော နေရာဆီမှ အသံကြားလိုက်လေသဖြင့် လူဗလံလေး ထိတ်လန့်သွားချေ၏။

'ဘာဖြစ်တာလဲ'

ကျွန်တော်က လင်းမြင့်လှိုင်ကို ကြည့်မေးလိုက်၏။ လင်းမြင့်လှိုင်ကလည်း အသံလာရာသို့ လှည့်ကြည့်လိုက်လေ၏။ ခေါင်းခါပြလာချေသဖြင့်…

'လာဗျာ ကိုလင်း၊ အဲဒီသွားကြည့်မယ်' လို့ ပြောပြီး လင်းမြင့်လှိုင်ကို မျက်ရိပ်ပြလိုက်၏။

'အာမ မဟုတ်လောက်ပါဘူးကွာ၊ သစ်ပင် သစ်ကိုင်းကျိုးကျတာဖြစ်မယေ့'

လို့ ပြောလာချေ၏။ မျက်စိမျက်နှာတော့ မူပျက်နေလေ၏။ သို့ကြောင့်…

'နို့ဖြင့်လည်း ခင်ဗျားပြောနေတာ ဆက်လေ၊ ဖိုးစိန်အကြောင်းပေါ့'

လို့ ကျွန်တော်က သူ့ကို သက်သာမကင်းဖြစ်ရသည်ကြောင့် သွေးတိုးစမ်း မေးလိုက်၏။ သည်တွင် လူဗလံလေး သည် မျက်စိမျက်နှာပျက်သွားသည့်ပြင် သူနှုတ်ခမ်းသည် မသိမသာ တဆတ်ဆတ်တုန်နေလေ၏။ သူတစ်ခုတစ်ရာကို တွေးပူနေကြောက်လန့်နေဟန် ဖြစ်ချေ၏။ အတန်ကြာလေမှ…

'ငါ ဖိုးစိန်အကြောင်း ဒါလောက်ပဲသိတာ၊ ကဲ… ကဲ… မြန်လာကြချေ၊ ဆင်စွယ်စခန်း ရွာစုကို မိုးမမှောင်ခင်ရောက်မှဖြစ်မယ်'

သို့ပြောလျက် ရှေ့မှ ခပ်သွက်သွက် ထွက်သွားလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် နောက်မှ လိုက်သွားရချေတော့၏။ သို့ဆိုပေမင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိ၏။

ဘာကြောင့်ရယ်မသိ စိတ်ထဲတွင်တစ်မျိုးဖြစ်နေသဖြင့်ပင်-

'ဟာ…' 'ဟင်…'

'ဝုန်း' ရယ်လို့ အသံကြားလိုက်ရသည့် နေရာလောက်ရှိတဲ့နှယ်ပင်တစ်ခုနောက်ကွယ်မှ အရိပ်သဏ္ဌာန် တွေ့လိုက်သဖြင့် ရပ်ကြည့်လိုက်သည်တွင် လူတစ်ယောက် ကျွန်တော်တို့ကို လှမ်းမြောင်းနေကာ လှည့်ထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် အံ့သြမိသေးတော့၏။

'ကိုပိုက် မြင်လိုက်လား'

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်က မေးလာ၏။

"မြင်တယ်"

"ဘယ်သူထင်လဲ"

"ကျွန်တော့်အထင် ပြောရလျှင်ဖြင့် ရွာထိပ်ထဲက အဘိုးအိုလားလို့"

"ကျွန်တော်လည်း အဲလိုထင်မိတယ် ကိုပိုက်"

"ဘယ်လိုလုပ်မလဲ"

ကျွန်တော်က အဘိုးအိုနောက် လိုက်ကြည့်လိုသည့် သဘောဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ကိုပိုက်... ကျွန်တော်တို့ လူဗလဲလေးနောက်ကို လိုက်သွားတာ အကောင်းဆုံးဖြစ်မယ်ဗျ။ သည်အဘိုးအိုက ကျွန်တော်တို့ကို ချောင်းနေတာမြင်ရဲမှန်လျှင် ကျွန်တော်တို့နောက်ကို ဆက်လိုက်နေမှာ ဆိုတော့ အထွေအထူး သူ့နောက်လိုက်စရာ မလိုတော့ဘူးလေ"

လင်းမြင့်လှိုင်ပြောသည်လည်း ဖြစ်နိုင်မေ၏။

"ကဲ... နို့ဖြင့် ခပ်သွက်သွက်လျှောက်ဗျ။ လူဗလဲလေးကို မျက်ခြည်ပြတ်သွားချေဦးမယ်"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လူဗလဲလေးနောက် အမီလိုက်သွားကြပြန်၏။

"နို့... နေပါဦး၊ ဆင်စွယ်စခန်းဆိုတာ"

သို့ ကျွန်တော်က လူဗလဲလေးနားရောက်သွားသည်နှင့် မေးလိုက်၏။

"မင်းတို့ သိမှာမဟုတ်ဘူး၊ ဒါ ငါတို့မေးထားတဲ့ နာမည်နို့မေမင့်လို့လည်း သည်နယ်တစ်ဝိုက်က လူတွေက ဆင်စွယ်စခန်းဆိုလျှင် သိတယ်"

"ရှင်းပြလို့ မရဘူးလား" ကျွန်တော်က မေးလိုက်ပြန်၏။

"ဘာလို့မရမှာတုန်း၊ ငါတို့ အမဲလိုက်သွားခဲ့တုန်းက ကျိုးပဲ့ပြီး မြေထဲမြုပ်နေတဲ့ ဆင်စွယ်တစ်ချောင်း တွေ့လိုက်တဲ့ နေရာမို့ ဆင်စွယ်စခန်းသို့ သမုတ်လိုက်တာယ်၊ ပြီးတော့ အဲဒီနေရာ ဧးက စခန်းချလို့ကောင်းတယ်လေ၊ ငါးခုတ်၊ သစ်ခုတ် အမဲလိုက်သွား ပျားဖွတ်သမားတွေ အဲဒီနေရာမယ် စခန်းချတတ်ကြတယ်၊ နို့ကြောင့် ငါတို့ သမုတ်လိုက်တဲ့ ဆင်စွယ်စခန်းဆိုတာကို သူတို့လည်း သတ်မှတ်လိုက်ကြတယ်လေ"

"ဩော်..."

ကျွန်တော် သဘောပေါက်သွားချေ၏။ ကျွန်တော် သစ်ဆာဝန်ထမ်းဘဝက တောတောင်ထဲတွင် သွားလာ စခန်းချလေ့ သည်တွင် ထိုနေရာတစ်ဝိုက် ထူးခြားမှုတစ်ခု ရှိပါက ထိုနေရာကို နာမည်ပေးကင်ပွန်းတပ်ခဲ့ဖူးသည် မဟုတ်ပါကလား၊ ဆိုပါစို့... ချောင်းမြောင်တစ်ခုတွင် ပြောင်သေတစ်ကောင် တွေ့ခြင်းကြောင့် ထိုနေရာကို ပြောင်သေမြောင်ဟု ကင်ပွန်းတပ်လိုက်ကြ၏။ စပါးကြီးတွေ မကြာခဏတွေ့သော နေရာကိုမူ စပါးကြီးမြောင်ဟု ခေါ်ကြ၏။ ကျွန်တော်တို့စခန်း တဲပတ်ဝန်းကျင်တွင် သစ်ခွပန်းများ အတွေ့များသည်ကြောင့် ပန်းပုပ်ကြီးစခန်းဟု ခေါ်ကြလေ၏။

ပန်းပုပ်ကြီးဆိုသည်မှာ တောတောင်တွင် သွားလာလုပ်ကိုင်နေသူများက သစ်ခွမျိုးနွယ်ကို ပန်းပုပ်ပင်ဟု ခေါ်ကြလေ၏။

"နို့ဖြင့် အဲဒီ ဆင်စွယ်စခန်းဆိုတာ လူမပြတ်ရှိတဲ့ စခန်းလား"

ကျွန်တော်က မေးလိုက်ပြန်၏။

"ရောက်တဲ့အခါ သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

သို့သာပြောလျက် ရှေ့ဆက်တောတိုးသွားလေသဖြင့် ကျွန်တော်သည် သူ့အား မကျေနပ်သော်လည်း မျက်စောင်းခိုတ် ကြည့်လိုက်ကာ...

'နို့ဖြင့်လည်း ပြီးတာပါပဲ' လို့သာပြောလျက် နောက်ပြန် လိုက်သွားရတော့၏။ လင်းမြင့်လှိုင်သည် ပြုံးစိစိဖြင့် ကျွန်တော့်ကို ကြည့်လာချေတော့၏။

'အခွင့်သာလျှင် ကောင်းကောင်းဆုံးမရဦးမယ်' လို့ အရှက်ပြေ ပြောလိုက်၏။

သို့ တောတိုးလျှောက်ခဲ့ကြရာမှ...

'ဟာ...' 'ဟင်...'

ကျွန်တော်တို့ရှေ့မှ သွားနေသော လူဗလဲလေးသည် ရုတ်ခြည်းဆိုသလို လဲပြိုသွားကာ ဇောက်ထိုးမိုးမျှော်ဖြစ်သွားခဲ့လေ၏။ လူဗလဲလေး ထောင်ချောက်မိသွားချေပြီ။

ကျွန်တော်တို့အထက် ပေနှစ်ဆယ်အမြင့်လောက်တွင် ဇောက်ထိုးတန်းလန်း ဖြစ်နေချေ၏။

'ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား'

ကျွန်တော်က သဘောကျ ကျေနပ်စွာရယ်မော ကြည့်နေလိုက်၏။

လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိသေနတ်ဖြင့် တန်းလန်း ဖြစ်နေသည့် ကြိုးကို ပစ်ဖြတ်ရန် ချိန်ရွယ်လိုက်၏။

'ဒိန်း...'

'ဘုရား...'

'ဟာ...' 'ဟင်...'

လူဗလဲလေး၏ ခြေကျင်းဝတ်တွင် စွပ်မိနေသည့် ကြိုးကို ကျည်သည် ဖြတ်သွားချေ၏။ သို့ပေမင့်လို့ လူဗလဲလေးသည် မြေပြင်သို့ အရှပ်ကြိုးပြတ်ကျလာလေ၏။

'အား... အား... အား'

လင်းမြင့်လှိုင်က လူဗလဲလေးထံ ပြေးသွားမေ့ထူလိုက်၏။ အတော်နာသွားပုံရချေ၏။

'သားကောင်ကျော့ကွင်းမမိဘဲ လူမိရတယ်လို့'

လင်းမြင့်လှိုင်က ပြောလိုက်၏။

'ဒါ သားကောင်ကို ထောင်ချောက်ဆင်ထားတာ မဟုတ်ဘူး၊ လူကို ဆင်ထားတာ'

'ဘယ်လိုပြောနိုင်တာတုန်း'

လင်းမြင့်လှိုင်က မေးလိုက်၏။

'သည်ကျော့ကွင်းထောင်ချောက်က 'ဖိုးစိန်' ထောင်ထားတာ'

'ဟေ...'

'အတပ်ပြောနိုင်တယ်ဟေ့'

လင်းမြင့်လှိုင်က မေးလိုက်၏။

'ဟုတ်တယ်'

'ဘယ်လိုကြောင့်လဲ ဒါ တောတောင်ထဲမယ် သားကောင်ကို ထောင်ချောက်ဆင်ဖမ်းကြတာပဲ မဟုတ်လား'

သည်တော သည်တောင်မှ ဖိုးစိန်က ကျော့ကွင်းထောင်ချောက်ကို လုပ်လေ့ရှိသူပဲ၊ နို့ပေမင့်လို့ သူက တောကောင်တွေအတွက် ဘယ်တုန်းကမှ အသုံးမချတတ်ဘူး၊ လူတွေအတွက်ပဲ အသုံးပြုတာ'

သို့ ပြောလာသည့် လူဗလဲလေးကို ကျွန်တော်နှင့် လင်း

www.burmeseclassic.com

www.burmeseclassic.com

မြင့်လှိုင်သည် စိတ်ဝင်တစား ကြည့်နေမိ၏။ သူပြောလေသည့် ဖိုးစိန်ဆိုသူအကြောင်းကို သူအသိဆုံးဖြစ်မှာပါကလား။ ဖိုးစိန်နှင့် သူဘယ်လိုပတ်သတ်မှုတွေ ရှိနေပါလိမ့်။ သို့ကြောင့်...

'ဖိုးစိန်ဆိုတဲ့ လူအကြောင်း အတော်ကလေးသိထားပုံပဲ ဘယ်လိုပတ်သက်တာတုန်း'

သို့ လင်းမြင့်လှိုင်က မေးလိုက်၏။

သို့ဆိုတော့လည်း လူဗလဲလေး မျက်စိမျက်နှာပျက်သွားပြန်၏။

'ပြောလို့မဖြစ်ဘူးလား'

လင်းမြင့်လှိုင်က အရိပ်အကဲကို သုံးသပ်လိုက်နိုင်သဖြင့် သို့ ပြောလိုက်ပြန်သည်တွင်...

'ဘာလို့ မဖြစ်ရမှာတုန်း'

'နို့ဖြင့် ပြောကြည့်ပါလား'

'ဖိုးစိန်က ငါနဲ့ ဘယ်လိုပတ်သက်လဲဆိုတော့'

'ဦး...' 'ဘုတ်...'

'အား...' 'ဟာ...' 'ဟင်...'

လူဗလဲလေး ခြေထောက်ခွေ လဲကျသွား၏။ ဘယ်လိုဖြစ်တာပါလိမ့်။ လဲကျသွားသည့် လူဗလဲလေးကို ပြေးမွေ့လိုက်ပြန်၏။

'ဘာဖြစ်သွားလဲ'

လင်းမြင့်လှိုင် စိုးရိမ်တကြီး မေးလေ၏။

'တုတ်ပိုင်းနဲ့ ဒူးခေါက်ခွက်ကို ပစ်ခံရတော့ လဲသွားတာပေါ့၊ မည်မည်ရရ ဘာမှတော့ မဖြစ်ပါဘူး'

သို့သာပြောပြီး လူဗလဲလေးသည် အားယူမတ်တတ် ရပ်လာခြေ၏။

ဘာမှသာမပြောသည်။ လွန်မင်းမွာ ကြောက်ရွံ့နေပုံ ရခြေ၏။ သို့ပြင်...

'ငါ ဖိုးစိန်အကြောင်းပြောလို့ မဖြစ်တော့ဘူး'လို့ လေသံလေးဖြင့် ပြောလာလေ၏။

'ဘာလဲ... ခင်ဗျားကို သူအကြောင်းမပြောဖို့ သတိပေးလာတာလား'

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး ပတ်ဝန်းကျင်ကို ဆေ့ငုံကြည့်လိုက်ခြေ၏။ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှယ် ကြည့်လိုက်မိ၏။ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်လို့နေ၏။ ထူးခြားမှုလည်း အလျှင်းမတွေ့ပါခြေ။

'ကဲ... နို့ဖြင့်လည်း ကျွန်တော်တို့ ခရီးဆက်ကြတာပေါ့'

လင်းမြင့်လှိုင်က ပြောလိုက်၏။

'မဖြစ်ဘူး'

'ဟင်... ဘာကြောင့်လဲ'

'ငါ လမ်းကောင်းကောင်းမလျှောက်နိုင်တော့ဘူး'

လူဗလဲလေးပြောသည်ကို လက်ခံမိခြေ၏။ ဒူးခေါက်ခွက်ကြော အင်မတန် ထိခိုက်နာကျင်သွားပုံရခြေ၏။ သို့ကြောင့်...

'သည်မယ် စခန်းချနားကြတာပေါ့'

'အဲလိုလည်း မဖြစ်ဘူး'

'ဟင်... နို့ဖြင့် ဘယ်လိုလုပ်မလဲ'

လင်းမြင့်လှိုင်က နားမလည်နိုင်စွာ မေးလိုက်လေ၏။

'မဖြစ်မနေသွားမှ ဖြစ်မယ်'

'ဘယ်လိုကြောင့်လဲ'

'ဒါတွေ မေးမနေနဲ့၊ သွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com

"ဟင်... နို့ဖြင့် ခင်ဗျား လမ်းမလျှောက်နိုင်ဘူးဆို"

"ဟုတ်တယ်လေ"

"ဘယ်လိုသွားလို့ ဖြစ်မှာတုန်း"

"ငါက သေးသေးကွေးကွေးလေးပဲ၊ မင်းတို့က ဗ
တောင့်တောင့် သန်သန်မာမာတွေပဲ၊ ငါ့ကို ချီပိုးသွားကြပေါ့"

"အာ..." "ဘယ်လို..."

"ငါ့ကို ချီပိုးသွားကြရလိမ့်မယ်"

"မသွားဘူးဆိုလျှင်ရော"

ကျန်တော်က အမြင်ကတ်စွာပြောလိုက်၏။ ကျန်တော်
စကားကြောင့် လူဗလဲလေးသည် နှုတ်ခမ်းထောင့်စွန်းလေးကို လှု
လိုက်လေပြီး...

"ဟွန်း... လူတိုင်းမှာ နောင်တဆိုတာ မဖြစ်ခဲ့လျှ
မရှိခဲ့လျှင် အကောင်းဆုံးပဲလေ၊ စဉ်းစားပေါ့"

သို့ဆိုတော့ လင်းမြင့်လှိုင်သည် ကျန်တော့်ကို လှည့်ကြည့်
မျက်စိတစ်ဖက်မှိတ်ပြလေပြီး လူဗလဲလေးထံ ပြန်လည်ကြည့်
ကာ...

"ခင်ဗျားပြောတာ ကျန်တော် လက်ခံတယ်၊ ခင်ဗျားပြော
တဲ့ ဆင်စွယ်စခန်းကို စိတ်ဝင်စားတယ်၊ မိုးမမှောင်ခင် အရော
သွားချင်တယ်၊ သည်တော့ ခင်ဗျားကို ကျန်တော် ကုန်းပိုးသွ
မယ်ကွာ"

"မင်းက အင်မတန်ပါးနပ်တဲ့သူပဲကွ၊ ဟိုတစ်ယောက်
တော့ အနေတော်အသုံးမကျတဲ့ကောင် ဖြစ်လိမ့်မယ်"

ကျန်တော် သူ့ကို မျက်စောင်းခဲကြည့်လိုက်၏။ ကျန်
သူ့အပေါ် ရှုပ်သဖြစ်မိသည်ကို သိလေသည်ကြောင့် လူဗလဲ

သည် မချိုမချဉ်မျက်နှာဖြင့် ကျန်တော့်ကို ငေးကြည့်နေလေပြီး
လင်းမြင့်လှိုင် ကျောပေါ်သို့ စွေ့ခနဲခုန်တက်သွားတော့၏။

"နောက်ကလိုက်တဲ့သူက လုံခြုံရေးကို ဂရုတစိုက်ကြည့်
ပြီး လိုက်ခဲ့ပါ၊ ငါ ကျောပေါ်ကနေ လမ်းညွှန်ပြမယ်"

သို့ဖြင့် ကျန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြ
ပြန်၏။ လင်းမြင့်လှိုင်သည် လူဗလဲလေးကို ကျောပိုးသွားရသည်မှာ
ဝန်ပန်းခြင်းအလျှင်းမရှိသော်လည်း ချုပ်တုန့်နယ်ပင်တို့ကြား လွတ်လပ်
စွာသွားရခြင်း မရှိခြင်းကြောင့် စိတ်ကသိကအောက်တော့ဖြင့်
ဖြစ်နေပေလိမ့်မည်။

တောင်ကြောအဆင်းတို့တွင် မနည်းထိန်းသိမ်းသွားနေရ
ခြင်းကြောင့်လည်း စိတ်ပင်ပန်းပုံတွေ့ရချေ၏။

မြောင်ကြုပ်လေးတွင်း ကျောပိုးလျှက် လျှောက်နေရသော်
သည်း ကျောက်တုံး၊ ကျောက်ခဲတို့ တွယ်ကပ်ငြိနေသည့် ရေညှိများ
ကြောင့် ချော်မလဲအောင် မနည်းသတိထားလျှက်နေရသဖြင့် ဒုက္ခ
ခံစားနေရပုံပင်။

"မရောက်နိုင်သေးဘူးလား"

"မရောက်နိုင်သေးဘူးလား"

"မရောက်နိုင်သေးဘူးလားလို့ မေးနေတယ်လေ"

ကျန်တော် စိတ်မရှည်တော့။ တစ်ဦးနှင့်တစ်ဦး ဘာဝေး
ဘာခွတ်လို့ လက်တစ်ကမ်းသာသာလျှင် ရှိချေ၏။

ဘာ့ကြောင့် ကျန်တော်မေးသည်ကို မဖြေရတာပါလိမ့်။

"ကိုလင်း... ကျောပေါ်ကသတ္တဝါကို ပစ်ချလိုက်ဗျာ"

ဒေါသထွက်လွန်းသဖြင့် သို့ ပြောလိုက်ခြင်းဖြစ်၏။

"အတော်တုံးတဲ့ ငနဲပေပဲ၊ ဆင်စွယ်စခန်း ရောက်လျှင်ဖြင့်

www.burmeseclassic.com

ကလေးကအစ မပြောတဲ့သိလောက်တာပဲ၊ ဘာဖြစ်လို့ စာတွင်တွင်မေးနေရတာတုန်း၊ လမ်းမှားသွားမယ်စိုးလို့ ရှေ့ကို ဂရုစိုက်နေရတာကွ၊ အလိုက်ကန်းဆိုးမသိဘဲနဲ့"

"ဒါတော့ ဒါပေါ့ကွ၊ နို့ပေမင့်လို့ ခင်ဗျားကို ထမ်းပိုးထားရတဲ့ အောက်ကလူအတွက်လည်း ငဲ့ညှာမှပေါ့"

"ဟား... ဟား... ဟား... ဟား... ဟင်း... ဟင်း... ဟား... ဟား... ဟား... ဟား... ဟား"

ကျွန်တော့်စကားတွင် ရယ်စရာ မောစရာ ဘာများပါလို့ပါလိမ့်။ လူဗလဲလေး အားပါးတရ ရယ်မောနေလေ၏။

"ခင်ဗျား ဘာကို သဘောကျလို့ ရယ်တာလဲ၊ အလိုက်ကန်းဆိုးမသိတာဘဲ"

ကျွန်တော်က သို့ ပြောလိုက်ပြန်၏။

"မင်းက ရယ်စရာတင်မဟုတ်ဘူး၊ သနားစရာပါ ကောင်းတာကလား"

"ဘာဗျ... ဘာပြောတယ်"

"မင်းလူအတွက် ငဲ့ညှာဖို့ဆိုတာ ငါ့ထက် မင်းမှာ ပိုရှိသင့်တယ်ကွ၊ ငါက တင်စီးပြီးသွားချင်တာ မဟုတ်ဘူး၊ ငါစိတ်ငါကိုယ် ငါသဘော မလျှောက်ရလေတော့ လမ်းမှားမှာစိုးရတယ်ကွ၊ လမ်းမှားသွားလျှင်ဖြင့် ငါတို့ သည်တောက ဘယ်လိုမှ ပြန်ထွက်နိုင်ကြမှာ မဟုတ်ဘူး၊ မင်းလူကို မင်း ငဲ့ညှာချင်လျှင်ငဲ့ သူ့ကို အနှောင့်အယှက်ပြုး မင်းက ကျောလာပိုးချေကွာ"

"ဟင်..."

သူပြောတာလည်း ဟုတ်လို့နေပါကောလား။

သို့ကြောင့် ကျွန်တော်သည် လူဗလဲလေးကို လုံးဝကေ

ခြင်း အလျှင်းမရှိပေဘြား လင်းမြင့်လှိုင်ကို အားနာသည်ကြောင့်...

"ကိုင်း... နားချေဗျာ၊ ကျွန်တော် တစ်လှည့်ပိုးပါ့မယ်"

သို့ဖြင့် ကျွန်တော်သည် လူဗလဲလေးကို ကျောပိုး ခရီးဆက်ခဲ့လေတော့၏။

လူဗလဲလေးဆိုပေမင့် အလေးချိန် အတော်စီးတာကလား။ ငါးပေါင်ရိုးကလည်း ရူးပါ့။ လင်းမြင့်လှိုင်တစ်ယောက် ထိုဒုက္ခကို ကျွန်တော် မသိနားလည်မှုကြောင့် အချိန်ကြာကြာ ခံခဲ့ရလေသည်ပဲ။

"ကိုလင်း ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ" လို့ အနားကပ်သွားကာလာချေသည့် လင်းမြင့်လှိုင်ကို စိတ်မကောင်းစွာတောင်းပန်ခဲ့၏။

"ဟင်း... ဟင်း... ဟင်း... နို့ကြောင့် မပြောပေဘူးဟား၊ နောင်တဆိုတာ ဖြစ်မလာနိုင်ခင် တားဆီးနိုင်တာ အကောင်းဘားကလား၊ ခုတော့ သိပြီမဟုတ်လား၊ စိတ်ဆင်းရဲနေရပြီပေါ့၊ အခါ ဘယ်က ဘယ်လိုစဖြစ်တာလဲဆိုတော့ ငါ့အပေါ်ထားတဲ့ မင်းရဲ့စိတ် မမှန်လို့ပဲ၊ မင်း ငါ့ကို မကျေ မနပ်ဖြစ်တယ်၊ ငါသိတယ်၊ နို့ပေမင့်လို့ မင်းရဲ့ စိတ်ဒုက္ခက မင်းနဲ့ပဲ ပတ်သက်လာတာလေ၊ ငါ့အပေါ် မင်း မကျေမနပ်ဖြစ်ပြီး နားလည်မှုမရှိလေတော့ သူငယ်ချင်းက ကြားကခံရတာပေါ့၊ နဂိုကတည်းက တစ်ယောက်တစ်လှည့် ထမ်းပိုးကြမယ်ဆိုလျှင် အဆင်မပြေပေဘူးလား၊ ငါက ဦးလူလူချင်း မညှာမတာခိုင်းပြီး စီးပိုးချင်တဲ့စိတ် မရှိပါဘူးကွာ၊ ဘယ်ပဲ မလျှောက်နိုင်လို့ပါ"

သို့ ပြောလာသည့် သူစကားများသည် ရင်ထဲကလာသောစကားများဖြစ်သည်ကိုတော့ဖြင့် ကျွန်တော် ကောင်းကောင်းသိလိုက်၏။

www.burmeseclassic.com

သို့ အတွေးနယ်ချဲ့ လျှောက်ခဲ့ရာမှ...

'ဟာ...' 'အို...'

'ဘရော... ဘရော... ဝေါ... ဘရော'

ကျွန်တော် အမှတ်တမဲ့ ဖြစ်သွားခြင်းပင်။ တောင်ကြော ကုန်းလေးမှ လျှောက်ခဲ့ရခြင်း၊ မြက်ရိုင်းတို့ ဒူးဆစ်သာသာ ရှည်လျားပေါက်ရောက်နေခြင်းကြောင့် အောက်ခြေကို မမြင်ရသဖြင့် ခဲလုံးကို တက်နင်းမိ ချော်လဲသွားကာ တောင်ကြောအောက် လိမ့်ဆင်းသွားရခြင်း ဖြစ်တော့၏။

ကျွန်တော်ရော လူဗလဲလေးပါ ဒလိမ့်ခေါက်ကွေး လိမ့်ဆင်းသွားရခြင်း ဖြစ်တော့၏။

လင်းမြင့်လှိုင်တစ်ယောက် တောင်ကြောစပ်ပေါ်တွင် ငေးကြောင် ရပ်ကျန်ရစ်ခဲ့ချေတော့၏။

'ဘုတ်...'

တောင်ကြောအောက်ခြေသို့ ရောက်သည်တွင် မြောင်တွင်းကျသွားရခြင်း ဖြစ်တော့၏။

တော်သေးသည်။ လူဗလဲလေးသည် ကျွန်တော့်ခန္ဓာကိုယ်နှင့် အတော်အကွာတွင် ပက်လက်အနေအထားရှိနေခြင်းကြောင့်ပင်။

ကျွန်တော်၏ ခန္ဓာကိုယ် သူ့အပေါ် ဖိကျနေမည်ဆိုပါက နာကျင်လွန်းသဖြင့် အတော်နှင့်ပြန်မထနိုင်ဖြစ်ကာ ကျွန်တော့်ကြောင့် လူဗလဲ သေသွားနိုင်လောက်၏။ တောင်ကြော မတ်စောက်ကြီး မဟုတ်၍ တော်သေးတော့၏။

'အာ... ဟာ...'

သို့ပေမင့်လို့ ကျွန်တော် ပက်လက်အနေအထားမှ ဘယ်လိုမှ အားယူပြန်ထလာနိုင်ခြင်း မရှိပါချေ။ မည်မျှပင် အားစိုက်ပေါ်

ပက်လက်အနေအထားမှပင် ကယ်သူကို မျှော်နေမိတော့၏။

လူဗလဲလေးကတော့မူ ငြိမ်သက်လို့နေ၏။ မေ့မြောသွားခြင်းများလေလား။

'ကဲ... ကိုပိုက်၊ ကျွန်တော့်လက်ကို မြဲမြဲကိုင်ထားနော်'

ဟင်... လင်းမြင့်လှိုင် ရောက်လာပါရောလား။

လင်းမြင့်လှိုင်၏ ကူမဖေးကူမှုကြောင့် မြောင်လေးမှ တက်လာနိုင်တော့၏။ လူဗလဲလေးကော။

အလိုလေးဗျာ၊ သစ်တစ်ပင်အောက်တွင် ဆောင့်ကြောင့်၍ ကျွန်တော့်ကို မထိတထိမျက်နှာဖြင့် ကြည့်နေလေ၏။

'သူရော ဘာမှမဖြစ်ဘူးလား'

'သူ ဘာမှမဖြစ်လို့သာပေါ့'

လူမိုက် ကံကောင်းခြင်းပါကလား။

သို့ ကျွန်တော် တိုးညင်းစွာ ပြောလိုက်ပေမင့် သူ ကြားဟုံပင်။

'မင်း စိတ်ချမ်းသာမယ်ဆိုလျှင် ပြောချင်တာ ပြောတော့ ငါ ဂရုမစိုက်ဘူး'

'ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ'

'သည်မှာ ခဏနားရအောင်'

သူက ပြောလေ၏။

'နောက်ကျလို့မဲ့မယ်၊ တောင်ကြောပေါ် ပြန်သွားကြမယ်'

လင်းမြင့်လှိုင်က ပြောလေ၏။

လူဗလဲလေးက ကျွန်ုပ်စွာ ပြုံးလာချေပြီး...

'သည်မြောင်လေးအတိုင်း စုန်ဆင်းသွားမယ်ဆိုလျှင်ဖြင့် ကြီးကို ရောက်လိမ့်မယ်၊ အဲဒီ ချောင်းမကြီးအဟိုင်း ဆန်

www.burmeseclassic.com

www.burmeseclassic.com

တက်မယ်ဆိုလျှင်ဖြင့် ငါ့အထင် မိနစ် ၂၀ တောင် မလျှောက်ရဘူး ထင်တယ်၊ ဆင်စွယ်စခန်းကို ရောက်သွားနိုင်တယ်"

"ဗျာ..."

"ဟင်... တကယ်ပြောတာလား"

"သည်နေရာတွေက ငါနဲ့ ဖိုးစိန် တူတူလာနေကျ နေရာတွေလေ"

"ဟင်..." "ဘာ..."

လူဗလံလေး အမှတ်တမဲ့ ပြောလိုက်မိလေခြင်း ဖြစ်ချိန်မည်။ လူဗလံလေး ပြောစကားအရ ဖိုးစိန်ဆိုသူနှင့် သူ အတော်ကလေး အကျွမ်းတဝင်ရှိပုံပါကလား။

သို့ဆိုတော့...

"နို့ဖြင့် ဖိုးစိန်နဲ့ခင်ဗျား သူငယ်ချင်းတွေလား၊ ရင်းရင်းနှီးနှီး ရှိပုံပေါ့"

သို့ လင်းမြင့်လှိုင်က မေးလာသည်တွင်...

"သည် ဖိုးစိန်က တစ်ယောက်လို့ ပြုံးစိစိ မျက်နှာပေးဖြင့် ပြောလာလေသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် လုံးဝ စိတ်ပျက်သွားကြရချေတော့သည်။

"ကဲ... လာကြ... လာကြ၊ ဆင်စွယ်စခန်းကို ရောက်လုပြီဆိုပေမင့် အချိန်က မနည်းတော့ဘူးလေ၊ မမှောင်ခင် စခန်းအရောက်သွားမှ ဖြစ်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် မြောင်လေးအတိုင်း ထွက်ခဲ့ကြတော့၏။ မြောင်လေးသည် မြောင်ကြပ်ဖြစ်သည့်ပြင် မိုးရာသီကရေစီးနှင့်အတူ အမှိုက်သရိုက်များအပြင် သစ်တုံးခြောက်များ သစ်ကိုင်းခြောက်များ စီးမျောပါလာသည်တို့ ပိတ်ဆို့နေသည့်နေရာ

များ အတော်များလေခြင်းကြောင့် မြောင်တိုပေါ်ကြား ခရီးမတွင်လှပါချေ။ မြောင်ဝသို့ ရောက်ဖို့ရာအတွက် အချိန်အတော်ကလေး ကြာသွားရချေ၏။ ဒိုက်အမှိုက်တို့ ဖယ်ရှားတိုးဝှေ့ကြရခြင်းကြောင့် လူတစ်ကိုယ်လုံး ညစ်ပတ်လိုနေကြတော့၏။ သည်ပြင် ခြင်ကျားတို့ ဝိုက်ခိုက်ခံရခြင်းကြောင့် အဖုအထစ်များလည်း ထွက်လို့နေချေတော့၏။ ချွေးစေးနှင့်ဆိုလေတော့ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်းရှိချေတော့၏။ သို့ကြောင့် ချောင်းတွင်းရေရှိရာနှိုး ဆတောင်းမိတော့၏။ ကျွန်တော့် ဆတောင်း မပြည့်ပါချေ။ ချောင်းတွင်း ခြေမျက်စိသာသာ ရေစီးချောင်းလေးသာ ရှိချေ၏။ ကျွန်တော် အတော်ကလေး စိတ်ပျက်သွားရ၏။ တစ်ကိုယ်လုံးလည်း ယားယံလို့နေချေ၏။

"ကျွန်တော်တို့ ချောင်းအောက်ဘက် စုန်ဆင်းလျှင်ကောင်းမှာဗျ"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

သည်တွင် လူဗလံလေးက လှည့်ကြည့်လာချေပြီး...

"ဆင်စွယ်စခန်း ရောက်လုမယ် ရေအိုင်တစ်ခုရှိတယ်"

သို့သာ ပြောလေ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော် အနည်းငယ်တော့ဖြင့် ကျေနပ်သွားရ၏။ နို့မဟုတ်ပါမူ တစ်ညလုံး ဘယ်လိုအိပ်ပျော်နိုင်ပါလိမ့်မည်နည်း။

ချောင်းအတိုင်းဆန်လျှောက်တက်ခဲ့ကြရာမှ ကျွန်တော်တို့နှင့် အတန်ငယ်မျှဝေးသော်လည်း မြင်သာထင်သာရှိသော မြင်ကွင်းတစ်ခုကြောင့် လင်းမြင့်လှိုင် မျက်နှာကို ကြည့်လိုက်မိ၏။

"ကျွန်တော်လည်း မြင်လိုက်တယ်"

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"အဲဒီလူကို သိလား"

www.burmeseclassic.com

www.burmeseclassic.com

ကျန်တော်က လူဗလံလေးကို မေးလိုက်၏။

'မသိဘူး'

သို့သော် လူဗလံလေးက ပြောလေ၏။ သို့ပေမင့်လို့...

'ဆင်စွယ်စခန်းမယ် တစ်ခါတလေ မုဆိုးတွေ ပျားဖွတ်သမားတွေအပြင် သစ်ခုတ်၊ ဝါးခုတ်သမားတွေလည်း လာနားကြတယ်။ သည်နေရာလေးကို သစ်ခုတ် ဝါးခုတ်မုဆိုးတွေနဲ့ ပျားဖွတ်လူတွေ ရောက်လာတတ်တယ်လေ'

သို့ဆိုတော့ ချောင်းကိုဖြတ်ပြေးသွားသည့် ပုဂ္ဂိုလ်ကို ကျန်တော့်အထင် အဘိုးအို မဖြစ်နိုင်ဟု ထင်လိုက်မိ၏။ ထိုသည်ကို လင်းမြင့်လှိုင်အား တိုးညှင်းစွာ ပြောလိုက်၏။ သည်တွင်...

'ဘယ်လိုဖြစ်နိုင်မှာတုန်း၊ အဘိုးကြီးပေပဲဗျ'

'ကိုလင်း ဘယ်လိုပြောနိုင်တုန်း'

'ကိုပိုက်က မျက်မှန်သမားလေ၊ ဟဲ... ဟဲ'

သို့ဆိုတော့လည်း ကျန်တော် လက်ခံလိုက်ရတော့၏။ လင်းမြင့်လှိုင်က ကျန်တော့်ထက် အမြင်စွမ်းအားကောင်းသည် မဟုတ်ပါကလား။

'ရွာထိပ်က အဘိုးအိုပေါ့'

'ဖြစ်နိုင်ဖို့များတယ်'

လင်းမြင့်လှိုင်ကို ကျန်တော် ယုံသည်။ ဒါကို လူဗလံလေးက ဘာလို့ သဲသဲကွဲကွဲ မပြောနိုင်ရတာပါလိမ့်၊ မပြောချင်လို့ပေလေးလား။

သို့ဖြင့် ကျန်တော်တို့သည် အတော်ခရီးပေါက်ခဲ့သည်တွင်

'ကိုပိုက်ရေ... ခဏနေချဉီး၊ ညစာအတွက် ငှက်လောက်တယ်ဗျ'

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ချောင်းကမ်းနံဘေးတွင် ဆိုက်နေသည့် သစ်ပင်ပေါ်သို့ မော်ကြည့်ရင်း ပြောလာလေ၏။

'မျောက်တံငါပေပဲဗျ၊ သည်ကောင်တွေ သည်မှာ ရေအိုင်ရှိ ဘာမရှိနဲ့ ဘာလို့ သည်အပင်မှာနေကြပါလိမ့်'

သို့ ကျန်တော်က လူတတ်ကြီးလုပ် ပြောလိုက်လေ၏။ သည်တွင် လူဗလံလေးက...

'ခက်တာပဲ၊ ချောင်းနားပေါက်တဲ့ အပင်ပေါ်က မျောက်ဘဲတာနဲ့ မျောက်ပါလို့ ပြောလိုက်တော့တာပဲ' လို့ ပြောလာချေ၏။ ထိုနှာသည်လည်း ကျန်တော့်ကို အထင်သေးအမြင်သေးမျက်နှာပေးသွားချေတော့၏။

လင်းမြင့်လှိုင်က ကျန်တော် အရှက်ရသွားသည်ကိုတော့ တော်မကောင်းဖြစ်ရမည့်အစား ပြုံးစိစိမျက်နှာလေးဖြင့် ကြည့်လာချေတော့၏။

လင်းမြင့်လှိုင်နေရာတွင် လူဗလံလေးဆိုပါက ချက်ချင်း ရန်ရှာ ယမ်းလိုက်ပြီး ဖြစ်ချိမ့်မည်။

ကျန်တော့်ကို လှောင်ရအောင်ဆိုသည့် သဘောပင်။

'ဒီနှံ...'

ပြင်းထန်သောယမ်းအားပေါက်ကွဲသံနှင့်အတူ ချောင်းစပ် ဆူတက်ကောင် ပြုတ်ကျလာတော့၏။ သည်တော့လည်း လူဗလံလေးက ထိုမျောက်သေကောင်ကိုယူ၍ ကျန်တော့်ရှေ့ရောက်သည်အထိ အမြီးကိုဆွဲပြ၍...

'တွေ့လား၊ ဒါ မျောက်မြီးရှည်ကောင်ပေပဲကွ'

အဟုတ်သားကလား။

'သည်မျောက်ကို စခန်းထိယူသွားမယ်၊ ဟိုကမှ အသား

www.burmeseclassic.com

ဖျက်တာပေါ့၊ သည်မျောက်မြီးရှည်နှစ်ကောင်ရဲ့ ချေးခါးကိုတော့ ယူရလိမ့်မယ်'

သို့ လူဗလဲလေးသည် မျောက်တစ်ကောင်ရလိုက်ခြင်းကြောင့် ပျော်ပုံရချေ၏။

'ကဲ ... ခင်ဗျားမျောက်ကောင် ကျွန်တော့်မေးခွေ ကျွန်တော် ထမ်းလာခဲ့မယ်'

သို့ ကျွန်တော်ကပြောပြီး သူ့လက်ထဲမှ မျောက်ကောင်ကို လှမ်းတောင်းယူလိုက်၏။

'နေပါစေ၊ ငါ့ဘာသာ ထမ်းသွားမယ်၊ ဘာလဲ သည် မျောက်ကောင်ကို ငါမထမ်းသွားနိုင်ဘူး ထင်လို့လား'

'အဲလိုပြောတာမဟုတ်ပါဘူး၊ ခင်ဗျားကို ကျွန်တော် စေတနာနဲ့ပြောတာ'

'ခင်ဗျားက မျောက်တစ်ကောင်လောက်မှ အလေးချိန်ရဲ့ ခန္ဓာကိုယ် မဖွံ့ထွားတာကိုးဗျ'

သို့ ကျွန်တော်က နောက်ပြောင်လိုဟန်ဖြင့် ပြောလေသည်တွင် လူဗလဲလေးသည် လွန်မင်းစွာဒေါသထွက်သွားလေတော့၏။

'ကိုပိုက်... သူမကြိုက်တာ မပြောမိစေနဲ့ဗျာ'

လင်းမြင့်လှိုင်က သတိပေးလာချေ၏။

သို့ကြောင့် ကျွန်တော်သည် လူဗလဲလေးရဲ့ သွားရာ လိုက်ကာ...

'အင်း... စိတ်ဆိုးသွားတာလား၊ ကျွန်တော် တောင်းပန်ပါတယ်' လို့ ပြောလိုက်တော့၏။ သည်တွင် လူဗလဲလေးက

'အရှိကိုအရှိအတိုင်း လက်မခံတဲ့သူတွေထဲမယ် ငါပါ တာကိုးကွ' ပြောလာချေ၏။

'ကဲပါ... ငါခွင့်လွှတ်တယ်၊ မင်းကျေနပ်အောင် တောင့်နတ်မင်းကြီးကို ငါ ခုပဲ တိုင်တည်လိုက်မယ်ကွာ'

သို့ဆိုလျက် လူဗလဲလေးသည် အဆေးသို့လှမ်းကဲကြည့်ကာ-

'ကျုပ် သူ့ကို ခွင့်လွှတ်တယ်ဗျာ၊ သူ့ကို ဘယ်လိုမှ ဒုက္ခမပေးကြပါနဲ့' လို့ အသံကုန် ဟစ်ကြွေးလိုက်ချေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့ကို လူထူးလူဆန်းတစ်ယောက်ပမာ ကြည့်နေမိကြတော့၏။

'သည်လောက်ဆို မင်းအတွက် လုံလောက်ပြီ'

'ဘယ်လိုသဘောပါလိမ့်'

'သူ နောက်ပြောင်နေတာပါ'

သို့ လင်းမြင့်လှိုင်က ပြောလာမေမင့် ကျွန်တော့်စိတ်ထဲ ကြည်နူးမိတော့ အစာမကြေ ဖြစ်ရချေ၏။

သူသည် ရှေ့က သုတ်ခြေတင်သွားနေလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် သူပြောသော ရေအိုင်သို့ ရောက်လာကြ၏။

ထိုရေအိုင်သည် ချောင်းတံတွင် ရှိနေလေခြင်းတော့ဖြင့် ချောင်းကမ်းပေါ် တက်သွားသဖြင့် လိုက်တက်ခဲ့ကြရာမှ ရေအိုင်ကို တွေ့ရခြင်းဖြစ်၏။

'ထူးဆန်းလိုက်တာ၊ ချောင်းထဲမှာ ရေမရှိဘဲ သည်မှာ ရေအိုင်လာဖြစ်နေတယ်'

ကျွန်တော်က ရေအိုင်ကိုကြည့်၍ အံ့သြတကြီးပြောလိုက်၏။

'မင်း ရေချိုးချင်လျှင်ဖြင့် မြန်မြန်ချိုးလေ၊ မှောင်သွားလျှင်

www.burmeseclassic.com

သည်းနားက နေလို့မကောင်းဘူး'

အလိုလေးဗျာ... ကျွန်တော် ရေချိုးချင်တယ် ပြောသဖြင့် ရေအိုင်ရှိရာသို့ လိုက်ပို့ပေးခြင်းပါကလား။

လင်းမြင့်လှိုင်က...

'ကဲ... သူပြောသလို လုပ်ချေတော့ဗျာ' လို့ ပြောလည်း ပြော၊ သူသည်လည်း အင်္ကျီအင်္ကတ်အစားချွတ်လိုက်ကာ သေနတ်ကို အိုင်နံဘေးပုံ၍ ရေထဲဆင်းသွားလေ၏။

လူဗလံလေးသည်လည်း ရေအိုင်တွင် ဒိုင်ဗင်ထိုးချလိုက်တော့၏။ သို့ကြောင့် ကျွန်တော်သည်လည်း ကပျာကသီ အင်္ကျီအစားချွတ်ကာ ရေအိုင်သို့ ဆင်းလိုက်ချေတော့၏။

'အားပါးပါး... အေးလိုက်တာ'

'သည်နေရာမယ် ဘယ်လိုလုပ် ရေအိုင်ဖြစ်နေရတာတုန်း'

'ဒါတော့ ဘယ်သိမလဲကွ'

ဟုတ်ပေသားကလား။ သူ ဘယ်လိုလုပ်သိနိုင်ပါ့မလဲ သည်တော သည်တောင် သွားလာကျက်စားနေသည့် အသက်ဝင်သတ္တဝါကြီးလူတွေကို မေးမှ ဖြစ်မေမည်ကိုး။

လူဗလံလေး ဘာသိတာမှတ်လို့။

'ကွီးလ်...' 'ကွီးလ်...' 'ကွီးလ်...'

'ဂီးလ်... ဂီးလ်... ဂီးလ်... ဂီးလ်'

'ဝေါင်း... ဝေါင်း... ဘရောင်း... ဝေါင်း'

ဟင်... သားရဲကောင်တို့ အသံမျိုးစုံပါလား။ ဂျာတရက်ကြီး ဘယ်လိုဖြစ်ကြတာပါလိမ့်။

ကျွန်တော်သည် နားကိုစွင့်ထားရင်း ရေထဲတွင် ငြိမ်သက်စွာ ရပ်နေလိုက်၏။

'ကိုလင်း ကြားလား'

'ကြားတယ်'

'သည်ကောင်တွေ ဘယ်လိုဖြစ်ကြတာပါလိမ့်၊ တင်းကောင်သဲလည်း ကြားသားဗျ၊ ဒါ တောဆင်ရိုင်းကောင်အသံမဟုတ်လား'

'ကျီးလ်...' 'ဝူး...'

'ဟုတ်တယ် ကိုပိုက်၊ သည်ကောင်တွေ သည်ဘက်ပြေးလာတယ်ဗျ' သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရေအိုင်တွင်းမှ ကပျာကသီ ပြန်တက်သွားကာ အဝတ်အစား ကမန်းကတန်းလဲ၍ သေနတ်ကို ကောက်ကိုင်လိုက်ချေ၏။ အသံပေါ်ထွက်ရာဘက်သို့ လှမ်းကြည့်နေလေ၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှယ် အိုင်ပေါ် သေနတ်တို့ အရံသင့်ပစ်ခတ်နိုင်ရန် ချိန်ရွယ်ထားရင်း အသံများ ဆူညံရာဘက်သို့ လှမ်းကဲကြည့်လိုက် ရေအိုင်တွင်းမှ လူဗလံလေးကို ကြည့်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်မိတော့၏။

ခက်ရချည့်။ လူဗလံလေးသည် ဘာမှမကြား မသိသလို ရေပြန်ပြေ ရေစိမ်နေပါကလား။ သို့ကြောင့်...

'တော်လောက်ပြီလေ၊ မြန်မြန်တက်ခဲ့တော့'

သို့ လှမ်းအော်လိုက်၏။ သည်တွင် လူဗလံလေးက ကျွန်တော့်ကိုလှည့်ကြည့်လာချေပြီး ပြောင်ချော်ချော်လုပ်ပြနေသဖြင့်...

'ကိုလင်း... သူ့ကို ထားခဲ့ချေဗျာ၊ သူပြောတာပဲ၊ သည်ကောင်းအတိုင်း ဆန်တက်သွားလျှင် ဆင်စွယ်စခန်း ရောက်တယ်ဆိုပဲ၊ သူဘာသာ လိုက်ခဲ့လိမ့်မယ်'

လို့ ပြောလိုက်၏။ တကယ်တော့ သူကို ငြိမ်းခြောက်

www.burmeseclassic.com

လိုက်ခြင်းဖြစ်၏။ သို့ငြား လူဗလဲလေးသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေပြီး...

"ဟား... ဟား... ဟား... ဟား... ဟီး... ဟီး... ဟား... ဟား... ဟီး... ဟီး... ဟား... ဟား... ဟား... ဟား... ဟား... အတော်ရယ်ရတယ်ဟေ့၊ မှဆိုးတွေလုပ်ပြီး သည်လောက်တောင်ပဲ အတွေ့အကြုံနည်းလှချည်ကလား။ မင်းတို့ ခုကြားနေရတဲ့အသံတွေ ငါလည်း ကြားပါတယ်ကွ၊ ဘာကြောက် စရာလိုမတုန်း၊ ဟင်း... ဟင်း... ဟင်း..."

လို့ ဆိုလျက် ရေအိုင်တွင်းမှ ဖြည်းလေးစွာ တက်လာ ချေပြီး...

"မင်းတို့ပြောသလို ကြောက်လို့ ရေအိုင်ထက် တက်ခဲ့တာ မဟုတ်ဘူးနော်၊ စခန်းကို မမှောင်ခင် အရောက်သွားချင်လို့" ဆိုကာ ပြောလာပြန်သဖြင့်...

"ခင်ဗျားမကြောက်လည်း နေပေါ့ဗျာ၊ ကျွန်တော်တို့တော့ ကြောက်တယ်၊ သည်ဘက်က အကောင်ကြီးတွေ အသံဗျ၊ သားရဲ ကောင်တွေအသံလို့ပဲ ခြုံပြောတော့မယ်၊ တစ်အုပ်တမကြီး ပြေးလာ လျှင် ဘယ်လိုလုပ်မတုန်း၊ ကဲ... လာ... လာ... မြန်မြန်လာ သည်ကနေ ခပ်ဆာဆာထွက်တာ အကောင်းဆုံးပဲ" လို့ ပြောလိုက်၏

သည်တွင် လူဗလဲလေးက ပြုံးစိစိလုပ်လာချေပြီး...

"သည်ကောင်တွေက ခန္ဓာကိုယ်မရှိတဲ့ အကောင်တွေပဲ" လို့ ပြောလာသဖြင့် သူကို ထူးဆန်းသောလူတစ်ယောက်လို ကြည့် လိုက်မိပြန်၏။

"ဘာဗျ... ခန္ဓာကိုယ်မရှိတဲ့ သတ္တဝါတွေ ဟုတ်လား ရှင်းအောင်ပြောစမ်းပါဦးဗျာ"

လင်းမြင့်လှိုင်ကတော့ သို့ အရေးတယူ ပြောလိုက်လေ၏။

"ကဲပါ... ဒါ တောခြောက်တာလို့ခေါ်တယ်"

ကျွန်တော် မျက်မှောင်ကြုတ်သွားမိ၏။ တောခြောက်တာ သို့ ပြောလာသဖြင့် ရွဲ့ပြုံး ပြုံးလိုက်မိ၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း၊ ကျွန်တော်တို့ သည်လောက် များ သိတာပေါ့ကွာ၊ ခွဲခြားတတ်ပါတယ်"

သို့တော့ ပြောလိုက်၏။

"ပြီးတာပဲလေ၊ လာ... သွားကြမယ်၊ ရှေ့လျှောက် သည့် အကောင်ဆိုးတာတွေ ကြုံရမယ်၊ တွေ့ရမယ်" ဆိုလျက် တဖြစ်တောက် လောက်ပြောရင်း ရှေ့မှ တောတိုးသွားချေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးမိကြ၏။ သို့ပေမင့် နောက်ဘက်ကိုတော့ သတိ သက်ဝမကင်း လှည့်လှည့်ကြည့်နေမိကြ၏။

မတွေ့။ အသံတွေ သဲ့သဲ့ သဲ့သဲ့ ကြားရဆဲဖြစ်၏။

သူပြောသည့် တောခြောက်တာဆိုခြင်းကိုတော့ဖြင့် ကျွန်တော် တို့နှစ်ယောက် လုံးဝလက်မခံနိုင်ပါချေ။

ဝဂျန်းသုန်းကား ဖြစ်နေသည့် သားရဲကောင်များ ဆန့်တျင် ကြောက်အရပ်သို့ ပြေးလွှားသွားခြင်းကြောင့် သာလျှင် အသံသဲ့သဲ့ ကြားရလေခြင်းဖြစ်နိုင်ချေများပေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းတွင် စာစုလေး တွေ့လိုက်ကြတော့၏။

"ဆင်စွယ်စခန်းရောက်ပြီလား" သို့လည်း မေးလိုက်၏။

"ရောက်ပြီ"

သို့ကြောင့် ကျွန်တော်သည် ထိုတဲစုလေးရှိရာသို့ ခပ်သုတ်

www.burmeseclassic.com

www.burmeseclassic.com

သုတ် သွားလိုက်၏။ တစ်စတစ်စ နီးကပ်သွားလေသည်တွင် အံ့ဖွယ်မြင်ကွင်းက ကျွန်တော်တို့ကို ဆီးကြိုလာချေလေ၏။

ကျွန်တော် ရောထံသွားသော တဲတွင် လူတစ်ယောက်မရှိပါချေ။ တဲသည် အသစ်စက်စက် ဖြစ်ချေတော့၏။ ဝါးစလေးများနှင့် ဝါးပင်နုံပင် မယောက်သေးချေ။

"သည်တဲက အသစ်ကြီးပဲ၊ လူ ဘာလို့မနေတာတုန်း" ကျွန်တော်က တဲကို လှည့်ပတ်ကြည့်လိုက်၏။

လင်းမြင့်လှိုင်ကလည်း အခြားတဲတစ်လုံးကို လှည့်ပတ်ကြည့်နေရာမှ…

"ဒီတဲဆောက်ထားတာ မနက်ကမှဗျ၊ တဲရှင်တွေ အပြင်ထွက်နေလို့ဖြစ်မယ်"

လို့ လှမ်းအော်ပြောလေ၏။

"ငါပြောတာ ယုံစမ်းပါကွာ၊ သည်တဲ ဝိုင်ရှင်မရှိဘူး ဒါ ငါတို့နေဖို့ ဆောက်ထားတာ"

"ဟင်…"

"ဘယ်လို… ခင်ဗျား ဘယ်လိုပြောလိုက်တာတုန်း စိတ်မှ နှံ့ပါရဲ့လား၊ ကျွန်တော်တို့နေဖို့ ဆောက်တယ်ဆိုတော့ ကျွန်တော်တို့ သည်နေရာလာမယ်ဆိုတာ ဘယ်သူကြိုသိလို့တုန်း" ကျွန်တော်က မေးလိုက်၏။

"မင်းတို့ ယုံချင်ယုံ၊ မယုံချင်နေ၊ ငါ ခရီးထွက်ပြီဆိုလျှင် ငါ့အတွက် တဲတစ်လုံးက ငါစခန်းချမယ့်နေရာမှာ ရှိပြီးသား ဖြစ်ဖြစ်နေတယ်ကွ"

သို့ပြောလာသည့် လူဗလဲလေးကို သူရူးတစ်ယောက်သတ်မှတ်လိုက်ချေ၏။ သို့ပေမင့်…

"ဟုတ်ပါပြီ၊ ခုတော့ နှစ်လုံးဖြစ်နေပါလား"

ကျွန်တော်က တမင်ရွဲ့ပြောလိုက်၏။

"ဟ… မင်းတို့နှစ်ယောက်တွက် တစ်လုံးလေ"

"ဟား… ဟား… ဟား… ခင်ဗျား အတော်ရယ်စရာပြောတတ်တာပဲ၊ သည်တဲတစ်လုံးမှာ ခင်ဗျားတစ်ယောက်အတွက်မဟုတ်ဘူး၊ ကျွန်တော်တို့နှစ်ယောက်ပါ ပေါင်းနေလျှင်တောင် အချောင်ကြီးရယ်၊ ဘယ်လိုလုပ် ကျွန်တော်တို့တွက် တစ်လုံးအပို ဆောက်ရမှာလဲ၊ ဖြစ်နိုင်ချေကို စဉ်းစားပြောပါဦး"

သို့ ကျွန်တော်က ပြောလေသည်တွင် လူဗလဲလေးသည် ငြိမ်သက်စွာ နားထောင်နေသည်ဆိုပေမင့် ပါးစပ်ကို ရွဲ့စောင်းပြလာချေတော့၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို အသာအယာလက်ကုတ်သတိပေးလာလေသဖြင့် ကျွန်တော် သူ့ကို ဘာမှဆက်မပြောလေတော့ဘဲ ဝါးတဲပေါ် တက်လိုက်ချေတော့၏။ သို့တောင်မှ…

"တော်နေ တဲရှင်ပြန်လာလျှင် ခင်ဗျားရှင်းနော်" လို့ ပြောလိုက်သေး၏။ သည်တွင် သူက…

"စိတ်ချစမ်းပါကွာ၊ လွတ်လွတ်လပ်လပ်နေကြချေပါ၊ ထင်းခြောက်တွေ သွားကောက်ချဦးမယ်" ဆိုလျက် လှမ်းခနဲ ထွက်သွားလေတော့သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တဲပေါ်တွင် လဲလျောင်းခြင်းမပြုလေသေးဘဲ မျောက်သေကောင်ကို အသားဖျက်လိုက်ကြ၏။ လူဗလဲလေး ပြန်ရောက်လေသည်တွင် ထင်းခြောက်များပါလာ၏။ ကျွန်တော်တို့သည်လည်း မျောက်ကောင်ကို တံစို့ထိုးပြီးဖြစ်လေသည်ကြောင့် ထင်းမီးပုံလိုက်ကာ မီးတင်လိုက်တော့၏။

www.burmeseclassic.com

မီးကင်နေစဉ် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စခန်းတဲနှင့် မဝေးလောက်သောနေရာတွင်ရှိ ချောင်းလေးသို့သွားကာ ရေစိမ်လိုက်ကြ၏။ လူဗလဲလေးကတော့မူ စခန်းတွင် ကျွန်ရစ်သည့် မျောက်သားမီးကင်ကို တစ်ဖက်တစ်ချက် လှန်လှောကာ ကျွန်ရစ်ခဲ့ချေ၏။

ကျွန်တော်တို့ ရေချိုးနေစဉ် လင်းမြင့်လှိုင်သည် ဘာစိတ်ကူးပေါက်သွားသည်မသိ။ ချောင်းရေအိုင်ကလေးအတွင်းမှ ကပျာကသီ ပြန်တက်သွားကာ သေနတ်ကို သေနတ်ကိုဆွဲ၍ ချောင်းတောင်ကြောပေါ်ရှိ ဝါးတောအတွင်း ပြေးဝင်သွားလေ၏။

သားကောင်တစ်ကောင်တွေ့လို့ ဖြစ်ချိမ့်မည်။ သို့တွက်လိုက်ပြီး ကျွန်တော်သည် ရေဆက်စိမ်နေလိုက်၏။ ကိုယ်တွင်ကပ်ငြိ၍နေသည့် ချေးညှော်တို့ကို ပွတ်သပ်နေလိုက်၏။ တစ်ခဏအချိန်လေးတွင် လင်းမြင့်လှိုင် ပြန်ရောက်လာ၏။

'သားကောင်ကို ပစ်ခွင့်တောင် မရလိုက်ဘူးပေါ့'

သို့ ကျွန်တော်က ချေးတွန်းမျက် လှည့်မကြည့် ပြောလိုက်၏။

'သားကောင် မဟုတ်ဘူး'

'ဟင်... နို့ဖြင့် ဘာလို့ အမောတကော ပြေးသွားရတာတုန်း'

ကျွန်တော်ကလည်း ကြည့်မေးလိုက်၏။

'လူတစ်ယောက်တွေ့လို့'

'ဒါများ ဘာဆန်းလို့တုန်း'

ကျွန်တော်က တစ်ဖက်ပြန်လှည့်ပြောလိုက်၏။

'ဆန်းတာပေါ့ဗျာ'

'နို့ဖြင့် ပြောကြည့်လေ'

'ကျွန်ကော်တို့ တွေ့တွေ့နေတဲ့ ရွာထိပ်တဲက အကိုးအိုလို့ သင်တာပဲ'

'ဟင်...'

သို့ဆိုလေတော့ ကျွန်တော် အံ့သြမိချေ၏။ ဘယ်လိုလုပ်သည်ထိအောင် ရောက်လာရတာပါလိမ့်။

'ကိုလင်းပြောတာ သေချာတယ်နော်၊ အဲဒီ အကိုးအိုဆို ဘာ'

သို့ ကျွန်တော်က ပိုသေချာအောင် ပြောလိုက်ပြန်၏။

'သေချာသလောက်ပေပဲဗျ'

'သည်အရွယ် သည်နေရာမယ် တွေ့ရတာ အံ့သြမိတယ်ဗျာ၊ ဘယ်လိုကြောင့် သည်ထိရောက်လာရတာပါလိမ့်'

ကျွန်တော်က စိုးရိမ်တကြီး ပြောလိုက်၏။

'နို့ကြောင့် ကျွန်တော် အကိုးအိုကို အမီလိုက်သွားတာပေါ့၊ နို့ပေမင့်လို့ အကိုးအိုက သွက်သလားမမေးနဲ့၊ မြောင်ထဲရောက်သွားပြီး ပျောက်သွားတယ်'

'ကဲ... ကဲ... ပြန်ကြစို့ဗျာ၊ သည်ကိစ္စ လူဗလဲလေးကို ပြောနဲ့ဗျ၊ ဟုတ်လား ကိုပိုက်'

'ဟင်... ဘာဖြစ်လို့တုန်း'

'ကျွန်တော်လည်း အကြောင်းရှိလို့ပေပေါ့ဗျာ၊ ဟဲ...ဟဲ'

သို့ဆိုတော့ ကျွန်တော်သည်လည်း နှုတ်ဆိတ်နေလိုက်တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် စခန်းတဲ ပြန်ရောက်လာသည်နှင့် မျောက်သားမီးကင် ကျက်ပြီးဖြစ်သည်ကြောင့် ပီစကီသောက်

www.burmeseclassic.com

www.burmeseclassic.com

အမြည်းလုပ်လိုက်ကြတော့၏။

လူဗလဲလေးက ကျွန်တော်တို့ထင်သလို မဟုတ်။ အရက်သောက်ရုံတင်မက အမူးလည်း သောက်တတ်နေခြင်းပင်။

လူဗလဲလေးက အတော်များသွားပုံရချေ၏။ သို့ကြောင့် ကျွန်တော်သည် လူဗလဲလေးကို တဲပေါ်သို့ ပွေ့ချီတင်ပေးလိုက်ပြီးမှ လင်းမြင့်လှိုင်နှင့် ဆက်သောက်လိုက်ပြန်၏။

'အား... အီး... အား... အား... အား... အီး'

လူဗလဲလေး အတော်မူးနေပုံပင်။ တအီးအီးဖြင့် အိပ်ရာထက်တွင် လူးလိမ့်နေလေ၏။

'သူ အတော်မူးနေပုံပဲဗျ'

'ဘာလုပ်ပေးလျှင် ကောင်းမလဲ'

'ကျွန်တော်တို့မယ် သံပရာသီးရှိတယ် မဟုတ်လား'

လင်းမြင့်လှိုင်က မေးလေ၏။

'တစ်လုံးလား ရှိသေးပုံရတယ်' သို့ဆိုလျှက် ကျွန်တော်သည် ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသည့် အင်္ကျီဘောင်းဘီအိတ်ကပ်တို့အတွင်း သံပရာသီးကို တစမ်းစမ်းဖြင့် လိုက်ရှာမိချေ၏။

တွေ့ပြီ။ အနည်းငယ်တော့ဖြင့် ခြောက်နေပြီဖြစ်၏။ သို့ငြား ဓားဖြင့် ထက်ခြမ်းခွဲလိုက်သည်တွင် အရည်ရှိနေသေးသဖြင့် လူဗလဲလေးထံသို့ သွားလိုက်ကာ နားအတွင်း သံပရာရည်ကို ညှစ်ထည့်လိုက်ရချေတော့၏။

'အာ... အာ... အာ... ဟင်း... ဟင်း... ဟား... ဟင်း... ဟင်း'

သို့နှယ် ညည်းညူလူးလိမ့်နေသည်ကြောင့် နားအတွင်းသို့ သံပရာရည်ကို ခက်ခက်ခဲခဲ ညှစ်သွင်းခဲ့ရချေ၏။

သံပရာရည် နားထဲဝင်သွားသည်တွင်...

'ဘာလုပ်တာတုန်း'

သို့ ပြောလည်းပြော၊ ကျွန်တော့်ကိုလည်း မယုံသင်္ကာဖြည့်လာချေ၏။ သို့ကြောင့်...

'ခင်ဗျား အမူးပြေသွားအောင်လုပ်တာ'

သို့ဆိုလိုက်တော့ ထထိုင်ကာ သူ စဉ်းစားနေလိုက်ပြန်၏။

ခေါင်းကိုလည်း ခါယမ်းလို့နေသဖြင့်...

'မင်းနားထဲကို ခက်ခက်ခဲခဲသွင်းရတာ ဘာလို့ အလိုလုပ်တာတုန်း'

'တကယ်ရော ပျောက်လို့လား'

'ဒါပေါ့ဗျာ'

'အင်း... ထူးဆန်းတာတော့ အမှန်ပဲကွ၊ နားထဲ သံပရာရည်ညှစ်ထည့်လိုက်တာနဲ့ အမူးပြေတယ်ဆိုတာ စောင့်ကြည့်ရမယ်'

သို့ဆိုလျှက် လူဗလဲလေးသည် တဲကြမ်းခင်းပေါ် ပြန်လှဲချလိုက်လေ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း စားသောက်ပြီးနောက် တဲပေါ်တွင် လဲလျောင်းလိုက်ကြ၏။

လူဗလဲလေးက သူ့တဲတွင်ရှိနေပြီး ကျွန်တော်တို့နှစ်ယောက်ကို မိမိတို့သို့ ပြန်ခဲ့ကြ၏။ မှောင်စပျိုးလေပြီဖြစ်၏။ တဲနှစ်တဲကြားတွင် မီးပုံလုပ်ထားကြခြင်းဖြစ်၏။

'ဝေါင်း...' 'ဝေါင်း...' 'ဝေါင်း...'

သို့အသံကြောင့် ကျွန်တော်သည် တဲပေါ်တွင် လဲလျောင်းရာမှ ကပျာကသီ ထလိုက်လေပြီး ထင်းမီးကို ထိုးထည့်ပုံက်၏။ ဘေးစောက မီးညှွန့်မရှိတော့ပြီကိုး။ ကျွန်တော်တို့ စိပ်တော့မည်

www.burmeseclassic.com

ဖြစ်၍ ဟိန်းသံကြားလိုက်လေမှ ထင်းမီးထပ် ထည့်လေခြင်းဖြစ်

ကြည့်ရသည်မှာ အသံသည် ကျွန်တော်တို့ တဲမှော

ဘက် တောင်ကြောပေါ်မှ ဖြစ်နေခြင်းကြောင့်ပင်။

'ကိုလင်း သည်ကောင် အန္တရာယ်လာပေးနိုင်လား'

သို့ ကျွန်တော်က မေးလိုက်ရင်း တဲပေါ် ပြန်တက်ထိုင်

လိုက်၏။

'သည်မီးတွေနဲ့ဆို စိုးရိမ်စရာမရှိပါဘူး'

'ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လူဗလံလေးကို တစ်ခု

ကြည့်လိုက်ပါဦးဗျာ'

သို့ကြောင့် လင်းမြင့်လှိုင်သည် သူနှင့်ကပ်လျက်ဖြစ်သော

တဲပေါ်မှ လူဗလံလေးကို လှမ်းကဲကြည့်လိုက်၏။

'ဟာ... ဒုက္ခပါပဲ'

'ဘာဖြစ်လို့တုန်း'

'လူဗလံလေး တဲပေါ်မှာမရှိဘူးဗျ၊ အပေါ့အပါးသွား

အမှောင်ထဲထွက်သွားလား မသိဘူး'

သို့ဖြစ်၍ ကျွန်တော်သည် ကဗျာကသီ တဲပေါ်မှ ပြန်ဆင်း

ကာ လူဗလံလေးဆီသို့ သွားလိုက်၏။

'ဟာ...'

မှောင်ရိပ်တွင်း လှုပ်လှုပ်ရှားရှား ဖြစ်နေခြင်းကြောင့်

အသေအချာကြည့်လိုက်၏။ အမှောင်တွင်းဆိုတော့ လူလုံးကြီး

ပုံရိပ်သဏ္ဌာန်တော့ဖြင့် ထင်းထင်းမြင်ရ၏။

လူနှစ်ယောက်က တစ်ယောက်ကို အတင်းကန်တော့

နေခြင်းဖြစ်၏။ ကန်ကျောက်ခံရသူသည် လူဗလံလေး ဖြစ်နေ

ဘယ်အခ်ိုကန်က ဘယ်လို လူဗလံလေးကို တဲပေါ်မှ

သွားကြသည် မသိခဲ့။

သို့တည်းမဟုတ် လူဗလံလေး အပေါ့အပါးသွားရန် မှောင်

တွင်းသွားစဉ် သူတို့ ရောက်လာဒုက္ခပေးခြင်းများလေလား။

သို့ပင်ဖြစ်စေ ကျွန်တော်သည် သေနတ်ကိုယူလျက် ထိုနေရာသို့

သွားလိုက်၏။

'ပြေး...'

'ပြေး... ပြေး...'

ကျွန်တော် ရောက်လာသည်ကြောင့် လူဗလံလေးကို ကန်

ကျောက်နေသူနှစ်ယောက်သည် ထွက်ပြေးသွားကြတော့၏။

လူဗလံလေး မြေပေါ်တွင် ခွေလဲနေလေ၏။

'အတော်နာသွားသလား'

ကျွန်တော်က လူဗလံလေးကို ဆွဲထူပေးလိုက်၏။

'ဘယ်လိုဖြစ်ရတာတုန်း'

လင်းမြင့်လှိုင် စိုးရိမ်တကြီး မေးလာလေ၏။

'ဘယ်သူတွေလဲ၊ ဘာလို့ ခင်ဗျားကို အဲလိုလုပ်တာလဲ'

ကျွန်တော်တို့၏အမေးကို အတော်နှင့်မဖြေ။ ထိုလူနှစ်

ယောက် ပြေးထွက်သွားသည့် အမှောင်ရိပ်တွင်း အံကြိတ်ကြည့်နေ

သည်...

'ခင်ဗျားကို သူတို့ ဘာ့ကြောင့် အဲလိုလုပ်ကြတာတုန်း၊

တဲပေါ်က ခေါ်ထုတ်သွားတာလား၊ ခင်ဗျားကိုယ်တိုင်

ရောက်လာပြီး ခုလို သူတို့ဝိုင်းဘေတာကို ခံရတာလား'

သို့ မေးလိုက်သည့် ကျွန်တော့်ကို စေ့စေ့ကြည့်လေပြီး...

'အောင်း...' ဆိုလျက် နှုတ်ခမ်းကို ရွဲ့လိုက်လေပြီး...

'မေးခွန်းတွေ များနေသလိုပဲ၊ ဘာမှ မသိချင်စမ်းပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com

ဒါ ငါ့ကိစ္စပါ'လို့ ပြောလာသဖြင့် ကျွန်တော် အတော်ကဲ့
ဆေါသထွက်မိသဖြင့်...

'နို့ဖြင့် လာမကူပါဘူး'လို့ ပြောလိုက်သည်တွင်...

'အဲလိုဆိုလျှင် သည်နှစ်ကောင် ခုလို ပြေးထွက်သွားခဲ့
လိမ့်မယ် မဟုတ်ဘူး'

'ဘာကွ...'

အတော်လာတဲ့သူပါကလား။ ကျွန်တော့်အမြင် သူခုလို
လိမ့်ခံနေရတာကိုများ သို့ပြောလာနိုင်လေသဖြင့် သရော်ပြုံး
လိုက်တော့၏။

'အင်းလေ... ခုလည်း သူတို့ကို အလွတ်ပေးမှာ မဟုတ်
ပါဘူး'

သို့ပြောလာပြန်သဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်
လူဗလံလေးကို နားမလည်နိုင်စွာ ကြည့်နေမိကြတော့၏။

ဦးနေဒက်ရော ကောင်းပါသေးရဲ့လားမသိ။

သို့ဖြင့် ကျွန်တော်တို့သည် တဲပေါ်သို့ ပြန်ရောက်ခဲ့
တော့၏။

'ဝေါင်း...' 'ဆေါင်း...'

ကြားရပြန်ပေပြီ။ ဟင်းကောင်ဟိန်းသံ၊ တောင်ကြော
မတော့ မဟုတ်လောက်ဘော့ပြီ။ ဟိုနှစ်ယောက် ပြေးတွက်
ရာလမ်းဘက်မှ ဖြစ်ချေ၏။

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်
လေးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြလေ၏။

လူဗလံလေး ရှူးကြောင်မူးကြောင် ပြောသလို
နှစ်ယောက် ဟင်းကောင်နှင့် ထိပ်တိုက်တိုးလေပြီလား။

သို့ကြောင့် လူဗလံလေးက ကြိုတင်သိနေ၍ သို့ စကား
ပြောခဲ့လေခြင်းများလေလား။

'ကဲ... ကိုဝိုက်၊ အိပ်ချေဗျာ၊ မနက်ကျ စောစောထ
သားကောင်ရှာပစ်ချေဦးမှဗျ၊ သည်မျောက်ကင် မကောင်းဘူးဗျ၊
မျောက်တံငါမို့လားတော့ မသိဘူး'

သို့ဖြင့် ကျွန်တော်တို့သည် အတန်ကြာတွင် နှစ်နှစ်မြို့က်
မြို့က် အိပ်မျော်သွားကြတော့၏။

'ထကြလေကွာ'

သို့အသံနှင့်အတူ ကျွန်တော့်ကို လှုပ်ခတ်နှိုးလာသော
ကြောင့် အိပ်ရာမှနိုးခဲ့ရတော့၏။

လူဗလံက နှိုးလာခြင်းဖြစ်၏။ မိုးစင်စင်လင်းလေပြီပဲ။
လင်းမြင့်လှိုင်တော့ မတွေ့။ စောစောထပြီး အမဲသွားရှာ
ခဲ့လေသည်လားမသိ။ သို့ကြောင့်...

'ကိုလင်းရော'လို့ မေးလိုက်၏။

'ဟိုဘက်သွားတယ်'

ညက ထွက်ပြေးသွားသူနှစ်ယောက် လမ်းကြောင်းကို
အေးဆေးပြေ ပြောလေ၏။

'ဘာပြောသွားသေးလဲ'

'အမဲပစ်သွားမယ်ပဲ ပြောတယ်'

'ခင်ဗျား ဘယ်အချိန်က နိုးနေလဲ'

'မင်းတို့နှစ်ယောက် အရင်နိုးနေတာ'

'ဩော်...'

သို့သာပြောပြီး ကျွန်တော်သည် ချောင်းဘက်သွား
ကြည့်သည်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ပြီး ထင်းမီးပုံရှေ့တွင်ထိုင်၍ ညက မျောက်သားကောင်ကို ဆာဆာဖြင့် ယူစားလိုက်၏။ လင်းမြင့်လှိုင်ပြောသလို ညီစော်နံနေလေ၏။ ညကတော့ မူးမူးဖြင့် စားရလေခြင်းကြောင့် အမှတ်တမဲ့ဖြစ်ခဲ့သည်ကိုး။ သို့ကြောင့်လည်း လင်းမြင့်လှိုင် အဓိပစ်ထွက်ခြင်းဖြစ်ပေ၏။

"ဒိန်း..."

သို့ရှိစဉ် သေနတ်သံ ကြားလိုက်ရ၏။ လင်းမြင့်လှိုင် ပစ်လိုက်ခြင်းဖြစ်မေမည်။ အတန်ကြာတွင် လင်းမြင့်လှိုင် ပြန်ရောက်လာ၏။ ဂျီငယ်တစ်ကောင်ကို ထမ်းပိုးလာ၏။

လူဗလဲလေးက လင်းမြင့်လှိုင် ထမ်းပိုးလာသည့် ဂျီကောင်သေတို့ လှမ်းယူ၍ အသားဖျက်ရန် ပြင်ဆင်ရလေ၏။

လင်းမြင့်ယိုင်တစ်ယောက် ကျွန်တော့်အား မျက်လုံးတစ်ဖက်မှိတ်ပြလာပြီး ခပ်လှမ်းလှမ်းသို့ထွက်သွားလေသဖြင့် ကျွန်တော် ကပ်လိုက်သွားတော့၏။

"ဘာကိစ္စရှိလို့တုန်း"

ကျွန်တော်က မေးလိုက်၏။

"သည်နေရာနဲ့ မကေးလောက်တဲ့နေရာမှာ လူနှစ်ယောက် သေနေတယ်"

"ဟင်..."

"ဘယ်လိုဖြစ်ရတာတုန်း"

"လူသတ်ခံရတာလေ"

"ဘယ်လိုပြောနိုင်တုန်း"

"သူတို့လည်ပင်းမှာ ပြတ်ရှဒဏ်ရာကြီးနဲ့လေ"

"ဗျာ..."

"မဗျာနဲ့ ကိုပိုက်၊ သူတို့ လည်တိုင်ကို ဓားနဲ့ခုတ်ဖြတ်ထားပုံပဲ၊ ကျွန်တော်တော့ လူဗလဲလေးကို မသက်ဘူး"

"မဖြစ်နိုင်ဘူးထင်တယ် ကိုပိုက်ရဲ့၊ တစ်ညလုံး ကျွန်တော်တို့နဲ့ ရှိနေတာပဲ၊ ခုမနက် သူ ကျွန်တော်တို့ အလျင်နိုးနေတယ်ဆိုပေမင့် သည်လူနှစ်ယောက်ကို သူက ဘယ်လိုလုပ်သတ်နိုင်မှာတုန်း"

"အဲဒါကို ကျွန်တော်လည်း စဉ်းစားနေတာပဲ ကိုပိုက်ရဲ့"

"သူ့ကိုကော ပြောမပြပေဘူးလား"

"မသိလိုက်ဘာသာ နေမယ်ဗျာ၊ အလောင်းကောင်တွေကို သူ ထိပ်တိုက်တိုးလေမှ သူ ဘယ်လိုဖြစ်သွားမလဲဆိုတာ သိချင်လို့"

"ကျွန်တော် သဘောပေါက်ပြီ ကိုလင်း"

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ လူဗလဲဂျီကောင်အသားဖျက်ရာသို့ သွားလိုက်ကြ၏။

"နှစ်ယောက်သား တွတ်ထိုးနေကြပါကလား၊ ဘာလဲငါ့အကြောင်း ပြောနေကြတာလား"

အတော်လျင်သည့် လူဗလဲလေးပါကလား။

"ဘယ်လိုဖြစ်နိုင်မှာတုန်း၊ ကျွန်တော်တို့ အရက်သောက်ဖို့ ပြောနေကြတာ"

"ငါတော့ တော်ပြီ၊ ညက ခေါင်းတွေကိုက်လိုက်တာ ခုထိ မလန်းဘူး"

"ဟင်..."

သို့ဆိုတော့ သည်ကနေ့ သူသည်နေရာက ဘယ်မှမသွားတာ သေချာပြီပေါ့။ ကျွန်တော်တို့ စဉ်းစားမရနိုင်ပါကလား။

"ကိုလင်း ဘယ်လိုသဘောရသလဲ"

သို့ မေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်လေပြီး…

"အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပါဘူး"

လို့ ပြောလာလေ၏။

"ဟုတ်တာပေါ့၊ နို့ပေမင့်လို့ အမှန်တရားကို ရှာမတွေ့သေးဘူးလေ၊ ဘယ်လောက်ကြာကြာ ဖြစ်နေမလဲ မသိဘူးဆိုတော့ အင်း… နောက်ထပ် ဘယ်လိုဆိုးဝါးတဲ့ အဖြစ်တွေနဲ့ ကြုံရလေဦးမယ် မသိဘူး"

"ကဲ… ကိုပိုက်၊ ခေါင်းရွှပ်မခံပါနဲ့ဗျာ၊ ရော့… သောက်လိုက်ချေဦး" လို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်တော့်ထံ ဝိစကီပုလင်းပြားလေးကို ကမ်းပေးလာခဲ့၏။

ကျွန်တော်သည် လှမ်းယူ တစ်ငုံသောက်လိုက်၏။

ရင်တွင်း ပူလောင်သွားပေမင့် ကျွန်တော်သည် ကျွန်ုပ်မျက်နှာလိုက်ချေပြီး နောက်ထပ်တစ်ငုံ မော့သောက်လိုက်တော့၏။

သည်တစ်ငုံကတော့မူ ခါးသောအရသာကို ရလိုက်တော့၏။ ကျွန်တော် သိလိုက်ချေပြီဖြစ်သည်။

ကျွန်တော် များနေပြီ။ လည်ချောင်းတွင် တစ်ဆို့ကြီးဖြစ်သွားလေ၏။ နောက်ထပ်တစ်ငုံ မော့သောက်လိုက်မည်ဆိုပါလျှင် ကျွန်တော် မူးလဲသွားနိုင်လောက်ပေသည်။

ကျွန်တော်သည် ကပျာကသီ မနေ့ကအကျွန် မျောက်သားကင်ကို တစ်ဖဲ့ယူစားလိုက်၏။

"ဖွီးလ်…"

ခါးသက်သက်အရသာကြောင့် တွေးထုတ်လိုက်၏။

"ဘာလို့လဲ"

လင်းမြင့်လှိုင်က မေးလေ၏။

"သည်းခြေပေါက် စွန်းထင်းသွားလား မသိဘူး"

"အရက်ခါးခါး မျောက်သားခါးခါး ဆေးဘက်ဝင်သွားဘာပေါ့"

သို့ ပြောလာသူသည် လူဗလဲလေး ဖြစ်ချေ၏။

"နို့ဖြင့် ခင်ဗျား သည်မျောက်သားတွေမယ် သည်းခြေဆာက်ပြီး ထည့်ထားတာပေါ့"

"ဟုတ်တယ်"

"မင်း အင်မတန်ညစ်ဝတ်တာပဲ"

"မင်းတို့အတွက်ပါ"

"ဘာဗျ…"

"ဩော်… မျောက်သည်းခြေခါးပေမင့် ဆေးဘက်ဝင်တယ်ကွာ၊ မင်းတို့က မျောက်ချေးခါးပဲ စားဖူးတော့တာကိုး"

"ထွီ…"

ပါးစပ်တွင် ခါးနေသေးသဖြင့် ကျွန်တော်က တံတွေးထွေးထုတ်လိုက်ပြန်၏။

"ဖြူသိုကို စားဖူးလား"

"ခင်ဗျား စားပါလား"

"စားတယ်လေ၊ မျောက်သားသည်းခြေထက် ခါးတယ်၊ ပေမင့်လို့ ဆေးဘက်ဝင်တယ်၊ အေး… ခါးတဲ့ဒဏ်ကို ခံနိုင်ပေမင့် အနံ့ကိုကော့ မခံနိုင်ဘူးကွ၊ အင်မတန်ဆိုးဝါးတဲ့ အနံ့ပေပဲ၊ သိုးနံ့ကြီးလိုယ်"

လူဗလဲလေးက ပြောသည်ကို ကျွန်တော် လက်ခံလေ၏။

သို့တွက်မူ ကျွန်တော် ဖြူကောင်သိုကို စားဖူးသောကြောင့် ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုဝိုက် တစ်ငုံလုပ်ပါဦး"

လင်းမြင့်လှိုင်က ပုလင်းပြားလေးကို ကမ်းပေးလာပြန်တော့ ကျွန်တော် လက်ကာပြလိုက်၏။ ပြီး ရေခွက်တွင်းမှ ရေကို တင်းသောက်လိုက်၏။ စမ်းချောင်းရေဖြစ်သည်ကြောင့် ရေခဲရေကဲ့သို့ အေးမြလှချေ၏။ ပြီး အိပ်ရာထက် လှဲလိုက်တော့၏။

"ဟား... ဟား... ဟား... ဟား"

လူဗလဲလေး ကျွန်တော့်ကို သဘောကျရယ်မောနေသေး၏။ ကျွန်တော်သည် အညောင်းဆန့်သည့်အနေဖြင့် တဲပေါ်တွင် လဲလျောင်းနေရာမှ မျက်လုံးများ မှေးစင်းအိပ်ပျော်သွားလေ၏ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားလေသည်မသိ။

"ကိုဝိုက် ထတော့လေ"

ဆိုသည့် အသံနှင့်အတူ ကျွန်တော် ခန္ဓာကိုယ်ကို လှုပ်နှိုးလေသဖြင့် မျက်လုံးကျယ်လာရပြန်၏။

"ဟိုတစ်ယောက်ကရော"

ကျွန်တော် လူဗလဲလေးကို မတွေ့သဖြင့် မေးလိုက်၏။

"ညအိပ်တန်းဝင် ငှက်ပစ်ဖို့သွားတယ်"

"သူ အန္တရာယ်ရှိနိုင်တယ်"

"ဘာလို့တုန်း... ဟောဟိုရှေ့က ဝါးတောထဲဝင်သွားတာ အဲဒီ ဝါးတောလေးမယ် ဝါးရောင်းငှက်ပေါတယ်၊ သူ သွားပင်မယ်လို့ ပြောတာပဲ"

သို့ဆိုတော့ လင်းမြင့်လှိုင် အမှတ်တမဲ့ ဖြစ်သွားလေခြင်း ဖြစ်မည်။ ဧရိုဖြစ်၍...

"ကိုလင်းလည်း ညကအသံကြားလိုက်တယ် မဟုတ်လား၊ ဟင်းကောင် ဟိန်းသံ"

သို့ ကျွန်တော် ပြောလေမှ လင်းမြင့်လှိုင်တစ်ယောက် လူဗလဲလေးအတွက် အတော်ကလေး စိုးရိမ်ပူပန်ပုံ ဖြစ်သွားချေ၏။

"နို့ဖြင့် ကျွန်တော် လိုက်သွားချေဦးမယ်ဗျာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

လင်းမြင့်လှိုင် ထွက်သွားလေ၏။ အချိန်ကမနည်းလေပြီ။ ကျွန်တော် အတော်ကလေး အိပ်ပျော်သွားသည်ပဲ။

ကျွန်တော်သည် အကျွန်မျောက်သားကင်တွေကို အဝေးသို့ လွှင့်ပစ်လိုက်လေပြီး မီးပုံပေါ်တွင် ကောင်လုံး တစ်စို့ထိုး မီးကင်ထားသော ဂျီ(ချေ)အားကို တစ်ဖဲ့ဆွဲခွာပြီး ဝါးလိုက်၏။

ချိုလိုက်သည်မှာ ကောင်းမကောင်း။ စောစောက မျောက်သားကင်နှင့် လုံးဝမဆိုင်ပါကလား။ သို့ကြောင့် ကျွန်တော်သည် နောက်ထပ်တစ်ဖဲ့ ဖဲ့ယူလိုက်ပြန်၏။ ပါးစပ်တွင်း သွင်းလိုက်မည် အလုပ်တွင်...

"ဒိန်း..."

"ဟာ..."

ဝါးတောဘက်မှ သေနတ်သံပါကလား။ သို့ဆိုပါလျှင် လင်းမြင့်လှိုင် ပစ်လိုက်တာပေပဲပေါ့။ အင်း... တစ်ခုခုဖြစ်လို့ ဖြစ်ချိမ့်မည်။ လင်းမြင့်လှိုင်သည် စခန်းတွင် စားစရာ လုံလုံလောက်လောက်ရှိနေပါလျှင် ဘယ်တုန်းကမှ သားကောင်ကို ထပ်မံပစ်လေ့ မရှိချေ။ သူ့ကို ထိပ်တိုက်တိုး ရန်ပြုလာသည့် သားရဲကောင်နှင့် ခဲ့လေမှ ပစ်တတ်စမြဲဖြစ်၏။ သို့ဆိုတော့ ယခု ကြားလိုက်ရသော သေနတ်သံသည် လင်းမြင့်လှိုင် ပစ်လိုက်ခြင်းမှန်ပါလျှင် လင်းမြင့်လှိုင် အန္တရာယ်နှင့် ကြုံနေသည် ဖြစ်ချိမ့်မည်။

သို့ကြောင့် ကျွန်တော်သည်လည်း ထို ဝါးတောအတွင်းမှ

www.burmeseclassic.com

လင်းမြင့်လှိုင် ပြန်ထွက်လာသည်ကို စောင့်မျှော်ကြည့်နေလိုက်၏။

အတန်ကြာသည့်တိုင် လင်းမြင့်လှိုင် ထွက်မလာချေ။ သို့နှယ် လူဗလဲလေးသည်လည်း ပျောက်နေလေ၏။

ကျွန်တော် သေနတ်ကိုယူ၍ ထိုဝါးတောဘက် ပြေးသွားလိုက်၏။ ကျွန်တော် ဝါးတောဘက်သို့ ရောက်သည်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဆိတ်လန့်သွားတော့၏။

လင်းမြင့်လှိုင်တစ်ယောက် လူဗလဲလေးကို ထမ်းပိုး၍ ဝါးတောအတွင်းမှ ထွက်လာပါကလား။

ဘုရားရေ... လင်းမြင့်လှိုင်တစ်ယောက် ဝါးတောအတွင်း လူဗလဲလေးကို သွားရှာရင်း တောမှောက်ခံရပြီး လူနှင့် တိရစ္ဆာန်များယွင်းပစ်ခတ်မိသွားလေခြင်းများလား။ သို့အဖြစ်မျိုး ဖြစ်တတ်လေသည်ပဲ။ သို့ကြောင့် လင်းမြင့်လှိုင်ထံ ပြေးသွားလိုက်၏။

'ကိုလင်း... ကိုလင်း... ဒါ ဘယ်လိုဖြစ်တာတုန်း'

လင်းမြင့်လှိုင်ပခုံးထက်မှ သွေးသံရဲရဲနှင့် လူဗလဲလေးကို ကြည့်ရင်း တုန်လှုပ်သည့်လေသံဖြင့် မေးလိုက်၏။ လူဗလဲလေးကိုလည်း အသက်မှရှိသေးရဲ့လားလို့ စေ့စေ့ကြည့်လိုက်၏။

အလို... ဦးခေါင်းထက်မှ သွေးတို့ ယိုစီးကျနေခြင်းပါလား။

ဘယ်လိုဖြစ်ရတာပါလိမ့်။

'ကိုပိုက်...သည်လောက်လည်းမစိုးရိမ်ပါနဲ့ဗျာ၊ ဦးခေါင်းကို နည်းနည်းပါးပါးထိပြီး သွေးထွက်သံယို ဖြစ်ရုံလောက်ပါ။ အသက်အန္တရာယ် မထိနိုက်နိုင်ပါဘူး'

ကျွန်တော် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်၏။

'ကိုလင်း သူဒဏ်ရာ သေးတာ ကြီးတာ ခရာထားလိုက်

ဘယ်လိုဖြစ်သွားတုန်း ရှင်းပါဦးဗျာ၊ ဘာလဲ... ကိုလင်း တောမှောက်သွားလို့လား'

'ဘယ်လို...'

'ဪ... ကိုလင်း တောမှောက်ပြီး လူဗလဲလေးကို ကောင်မှတ်ပြီး ပစ်လိုက်တာလားလို့ မေးတာ'

'ဟား... ဟား... ဟား... ဟား... ဟင်း... ဟင်း.... ဟား... ဟား... ဟား'

လင်းမြင့်လှိုင်က သို့ အားပါးတရ ရယ်မောလိုက်လေ၏...

'ကိုပိုက်ရယ်... ဘယ်လိုဖြစ်နိုင်မှာတုန်း၊ အလင်းကြီးပဲ၊ ပြီးတော့ ဝါးတောလေ၊ ဒီသူကို ကျွန်တော် သည်ပုံစံနဲ့တွေ့လို့ သိနေခဲ့လာတာ'

'ဟင်... နို့ဖြင့် သေနတ်သံကြားလိုက်ပါတယ်၊ ကိုလင်းပစ်လိုက်တာ မဟုတ်ဘူးလား'

'ဟုတ်တယ်လေ'

'ဘာ့ကြောင့်မစ်ရတာတုန်း'

'သူ့ကို ငိုင်းရိုက်ကြတဲ့ လူနှစ်ယောက်ကို ခြောက်လှန့်ပစ်လိုက်တာပါ'

သည်တော့မှ ရှင်းသွားသဖြင့် လင်းမြင့်လှိုင်အတွက် စိုးရိမ်နေခဲ့ကင်းရှင်းသွားတော့၏။

သို့ပေမင့်လို့...

'သူ့ကို စခန်းပြန်ခေါ်သွားမှပဲထင်တယ်'

'အဲလိုလုပ်ဖို့ပဲ ကျွန်တော် သူ့ကို ထမ်းခေါ်လာတာ၊ ဒီနှစ်ယောက်ကိုတောင် အလွတ်ပေးလိုက်ရတာ'

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတွေတုန်း၊ ဘာလို့ လူကို ဝိုင်းရိုက်ကြတာတ
"ဝါးခုတ်သမားတွေ ဖြစ်မယ်၊ ဘယ်လိုကြောင့်လဲဆို
သူကိုမေးမှ ရမယ်"

သို့ဖြင့် ကျွန်တော်တို့သည် လူဗလဲလေးကို စခန်းထဲ
ပြန်ခေါ်လာကြလေပြီး ခေါင်းမှဒဏ်ရာကို သွေးတိတ်အောင်
ထည့် ပတ်တီးစည်းပေးလိုက်၏။

"အတော်နာသလား" ကျွန်တော်က လူဗလဲလေး သ
နေသည်ကြောင့် မေးလိုက်၏။

"ခေါင်းကွဲလောက်အောင် အရိုက်ခံရတာ၊ မနာ
မလားကွ"

"အေးဓလေ... သိတာပေါ့၊ ခင်ဗျား မည်သည်ညှာလို့
တာ"

"အောင်မယ်လေးဗျာ... ယောကျ်ားပါကွ၊ နာတာ
နာတာပေါ့၊ အော်ဟစ်နေလို့ ဘယ်ကောင်းပါ့မလဲ"

"နို့ဖြင့် ပြောပါဦး၊ ဘယ်လိုဖြစ်ကြတာတုန်း"

"ဟင်း... ဟင်း... ဟင်း... ကြံကြံဖန်ဖန် ဖြစ်ရတ
လို့ ပြောရမှာပဲ၊ ငါ ဝါးရောင်းငှက်ပစ်ဖို့ သွားတာကွ၊
မကျွမ်းကျင်မှုကြောင့် ငှက်တွေက ငါ့ခြေသံကြောင့် ထပျံသွ
တယ်လေ၊ ဆိုတော့ ငါလည်း ခေါ်သူထွက်ပြီး ကဗျာကဲ
လှမ်းပစ်လိုက်တယ်၊ ဘယ်လိုဖြစ်နိုင်မှာတုန်းကွာ၊ နို့ပေမဲ့လို့ ငါ
လိုက်တဲ့ လေးသီးက ချုံပုတ်နောက်ကွယ်မယ့် အလေးအခင်း
နေတဲ့ ဝါးခုတ်သမားပေါင်ကို သွားမှန်တယ်လေ၊ သူလည်း လန့်
ထပြေးသွားတယ်၊ ငါလည်း ငါ့ဘာသာ စဉ်းစားသဘောကျ
ရယ်နေလိုက်တယ်"

"ဟား... ဟား... ဟား... ဟား... ဟား... ဟား...
ဟား"

"ဟိတ်ကောင်... ဘာရယ်တာလဲ"

"ဟင်... ငါ့နောက်မှာ ဝါးခုတ်သမားတစ်ယောက်
မှန်သွားတယ်လေ၊ သည်ကောင် ကြောက်တတ်လိုက်တာ၊
ပြေးထပြေးသွားတယ်၊ ဒါ ရယ်စရာကောင်းတာကိုး၊ နို့ကြောင့်
နေတာ လို့ ပြောလိုက်လျှင်ပဲ သူက ငါ့ကို ရုတ်ခြည်းဖမ်းချုပ်
ပြီး စောစောက ထပြေးသွားတဲ့သူနောက်ကို လိုက်သွားတယ်"

"သိပ်မဓေးလောက်တဲ့နေရာရောက်တော့ သူက လှမ်းခေါ်
တယ်၊ အဲဒီတစ်ယောက် ပြန်လာည့်လာတယ်၊ အကျိုးအကြောင်း
တော့ ငါ့ကို သူတို့နှစ်ယောက် ဝိုင်းဘေကြတော့တာပဲ၊ သူ
လာလို့ပေါ့ကွာ၊ ဟား... ဟား... ဟား... ဟား...
ဟင်း... ဟင်း... ဟား... ဟား... ဟား"

အတော်ဟုတ်သည့် လူဗလဲလေး။ သူမို့ ရယ်နိုင်သေး၏။

"ခင်ဗျားနှယ်ဗျာ... ဖြစ်မှဖြစ်ရလေ၊ ကျွန်တော်သာ
မလာလျှင် ခင်ဗျားတော့ အသေပဲ ထင်ပါရဲ့"

လင်းမြင့်လှိုင်က သို့ပြောလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း"

သူက ပြန်ပြောလာ၏။

"ဟ... ခင်ဗျားကို နှစ်ယောက်ဝိုင်းဘေကြတာ အပြတ်
ကြတာလို့ ကျွန်တော်ထင်တာပဲ"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင်...

"ဩော်... မင်းက ကျေးဇူးရှင်ကြီး လုပ်မနေပါနဲ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com

မင်းရောက်မလာလျှင်လည်း ငါ သည်ထက်ပိုခံရစရာ အကြောင်း
မရှိဘူးကွ'

'ဟော... ခင်ဗျားက ပြောလိုက်လျှင် အသေချာကြီးပဲ
ကလား'

'အေးလေ... မင်းရောက်လာလို့ ငါသည်လိုပြောနိုင်တာ
လို့ ထင်ချင်ထင်ပေါ့ကွာ၊ အေး... တစ်ခုပြောထားမယ်၊ ငါ
ဘယ်တော့မှ တစ်ယောက်တည်းဆိုတာ ငါ့တစ်သက်မှာ မရှိခဲ့ဘူး
လို့ ထင်တာပဲ၊ ငါနားမယ် ငါ့ပတ်ဝန်းကျင်မယ် တစ်ယော
ယောက် ရှိနေသလိုပဲကွ'

သို့ ပြောလာသည့် လူဗလဲလေးကို ကျွန်တော်နှင့် လင်
မြင့်လှိုင်သည် နားမလည်သလို ဧေ့ဧေ့ကြည့်နေမိကြပေတော့သည်

ကျွန်တော်တို့ ထိုစခန်းမှ ခွာခဲ့လေပြီး ခရီးအတန်ဝ
ပေါက် နေရာရောက်သည်တွင် သူ့စကား မှန်လွန်းလှသည်
ယုံရလောက်မလို အဖြစ်ဆန်းတစ်ခုနှင့် ကြုံလိုက်ကြတော့၏

'ဟာ...' 'ဟင်...'

လူတစ်ယောက် မှောက်ခဲကြီး လဲကျနေသဖြင့် ဆွဲ
လိုက်၏။

ဘုရားရေ... လည်ပင်းတစ်ဝိုက် ဓားဒဏ်ရာရ သေ
နေတာပါကလား။ ဘုရား... ဘုရား... လူသတ်သမားနှင့် တိုး
ပြီကော။ သူ့လည်ပင်းမှ ဓားဒဏ်ရာကို စေ့စေ့ကြည့်လိုက်မိ
ဓားပါးလေးဖြင့် နှစ်ချက် ဖြတ်ခံထားရခြင်းပါကလား။ ရက်
လိုက်တာ၊ ကျွန်တော်သည် လူဗလဲလေး၏ ဓားပြားလေးကို
ကြည့်မိလိုက်၏။ ထိုသည်ကို ရိပ်မိသွားသော လူဗလဲလေး

'ဘာလဲ... ကျုပ် ခင်ဗျားတို့နဲ့ ဘာတူရှိနေတာလဲ

သို့လည်း ဟုတ်ပေသားကလား။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ လင်းမြင့်
လှိုင်က ခေါင်းဆတ်ပြလာချေပြီး...

'အင်း... ခင်ဗျား သူ့ကို မှတ်မိပါတယ်'

လူဗလဲလေးကို ပြောလိုက်၏။

လူဗလဲလေးက ပြုံးစိစိလုပ်နေလေပြီး...

'မင်းလည်း ကောင်းကောင်းမြင်လိုက်တာပဲ မဟုတ်လား၊
သည်ကောင် ငါ့ကိုဘေတဲ့အထဲက တစ်ယောက်လေ'

'ဟင်...'

'ခင်ဗျား မှန်မှန်ပြောစမ်း၊ သည်ပတ်ဝန်းကျင်မှာ ခင်ဗျား
နဲ့ဝတ်သက်တဲ့သူတစ်ယောက် အမြဲရှိနေတယ် မဟုတ်လား'

လင်းမြင့်လှိုင်က မေးလိုက်၏။

'ဘုရားရေ... ရွာကထွက်လာတုန်းက မင်းတို့နဲ့ ငါဖို့မေ့
တာပဲကွာ၊ ငါ ဘယ်လိုလုပ်သိမှာလဲ၊ ရှဉ်းတော့၊ သူဘာသာ
လိုက်လာတာဖြစ်မယ်'

သို့ပြောပြီး လူဗလဲလေးသည် ရှေ့ဆက်လျှောက်သွားလေ
၏။ လင်းမြင့်လှိုင် မပြောသာတော့ပြီ။

'ကိုဝိုက်ရေ... မျက်စိလျင်လျင်သာ ကြည့်ချေဗျာ၊
ကျွန်တော်တို့နောက်မယ် နို့မမဟုတ် ဘေးမယ် လူတစ်ယောက်
ဆောက် လိုက်လံချောင်းမြောင်းနေလိမ့်မယ်ဗျ၊ အင်မတန် ခြေသံ
သုတ်ပြီး ဖျတ်လတ်တဲ့လူဖြစ်မယ်'

သို့သော လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြောနိုင်ချေတော့၏။
ကျွန်တော်တို့သည် ရှေ့ဆက်တောတိုးလျှောက်နေကြပြန်၏။

'ဖလပ်... ဖလပ်... ဖလပ်... ဖလပ်...'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် အောက်ပေါင်းရွှံပတောတွင်းသို့ လျှောက်ခဲ့ကြရာမှ သို့အသံကြောင့် အသံပေါ်ထွက်လာရာ သစ်ပင်တို့ထက် မော့ကြည့်လိုက်ကြ၏။

သိမ်းငှက်တစ်ကောင်ပါကလား။ သစ်ပင်ကိုင်းဖျားတစ်ခုတွင် ငြိတွယ်နေပုံရ၏။ အတောင်ပံနှင့် သစ်ပင်ကိုင်း ငြိနေခြင်းဖြစ်ချိမ့်မည်။

'သည်ငှက်နယ်ကွာ ... ကြံကြံဖန်ဖန် သစ်ကိုင်းနဲ့ အတောင်ပံ ငြိနေရတယ်လို့'

လူဗလံလေးက သို့ပြောလာသဖြင့် ကျွန်တော် ရယ်မိသေးတော့၏။

'ဘယ်လိုဟုတ်မှာတုန်းကွာ၊ သည်ငှက် ဒဏ်ရာရပြီး ကိုင်းနဲ့ငြိနေတာပါ'

'ဖလပ်... ဖလပ်... ဖလပ်... ဂီးလ်... ဂီးလ်'

ငှက်သည် ရုန်းကန်နေလေ၏။ ထိုနေရာမှ လွတ်မြောက်ပျံသန်းရန် ကြိုးစားနေပုံရချေ၏။ သို့ငြား ဘယ်လိုမှ ရုန်းထမပျံနိုင်ဖြစ်ချေသဖြင့်...

'ကဲ... ကိုပိုက်ရေ... ကျွန်တော်တို့ မုဆိုးတွေဆိုပေမင့် ဒဏ်ရာရလျက်နဲ့ ကြိုးစားအသက်ရှင်ဖို့ အားသန်နေတဲ့ သိမ်းငှက်ကောင်ကိုတော့ ကူညီပေးမှဖြစ်မယ်'

ဆိုလျက် လင်းမြင့်လှိုင်သည် တုတ်ပိုင်းတစ်ခုကို ကောက်ယူလိုက်လေပြီး ထိုငှက်ငြိနေသည့် သစ်ကိုင်းကိုပစ်ရန် ရည်ရွယ်လိုက်ချေ၏။

'ငှက်ကိုထိလျှင် ကိစ္စပြတ်သွားပါဦးမယ်၊ ဟဲ... ဟဲ... ဟဲ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ထိသွား ကိစ္စပြတ်တော့လည်း စားရချေသေးတာပေါ့'

'ဂုစ်...' 'ဘုတ်...' 'ဘုတ်...'

'ဖလပ်... ဖလပ်... ဖလပ်... ဖလပ်'

လင်းမြင့်လှိုင်သည် ပြောပြောဆိုဆို လှမ်းပစ်လိုက်လေ၏။

လင်းမြင့်လှိုင် ဖြစ်လိုသည့်အတိုင်း ဖြစ်လာချေ၏။ ငှက်ကောင်ငြိနေသော ကိုင်းဖျားမှ ပြုတ်ထွက်လာ၏။ သို့ပေမင့် သူ ဘခြားသို့ ပျံသန်းမသွားနိုင်။ သစ်ကိုင်းထက်မှ မြေပြင်သို့ ခုန်သတ်လည် ကျလာချေတော့၏။

'ဖလပ်... ဖလပ်... ဖလပ်'

မြေပြင်တွင် လူးလိမ့် တောင်ပံခတ်နေပြန်၏။

'ဂီးလ်... ဂီးလ်'

'သည်ကောင် ဘယ်နားဒဏ်ရာရနေတာပါလိမ့်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သိမ်းငှက်ကောင် ရှိရာသို့ သွားလိုက်တော့၏။ ထိုသိမ်းငှက်ကောင်ကို ကောက်ယူ လှည့်ပတ်ကြည့်နေလေ၏။

ခြေထောက်မှာလည်း မရှိ၊ ခန္ဓာကိုယ်မှာလည်း မရှိ၊ ဦးခေါင်းတွင်လည်း မရှိ၊ သို့တောင်မှ ဘယ်သို့ဖြစ်ရပါလိမ့်။

ငှက်ကောင်ကို ဓင်တစ်ပြန် ခေါင်းတစ်ပြန် လှန်လှောကြည့်လိုက်ပြန်၏။ ဒဏ်ရာကား ဘယ်ဆီမယ် မသိ။

ကျွန်တော့်ကို လှည့်ကြည့်လာ၏။ အံ့သြတကြီးလည်း ဖြစ်နေပြန်၏။ သို့ရှိစဉ် ငှက်ကောင် ဇက်ကျိုးသွားလေ၏။

'ဟင်...'

လင်းမြင့်လှိုင်သည် ငှက်ကောင်၏ ဦးခေါင်းကို အသာ

www.burmeseclassic.com

www.burmeseclassic.com

အယာကိုင်လိုက်လေမှ ဒဏ်ရာနေရာကို တွေ့လိုက်ချေတော့၏။

"ကိုပိုက်... သည်မယ်ဗျာ၊ သူ နို့ကြောင့် သေရတာ ခင်ဗျ လျက် လင်းမြင့်လှိုင်သည် ငှက်ကောင်၏ လည်တိုင်တွင် အမွေး တစ်ပင်ကို ဆွဲနုတ်လိုက်လေ၏။

"ဟင်..."

လင်းမြင့်လှိုင် ဆွဲနုတ်လိုက်လေသည်မှာ အမွေးအမျှင် မဟုတ်။ လေးလက်မလောက်အရှည်ရှိ ဝါးချွန်လေးတစ်ခု ဖြစ်နေ၏။

"ကိုပိုက် သည်မယ်ကြည့်ပါဦး"

လင်းမြင့်လှိုင် ပြော၍ ကမ်းပေးလာသည့်အရာကို ကျွန်တော် က လှမ်းယူလိုက်သည်တွင် လင်းမြင့်လှိုင်က ကပျာကသီ သူကမ် ပေးလာသည့် ဆူးရှည်လေးကို ရှုပ်သိမ်းလိုက်လေ၏။

"ဟင်... ကိုလင်း၊ ဘယ်လိုဖြစ်ရတာတုန်း"

လင်းမြင့်လှိုင်၏ အပြုအမူကို သဘောမကျလေသဖြင့် သို့ ပြောလိုက်တော့၏။

"ဘာဖြစ်ရမှာတုန်းဗျ၊ သည်ဆူးချွန်အပျားက မကိုင်နဲ့လေ"

"ဘာလို့တုန်း"

"သည်မယ် မတွေ့လား၊ သည်အချွန်အသွားမယ် အဆိ တွေ သုတ်လိမ်းထားတာ"

"ဟင်..."

လင်းမြင့်လှိုင်ပြောသည်လည်း ဟုတ်လို့နေ၏။ ဆူးခဲ့ အဖျားမှ ဆူးချွန်အလယ်ထိ ညိုညစ်နေလေသည့် အရောင်အသွေး တွေ့ရလေ၏။ ထိုသည်ကား အဆိပ်တွေပင် ဖြစ်တော့၏။

"သည်ငှက်ကို သည့်ဆူးနဲ့ ပစ်ဖမ်းတာဗျ"

"ဘယ်သူများ အဲလိုစိတ်ကူး သုံးရတာပါလိမ့်ဗျာ"

ကျွန်တော်က သို့ ပြောလိုက်၏။

"နို့... နေပါဦး ကိုလင်းရဲ့၊ သည်ဆူးချွန်လေးနဲ့ ဘယ်လို ပစ်တာတုန်း"

ကျွန်တော်က နားမလည် မသိသဖြင့် မေးလိုက်၏။

"မှုတ်ပြောင်းနဲ့သုံးတာ"

"ဟင်..."

"မှုတ်ပြောင်း ဟုတ်လား"

"ဟုတ်တယ် ကိုပိုက်၊ မှုတ်ပြောင်းမတိုမရှည်ကို သုံး ထားတာ၊ သည့်ဆူးချွန်က ဘာလဲ သိလား"

ကျွန်တော်က အသေအချာကြည့်လိုက်၏။

"ဝါးကိုလုပ်ထားတာလည်း မဟုတ်ဘူး၊ ဘာကိုလုပ်ထား တာပါလိမ့်"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဝါးလည်း မဟုတ်သလို သစ်သားကိုလည်း ဆူးချွန်လုပ် ထားတာ မဟုတ်ဘူး၊ သစ်ပင်ဆူးချောင်းကိုဖြုတ်ပြီး လုပ်ထား တာ"

"ဗျာ..."

"ဟုတ်တယ် ကိုပိုက်၊ ဒါ အရေးပေါ်သုံးသွားတာ၊ ရေး ဆန်တဲ့ မှဆိုးကြီးတစ်ယောက် လက်ချက်ဖြစ်မယ်"

"နို့ဖြင့် အဆိပ်ကို ဘယ်ကရသလဲ"

ကျွန်တော်က စူးစူးစမ်းစမ်း မေးလိုက်၏။

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ပေဘူးဗျ၊ သူနဲ့ တွေ့မှပဲ မေးကြည့်ရတော့မယ်"

www.burmeseclassic.com

ကျွန်တော်တို့သည် သိမ်းငှက်ကောင်ကို မြေမြှုပ်ခဲ့၍ ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ဦးက လိုက်လံခေါင်းမြောင်းနေသည်ဟု ထင်လိုက်သည်ကြောင့်...

"ကိုလင်း... ကျွန်တော်တို့နားမယ် တစ်စုံတစ်ယောက်တော့ဖြင့် ရှိနေလောက်တယ်ဗျ လို့ တိုးတိုးကပ်ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ပြုံးစိစိလုပ်နေလေပြီး...

"သိပ်ဟုတ်တာပေါ့၊ ကိုပိုက်လည်း ဘယ်ဆိုးလို့တုန်း၊ အတော်ကလေး တိုးတက်နေပြီကော"

သို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော် ပြုံးပြလိုက်မိ၏။

"ကိုပိုက်ရဲ့ ဘယ်သက်ဆားလွယ်ခုတ်လောက်မှာရှိတဲ့ နွယ်ပတ်သစ်ပင်ကြီးနောက်တ ချုံပုတ်ထဲမယ် ရှိတယ်၊ အမှတ်တမဲ့ကြည့်လိုက်ချေ"

"ဗျာ..."

ကျွန်တော် တဆေ့တစောင်း ကြည့်လိုက်၏။ ဟုတ်ပေသားကလား။ သစ်ပင်ကြီးအခြေအောက်တွင် ပုဆိုးစ ထွက်နေလေ၏။

"တွေ့တယ် ကိုလင်း"

သို့ ကျွန်တော်က ပြောလိုက်၏။

"မသိလိုက်ဘာသာနေ"

"ဟုတ်ပြီ"

သို့ဖြင့် ကျွန်တော်တို့သည် ဆက်၍တောတိုးခဲ့ကြပြန်၏။ မသိမသာ နောက်လှည့်ကြည့်မိ၏။

တကယ်ပဲ ထိုလူ နောက်ယောင်ခံလိုက်နေပါရောလား။

ကျွန်တော်တို့တွင် သူလိုချင်တာ ဘာများရှိလို့ပါလိမ့် သို့တည်းမဟုတ် လူဗလဲလေးနှင့် ပတ်သက်လို့များလား။

သို့ဖြင့် ပျဉ်းမရွက်ကြီးပင်တို့အပေါက်များသည့် နေရာတစ်ခုသို့ ရောက်လာကြတော့၏။ အောက်ပေါင်းကတော့ အရှင်းသားကလားဆိုပေမင့် ထိုနေရာလေးတွင် ရေအိုင်ကြီးတစ်ခု ရှိချေ၏။

ရေအိုင်ကြီးသည် ညစ်ပတ်ရေများဖြင့် ပြည့်လျှံနေလေ၏။

"လာဗျာ ကိုပိုက်၊ ဟိုရှေ့က ပျဉ်းမရွက်ကြီးပင်အောက် သွားပြီး ထိုင်နားကြစို့"

လူဗလဲလေးက လှည့်ကြည့်လေပြီး...

"အဲလိုသာ လုပ်နေမယ်ဆိုလျှင်ဖြင့် အင်ကြင်းတောကို ဘယ်လိုရောက်နိုင်တော့မှာတုန်း"

လို့ ပြောလာလေ၏။

"ခဏတဖြုတ် နားချင်တာ"

လင်းမြင့်လှိုင်က သို့သာ ပြောလေပြီး ထိုအပင်ကြီးအောက် သွားထိုင်လေတော့သဖြင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှင့်အတူ လိုက်သွားထိုင်လိုက်၏။

လူဗလဲလေးသည် ကျွန်တော်တို့နား လာမထိုင်တော့ဘဲ ခပ်လှမ်းလှမ်းရှိ သစ်တစ်ပင်အောက်တွင် ထိုင်လိုက်လေသဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတော့၏။

"ကိုလင်း မတွေ့တော့ပါကလား"

နောက်ယောင်ခံလိုက်သူကို သတိထားမိ၍ ပြောလိုက်ခြင်းဖြစ်၏။

"ဘယ်တွေ့ပါ့မလဲ၊ အဲသည်ကနေ ပြေးသွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

အတော် မျက်စိလျင်သည့် လင်းမြင့်လှိုင် ဖြစ်ချေ၏။

'ကျွန်တော် ထင်တယ်၊ မှုတ်ပြောင်းသုံးတာ သူများ ဖြစ်နေမလား'

'သည်တော့ သည်တော့ငင်ထဲမယ် ကျွန်တော်တို့သုံး ယောက်အပြင် သူပဲရှိနိုင်တော့တယ်ဆိုလျှင်ဖြင့် သူပဲဖြစ်နိုင်တော့ တာပေါ့ဗျာ'

သို့ပြော်ပြီး လင်းမြင့်လှိုင်က သစ်ပင်ကျောမှီ မျက်လုံးအစုံကို မှိတ်ထားလိုက်သဖြင့် ကျွန်တော်သည်လည်း အလိုက်သိစွာဖြင့် သိလိုသည်များ မမေးပါတော့ချေ။

လူဗလဲလေးကိုသာလျှင် လှမ်းကြည့်လိုက်ချေ၏။

'ဟင်...'

လူဗလဲလေး မရှိတော့ပါကလား။ သို့ကြောင့် ဟို သည် စုံကြည့်လိုက်၏။ အရိပ်အယောင်ပင် မတွေ့ပါကလား။ ဘယ်များ ရောက်သွားပါလိမ့်။ ကျွန်တော်တို့ကို ထားပြီးသွားသည်တော့ မဟုတ်နိုင်လောက်ချေ။

ကျွန်တော်သည် ထိုနေရာမှ ထလိုက်၏။ လူဗလဲလေး ထိုင်သွားသည့် သစ်ပင်အောက်သို့ သွားလိုက်၏။

ခြေရာကို ရှာမိ၏။ ဟုတ်ပြီ၊ ခပ်လှမ်းလှမ်းတွင် လူဗလဲ လေး၏ ခြေရာကို တွေ့လိုက်၏။

လမ်းမြောင်လေးအတိုင်း လူဗလဲလေး ထွက်သွားခြင်းဖြစ် ၏။ ဘာလို့ ထွက်သွားတာပါလိမ့်။ သို့ သူသွားသည်မှာ ကျွန်တော် တို့ကို မသိလို၍ သွားလေခြင်း ဖြစ်ဖို့များပေ၏။ ဘယ့်တွက်မူ သူသွားသည့်လမ်းမြောင်လေးတွင် ချုပ်တံပင်တို့ ရွှဲထွေးနေသည့် ပြင် ခုတ်ဖြတ်လမ်းထွင်မသွားခြင်းကြောင့် ဖြစ်ပေ၏။ သို့ဆိုတော့

ကျွန်တော်တို့ကို ခြေရာဖျောက်သွားခြင်း ဖြစ်၏။ သို့ကြောင့် ကျွန်တော်သည်လည်း စိတ်ဝင်စားလွန်းသည်ကြောင့် ခြေရာခံ ဘိတ်တဆိတ်လိုက်သွား၏။

လမ်းမြောင်လေးအတိုင်း လိုက်သွားခဲ့ရာမှ တောင်ကြော အောက်ခြေ မြောင်အတွင်း ရောက်သွားတော့၏။

မြောင်အထက်အောက် လှမ်းကဲကြည့်လိုက်၏။ ရှင်းလို့နေ ပါကလား။

သူ မြောင်အတိုင်းဆင်းလာလေခြင်းတော့ဖြင့် မဟုတ်နိုင် လောက်ချေ။ သို့ တွက်လိုက်ကာ ကျွန်တော်သည် မြောင်တွင်းမှ တောင်ကြောပေါ် ပြန်တက်မည့်အလုပ်တွင် မြောင်အောက်ခြေအစပ် ၌ တစ်စုံတစ်ရာကို တွေ့လိုက်ရသည်ကြောင့် စေ့စေ့ကြည့်လိုက်၏။

ဖားတစ်ကောင်ပါကလား။ ဖားပြုတ်ကြီး ဖြစ်ချိမ့်မည်။ မှောက်လျက်သား သေနေလေ၏။

သည်လို လူသူမရောက်နိုင်သည့်နေရာတွင်ရှိ ဖားပြုတ် တစ်ကောင်သည် ယခုလိုပုံစံဖြင့် သေနေစရာအကြောင်း မရှိသဖြင့် ဆိုဖားပြုတ်ကောင်ကို အသေအချာကြည့်လိုက်၏။

'ဟင်...'

ကျောကုန်းတစ်ဝိုက် ဆူးချွန်ဖြင့်ထိုး၍ သတ်ဖြတ်ခြင်း ခံထားရပါကလား။

ဘယ်သူများ ဖားပြုတ်ကောင်ကို သို့ လုပ်လိုက်ရပါလိမ့်။

ဖားပြုတ်က စားရသည်လည်းမဟုတ်။

အသားလွတ် ဆူးချွန်ဖြင့် ထိုးသတ်ခံရတယ်လို့။

ကျွန်တော်သည် ဖားပြုတ်ကောင်သေကိုကြည့်ပြီး ထို နေရာမှ ထွက်ခဲ့ပြန်၏။ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်လို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com

လူပ်လူပ်ရှားရှားဆိုလို့ လေတိုက်၍ သစ်ရွက်သစ်ခက်များ လူပ်ခတ်ခြင်းမရှိပေ။ သို့ပေမင့်လို့ သစ်တစ်ပင်ထက် သစ်ကိုင်း လူပ်နေခြင်းသည် ကျွန်တော့်ကို ဆွဲဆောင်နေသည့်နှယ်ရှိသဖြင့် အသေအချာ ကြည့်လိုက်၏။

ထိုကိုင်းတက်တွင် သက်ရှိသတ္တဝါတစ်ကောင် ရှိနေပုံပင်။ လူတစ်ယောက်တော့ဖြင့် မဟုတ်လောက်ချေ။

သို့ကြောင့် လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်၏။ ကောင်လုံးမမြင်ရသဖြင့် မပစ်ဝံ့သေးချေ။ တော်နေ လူဖြစ်နေပါက လူသတ်မှုကျူးလွန်ရာ ရောက်သွားပေဦးမည်။

ကျွန်တော်သည် စေ့စေ့ကြည့်နေရာမှ…

'ဟာ…'

ကျားသစ်ကောင်ပါကလား။ သို့ကြောင့်…

'ဒိန်း…'

သေနတ်မောင်းထိန်း ခလုတ်ကို ဆွဲညှစ်လိုက်၏။ ကျားသစ်ကောင် ပြုတ်ကျလာချေ၏။ မြေပြင်တွင် လူးလိမ့်နေသဖြင့် အနားသို့ပြေးသွားကာ နောက်တစ်ချက် ပစ်လွှတ်ပြန်၏။

'ဒိန်း…'

ကျားသစ်ကောင် ငြိမ်သွားတော့၏။

ကျားသစ်ကောင်ဆိုပေမင့် ခပ်သေးသေးဖြစ်ခြင်းကြောင့် ထမ်းပိုးလိုက်ကာ တောင်ကြောပေါ်သို့ တက်လိုက်လေ၏။

တောင်ကြောပေါ်သို့ ရောက်သည်တွင်…

'ဘယ်သူများလဲလို့'

ထိုအသံနှင့်အတူ လူဗလဲလေးကို တွေ့လိုက်တော့၏။

'ဘယ်သွားနေတာလဲလို့၊ ညောင်… သားကောင်သွားရှာ

ပစ်တာကိုး၊ ဟဲ… ဟဲ… ဟဲ'

သို့ပြောရင်း ရယ်မောနေသည့် လူဗလဲလေးကို ကျွန်တော် မကျေမနပ် ကြည့်နေမိတော့၏။

သူ့နောက်လိုက်လာခြင်းကို ရိပ်မိသဖြင့် သို့ မသိမသာ စကားပြောလာခြင်း ဖြစ်ပေ၏။

'ကျားသစ်သား ငါစားမှူးတယ်ရှိသွားတာပေါ့'

လို့ ပြောလာသဖြင့် ကျွန်တော်က…

'နို့ဖြင့်လည်း သစ်ကိုင်းခြောက်တွေ သွားစုဆောင်းခဲ့ချေဗျာ'လို့ အမြင်ကတ်ကတ်နှင့် ပြောလိုက်တော့၏။

'ကောင်းပြီ'ဆိုလျက် လှည့်ထွက်သွားတော့၏။

လင်းမြင့်လှိုင်က ကျွန်တော်တို့ကို မျှော်နေလေ၏။

'ဆာလို့ အမဲရှာထွက်သွားတာလား'လို့ မေးလာသဖြင့် ကျွန်တော်သည် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

'ဟာ… နို့ဖြင့် ကိုပိုက် လူဗလဲလေးကို အထင်လွဲနေတာဗျ၊ လူဗလဲလေးက အဲဒီသစ်ပင်ပေါ် တက်နေတာ'

'ဗျာ…'

'နို့ဖြင့် လမ်းမြောင်လေးအတိုင်း သွားထားတဲ့ ခြေရာက ဘာတုန်း'

'အဲဒါတော့ ကျွန်တော် မသိပေဘူးဗျ၊ ကျွန်တော့် မျက်စိမှိတ်လိုက်ချိန်နဲ့ လူဗလဲလေးက သစ်ပင်ပေါ်ခိုတက်သွားတယ်လေ၊ ကိုပိုက်က ကျွန်တော်ဘက် မျက်နှာမူပြီးနေတော့ ဘယ်မြင်ပါ့မလဲ'

သို့ဆိုတော့ ကျွန်တော် သဘောပေါက်သွားချေပြီ ဖြစ်၏။ လင်းမြင့်လှိုင် မျက်လုံးအစုံပိတ် မှိန်းနေချိန်တွင် လူတစ်ယောက် ထိုလမ်းမြောင်လေးအတိုင်း လျှောက်သွားလေခြင်း ဖြစ်၏။ ဒါကို

www.burmeseclassic.com

ကျွန်တော်ရော လင်းမြင့်လှိုင်ပါ မသိလိုက်ခြင်းဖြစ်လေ၏။ သစ်ပင်ပေါ်တက်သွားသည့် လူဗလဲလေးကရော မသိပေဘူးလား။ သူ့ကို မေးကြည့်ရပေဦးမည်။

'ကဲ... ကိုလင်း ကျွန်တော် သည်ကောင်ကြီးကို အသားဖျက်ချေဦးမယ်'

'ကျွန်တော် ကူမယ်ဗျာ'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျားသစ်ကောင်ကို အရေဆုတ်လိုက်ကြတော့၏။

ကျွန်တော်တို့ အသားဖျက်နေစဉ် လူဗလဲလေးသည် သစ်ကိုင်းခြောက်များကို စုပုံပြီးဖြစ်ချေတော့၏။

'ငါတို့တွေ သည်မယ် ညအိပ်ကြမယ်'

သို့ပြောလာသည့် လူဗလဲလေးကို တအံ့တသြကြည့်လိုက်လေပြီး...

'ခင်ဗျားပြောတော့ သည်နေ့ကို မမှောင်ခင် အင်ကြင်းတောအရောက်သွားမယ်ဆို'

လို့ မေးလိုက်၏။

'သည်ကောင်ကို မီးကင်စားမယ်ဆိုတော့ အချိန်မရှိနိုင်လောက်ဘူးလေ'

သို့ လူဗလဲလေးက ပြန်ပြောလေ၏။

'ဟာ... မရှိနိုင်လောက်ဘူးဆိုတဲ့ စကားက မသေချာတာပဲ၊ ရှိချင်လည်း ရှိနိုင်တယ်၊ အဓိပ္ပာယ်လည်း ယူလို့ရတာပဲဗျာ၊ မြန်မြန်စား မြန်မြန်သွားကြတာပေါ့'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်...

'ဘယ်လိုဖြစ်နိုင်မှာလဲလို့၊ သည်တစ်ကောင်လုံး ဘယ်လို

စ်ထိုင်တည်းနဲ့ စားလို့ဖြစ်မတုန်း' လို့ ပြောလာသည့်အတွက် တော်ကလေး စိတ်ပျက်သွားမိတော့၏။

'ဘယ်သူက ကောင်လုံးကုန်စားကြမယ်လို့ ပြောလို့တုန်း၊ အပ်သလောက်စားပြီး သွားကြတာပေါ့'

'ဟင်... နို့ဖြင့် သည်ကောင်ကြီးမီးကင်ကို သယ်သွားမယ်ပေါ့'

အံ့သြတကြီး လူဗလဲလေးက ပြောလာချေတော့၏။

'ဟင်း... ဟင်း... ဟင်း... ခင်ဗျားနယ်၊ ဘယ်သူက သယ်သွားရမှာတုန်း၊ ကျွန်တော်တို့ပြောတာက စားနိုင်သလောက် စားပြီး အနည်းအကျဉ်းလောက်သာ ယူသွားကြမှာလေ'

'ဟင်... နို့ဖြင့် ကျွန်တာတွေ သည်အတိုင်းထားခဲ့မယ်ပေါ့၊ နှမြောစရာကြီး'

'မတတ်နိုင်ဘူးလေ'

'ဟင်... နို့ဖြင့် ဘယ်လိုလုပ်မလဲ'

လူဗလဲလေးက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် ပြောလာချေ၏။

'ပြောကြည့်လေ'

ကျွန်တော်က လမ်းဖွင့်ပေးလိုက်၏။

'သည်မယ် ညအိပ်စခန်းချကြမယ်'

'ဘာလဲ သည်အကောင်ကို နှမြောလို့လား'

'အဲလိုပဲမှတ်လိုက်တော့'

သို့ကြောင့် ကျွန်တော်တို့သည် ထိုစခန်းတွင် ညအိပ်ယုံဆိုးဖြတ်လိုက်ကြတော့၏။ သို့ဆိုတော့...

'သည်နားမယ် သောက်ဖို့ရေသွားရှာဦးမယ်'

www.burmeseclassic.com

လူဗလဲလေးက ပြောကာ ထွက်သွားလေသဖြင့်...

"ညနေစောင်းလုနေပြီ၊ အမှာနီနီး ချောင်းမြောင်ရှိပုံ မရဘူး၊ နို့ကြောင့် ခင်ဗျား နားနေပါ၊ ကျွန်တော် သွားရှာခဲ့မယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင်...

"တူတူသွားကြတာပေါ့"

ဆိုလေသဖြင့် လင်းမြင့်လိုင်ကို စခန်းခွဲထားခဲ့ကာ လူဗလဲလေးနှင့် ထွက်ခဲ့ကြလေ၏။

"လာ... သည်ဘက်ကသွားကြမယ်"

"အဲဒီဘက် မရှိလောက်ဘူး၊ ငါ ထင်းခြောက်ကောင်တုန်းက ရောက်သွားဖူးတယ်"

"ပြန်တက်၊ ပြန်တက်၊ တောင်ကြောရှည် ဖြစ်လိမ့်မယ်"

သို့ဆိုသလို သူကချည်း ရှေ့မကြိုသွား စီမံအုပ်ချုပ်နေလေ၏။ သို့ဆိုတော့ သူသည် ရေသာခိုစိတ်မရှိ၊ တွယ်ကပ်လိုစိတ် မရှိပါကလား။

သို့ဖြင့် ကျွန်တော်တို့သည် မြေပြန့်တစ်ခုသို့ ရောက်ခဲ့ကြ၏။

မြက်ရိုင်းပင်နှင့် ထိကရုန်းပင်၊ ချုံပုတ်ပင်တို့ သွားလင်းပိတ်သမျှ ပေါက်ရောက်နေချေ၏။ ထိုကွင်းတွင် ရှားရှားပါးပါး သစ်မန်ကျည်းပင်ကြီး နှစ်ပင်သာလျှင် ရှိချေ၏။ သို့တောင်မှ ထိုနှစ်ပင်သည် တစ်ပင်နှင့်တစ်ပင် ကိုက် (၁၀၀)မျှဝေးခြင်း ရှိချေ၏။ ကျွန်တော်တို့နှစ်ယောက် သည်မြက်ရိုင်းပင်နှင့် ထိကရုန်းပင်တို့ကို တိုးဝှေ့သွားလိုက်ကြ၏။ မြေသားသည် စိုစွတ်လို့ရှိချေသဖြင့် ဝမ်းသာထွားမိ၏။ သည်ကွင်းတွင်း၌ပင် မလွဲမသွေ ရေရှိနိုင်လေ၏။

သို့ တွက်ထားသလိုပင် သစ်မန်ကျည်းပင်ကြီးနှင့် ခပ်

လှမ်းလှမ်းတွင် ရေအိုင်တစ်ခုကို တွေ့လိုက်သဖြင့် ဝမ်းသာသွားတော့၏။

သို့ပေမင့်လို့ ကျွန်တော်တို့နှစ်ယောက်၏ ဝမ်းသာမှုသည် ခဏချင်းပင် ပျောက်လုမတတ် ဖြစ်သွားတော့၏။ ဘယ့်တွက်မှု ရေခပ်သယ်စရာ ကျွန်တော်တို့တွင် ဘာမျှမရှိသောကြောင့် ဖြစ်ချေ၏။

"ဘယ်လိုလုပ်မလဲ"

လူဗလဲလေးက လေးဘက်လေးတန် လှည့်ကြည့်လိုက်လေဦး...

"ဟိုမယ်တော့ ဝါးတောတွေ့တယ်"

ကျွန်တော် လှည့်ကြည့်လိုက်၏။ အတန်ငယ်တော့ လှမ်း၏။ သို့ပေမင့်လို့ အပြေးကလေးသွားမည်ဆိုလျှင် အသွားအပြန် ငါးမိနစ်ခရီးလောက်ပင် ရှိချိမ့်မည်။ သို့ကြောင့်...

"ကြော်... ခင်ဗျား သည်မယ်နေရစ်ခဲ့ချေ၊ ကျွန်တော် ဝါးဆစ်ပိုင်း သွားခုတ်ဦးမယ်"

သို့ဆိုလျက် ကျွန်တော်သည် လူဗလဲလေးကိုထား၍ ဝါးတောသို့ အပြေးကလေးသွားလိုက်၏။

"ဟင်..."

ဝါးတောနားရောက်သည်တွင် စိတ်ဓာတ်ကျသွားရ၏။ ဝါးပင်တို့သည် အဆစ်အဓိတ်ဝါးများ ဖြစ်နေခြင်းကြောင့်ပင်။

သို့ဆိုတော့ ကျွန်တော်သည် ဝါးတောအတွင်း တိုးဝင်လိုက်ရပြန်၏။

တော်ပါသေးရဲ့။ ဝါးတောအတွင်း သိပ်မဝင်လိုက်ရ။ ဝါးပိုးဝါးများ တွေ့ရ၏။ ဝါးတစ်ဆစ်ကို တစ်တောင်နီးနီးရှိ အလောက်

www.burmeseclassic.com

တော် ဝါးကို ခုတ်လိုက်၏။ နှစ်ဆစ်လောက်တွင် ဝါးဘူးခုတ်ဖြတ်
လိုက်ချေပြီး ထိုနေရာလေးက ပြန့်လှည့်ထွက်ရန် လုပ်လေသည်တွင်-

"ဟင်..."

ဖားတွေ သေနေပါကလား။ ဖားတွေ ဆယ်တောင်နီး
ရှိချေ၏။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ကျွန်တော်သည် ထိုဖားတွေကို "စေ့စေ့ကြည့်လိုက်
ကျောကုန်းတွင် အပေါက်ကလေးများ မြောက်မြားစွာဖြင့် သေဆုံး
နေကြခြင်းပါကလား။ ဘယ်လိုကြောင့်ပါလိမ့်။ ပျဉ်းမတောစခန်း
တွင်လည်း ထိုဖားသေမျိုး တစ်ကောင်တွေ့ခဲ့ဖူး၏။ ထူးဆန်းလိုက်
တာ။ ပတ်ဝန်းကျင်ကိုလည်း ဝေ့ဝိုက်ကြည့်လိုက်၏။

တိတ်ဆိတ်ငြိမ်သက်လို့နေ၏။ ဘာ့ကြောင့်ရယ်မသိ
ကျွန်တော်သည် နေရင်း ကြက်သီးထလာသဖြင့် ထိုနေရာလေး
ကပျာကသီ ထွက်ခဲ့လေတော့၏။

သစ်မန်ကျည်းပင်ရိပ်အောက်သို့ ရောက်သည်တွင် လူဗလ
လေး အိပ်ပျော်နေသည်ကို တွေ့ရ၏။ သို့ကြောင့်...

"ထတော့လေ... ရေခပ်ပြီး ပြန်ကြမယ်"

"ညော့... အင်း..."

သို့ဖြင့် ကျွန်တော်နှင့် လူဗလံလေးသည် ရေအိုင်တွင်း
ရေကို တဝသောက်လိုက်ကြပြီး ခြေဆေး ခေါင်းကိုရေဆွတ် ကုပ်ပ်
ကို ရေဖျန်းရိုက်၊ လန်းဆန်းသွားသည်တွင် ဝါးဘူးတွင် ရေဖြည့်ကာ
လင်းမြင့်လှိုင်ရှိရာသို့ ပြန်လာခဲ့ကြတော့၏။

လင်းမြင့်လှိုင်တစ်ယောက် ကျွန်တော်တို့ကို မျှော်ရင်း
ကျားသစ်ကောင်ကို မီးကင်နေဆဲ ဖြစ်ချေ၏။ အတော်ပင် ကျက်သ
ကျက်ခင် ဖြစ်နေချေ၏။

ကျားသစ်ကောင်သားစားရန် ကျက်သည်တွင် သုံး
ယောက်သား ဆာဆာနှင့်စားလိုက်ကြ၏။ ကျွန်တော်နှင့် လင်းမြင့်
လှိုင်ကမူ စားစားသောက်သောက် ဖြစ်၏။

ကျွန်တော်တို့ စားသောက်နေစဉ် မှောင်စပျိုးလာချေပြီ
ဖြစ်၏။ လူဗလံလေးက တဝစားပြီးနောက် ထင်းခြောက်များ
စုဆောင်းကာ မီးပုံတွင်းသို့ ထည့်နေလေပြီး...

"ငါအိပ်ချင်တယ်ကွာ" ဆိုလျက် တဲပေါ်တက်အိပ်လေ
တော့၏။

သည်တော့မှ ကျွန်တော်သည် လင်းမြင့်လှိုင်ကို ဖားသေ
များအကြောင်း ပြောပြလိုက်၏။

"အေးဗျ... အတော်ထူးဆန်းတာကလား"

လင်းမြင့်လှိုင်က သို့သာပြောပေမင့် တွေဝေစဉ်းစားနေ
လေ၏။ ထိုညတွင် ကျွန်တော်တို့ ကောင်းကောင်းမအိပ်ကြရပါချေ။
ဘယ့်တွက်မူ ထင်မှတ်မထားလေဘဲ မိုးရွာလာခြင်းကြောင့် ဖြစ်
တော့၏။

မိုးကြာကြာမရွာ၍ တော်သေးတော့၏။ ထင်းမီးပုံသည်
လည်း သေသွားပြီဖြစ်တော့၏။ သို့ကြောင့် မည်းမှောင်သွားချေ၏။
မီးထပ်မွေးရန်သည်လည်း ထင်းများ ရေစိုရွှဲနေခြင်းကြောင့် မီးထပ်
မွေးရန် မဖြစ်ပါတော့ချေ။ သို့ကြောင့် အမှောင်ထဲမှာသာ တဲပေါ်
တွင် ငုတ်တုတ်ထိုင်နေကြရတော့၏။

"ကိုလင်း ဘယ်အချိန်လောက်ရှိပြီလဲ"

"နှစ်ချက်ထိုးပြီးစပေပဲဗျ"

အလင်းရောက်ဖို့ အချိန်က နှစ်နာရီမက အချိန်ကြာပေ
လိမ့်ဦးမည်။ လဲအိပ်ပြန်ကလည်း မဖြစ်။ ရေတို့ ခဲနေကြသည်တိုး။

www.burmeseclassic.com

"ဘယ်လိုလုပ်မလဲ"

လူဗလဲလေးက ပြောဏ်။

"သည်လိုပဲ ငုတ်တုတ်ထိုင်ပြီး မနက်ကျမှ အဝတ်တွေကို ရေညှစ်ပြီး လှန်းရမပေါ့"

"ဟင်း..."

လူဗလဲလေးတစ်ယောက် လွန်မင်းစွာ စိတ်မာတ်ကျသွား ခဲ့ဏ်။

"တောင့်ထားစမ်းပါဗျာ"

သို့ ကျွန်တော်က အားပေးလိုက်ဏ်။ သို့ပြား လူဗလဲလေး သည် နှုတ်ခမ်းကို စူထားခဲ့ဏ်။

သို့ရှိစဉ်...

"ဟာ... ကိုလင်း... ဟိုမယ်... ဟိုမယ်"

အမှောင်ထုတွင်းမှ မီးရောင်တွေ့လိုက်သဖြင့် အံ့သြတကြီး ပြောလိုက်ဏ်။

ထိုမီးရောင်သည် ဓာတ်မီးရောင် ဖြစ်ခဲ့ဏ်။

လူတစ်ယောက် သို့တည်းမဟုတ် လူအုပ်စု ကျွန်တော်တို့ တဲရှိရာ လာနေကြခြင်းဖြစ်ဏ်။

"ကိုလင်း ဟုတ်ကော ဟုတ်ရဲ့လား"

ကျွန်တော်က သို့ စိုးရိမ်စိတ်ဖြင့် ပြောလိုက်ဏ်။

သည်တော သည်တောင်ထဲ ဘယ်သူတွေရှိနေလို့ပါလိမ့် သို့တည်းမဟုတ် တောခြောက်ခြင်းများလေလား။

မည်သို့ပင်ဖြစ်စေ ကျွန်တော် သေနတ်ကို ကောက်ကိုင်၍ အရန်သင့်ဖစ်ခတ်နိုင်ရန် မောင်းတင်လိုက်ဏ်။

"ဖျောက်..."

"ကိုပိုက် ဆန္ဒမစောနဲ့နော်"

လင်းမြင့်လှိုင်က သတိပေးလာဏ်။

ထို မီးရောင်သည် တစ်စတစ်စ ကျွန်တော်တို့နှင့် နီးကပ် လာခဲ့ဏ်။

စကားပြောသံပင် ကြားရခဲ့ဏ်။ အနည်းဆုံး လူနှစ် ယောက် ဖြစ်နိုင်ဏ်။

သစ်ခုတ် ဝါးခုတ်သမားများပေလား။ ကျွန်တော်တို့လို အမဲလိုက်မုဆိုးများလေလား။

"ဟိတ်... ဘယ်သူလဲ"

ကျွန်တော်က လှမ်းအော်မေးလိုက်ဏ်။

"သစ်ခုတ်သမားတွေပါ"

"ဟင်... သစ်ခုတ်သမားတွေ ဆိုပါကလား"

"ညကြီးမင်းကြီးကွာ"

သို့ ကျွန်တော်က ပြောလိုက်ပြန်ဏ်။

"ခင်ဗျားတို့ ကောင်းကျိုးအတွက်လာတာ"

"ဟင်..."

သို့ ပြောလာလေသဖြင့် ကျွန်တော်တို့သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတော့ဏ်။

"ခင်ဗျား သူတို့ကို သိလား"

လင်းမြင့်လှိုင်က လူဗလဲလေးကို မေးလိုက်ဏ်။

"သိတယ်"

"ဘယ်သူတွေလဲ"

"ဘယ်သူတွေလဲတော့ မသိဘူး၊ ကျွန်တော်တို့တဲစုက လူနှစ်ယောက်ပဲ၊ အဘိုးတော့ သိတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟေ…"

"ခင်ဗျားအဘိုးက ဘယ်သူတုန်း"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ငါ့အဖရဲ့ အဖေပေါ့ကွ"

"အဲဒါတော့ ခင်ဗျားပြောမှလား၊ ကျွန်တော်တို့သိတာပေါ့၊ နာမည်ဘယ်သူလဲမေးတာ"

"အတော်ကလေး ပြောရခက်တာပဲ၊ ငါ့အဘိုးက အဘိုးပေါ့ကွာ၊ ဒါပဲ ငါပြောနိုင်တယ်၊ စပ်စုတဲ့လူဆိုလျှင် ငါမုန်းတယ်"

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လူဗလလေးကို ရွံရှာစွာကြည့်မိတော့၏။

အလိုဗျာ… သူ့အဖို့ ဘယ်သူဆိုတာ ဘာ့ကြောင့် မပြောချင်ရတာပါလိမ့်။ အတော် ကပ်သီးကပ်ဖဲ့နိုင်သူပါကလား။

"ခင်ဗျားတို့ ဘယ်လိုဖြစ်လာကြတာတုန်း"

လင်းမြင့်လှိုင်ကမေးလေသည်တွင် ထိုလူနှစ်ယောက် တစ်ယောက်ကိုကစ်ယောက်ကြည့်နေကြကာ ပြုံးရယ်လိုက်ကြပြီး-

"ကျုပ်တို့ကို ဘယ်လိုဖြစ်လာကြတာတုန်းဆိုတဲ့ မေးခွန်းက ကျုပ်တို့အတွက် ရုပ်စရာပေပဲဗျ၊ ကျုပ်တို့ ဘယ်လိုမှ ဖြစ်လာကြတာ မဟုတ်ဘူး၊ ခင်ဗျားတို့အဖြစ်ကို မကြည့်ရက်လို့ လာခေါ်တာ"

"ဟာ… ဟင်…"

ကျွန်တော် လင်းမြင့်လှိုင်မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ လင်းမြင့်လှိုင်သည်လည်း အံ့သြနေပုံရချေ၏။

"သြော်… ကျုပ်တို့ကို ရုတ်တရက်မြင်တော့ အံ့သြကြမပေါ့၊ သည်လိုပါ ကျုပ်တို့တဲက ဟောဟိုက ပျဉ်းမပင်ငုတ်တိုပင်

နားက ချုံပုတ်ပင်တွေနောက်မှာရှိတယ်၊ ခင်ဗျားတို့ သည်မှာနေတာ ကျုပ်တို့သိတယ်၊ ခင်ဗျားတို့တဲ အခြေအနေ လည်းသိထားတော့ ခုလို ညကြီးမိုးချုပ် မိုးသည်းသည်းရွာတော့ ဘယ်လိုနေကြမလဲလို့၊ အထူးသဖြင့် ဟောဒီလူအတွက် ကျုပ်တို့ လာကြတာ"

"သည်တော့…"

"သည်တော့ ငါတို့တဲ လိုက်နားကြပြီး မနက်ကို သွားလို ရာသွားကြပေါ့ကွ"

"ဟင်… ဟာ…"

ဟုတ်ပါရဲ့လား။ သို့ကြောင့် လူဗလံလေးကို ကြည့်လိုက်၏။ လူဗလံလေးက ပြုံးလိုက်ကာ ရင်ကိုကော့၍…

"တွေ့တယ်လား၊ ငါ ရောက်လေရာမှာ အရှန်သင့်နေဖို့ ကံရှိပါတယ်လို့ဆိုနေ၊ ဟဲ… ဟဲ… ဟဲ့ လို့ ပြောလာချေတော့၏။

"ဒါတွေ ထားစမ်းပါ၊ သူတို့နှစ်ယောက်က ခင်ဗျားတို့ တဲစုကဆိုတာ ဟုတ်လား"

"ဟုတ်တယ်လေ… အာလံ သူတို့ကို မယုံဘူးလား၊ မလိုက်ဝံ့ဘူးလား"

"အဲလို မဟုတ်ပါဘူးဗျ"

"နို့ဖြင့် လိုက်သွားကြမယ်"

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း သတိမပြတ်ထားကာ ထိုလူနှစ်ယောက် ခေါ်ဆောင်ရာသို့ လိုက်သွားကြ၏။ ကျားသစ်ကောင် မီးကင်ကိုလည်း သယ်သွားကြ၏။

အလိုလေးဗျာ… သူတို့တဲက အခိုင်အခဲန့် ဆောက်ထားခြင်းပါကလား။

မိုးလုံလေလုံလည်း ရှိချေ၏။

www.burmeseclassic.com

'ကျေးဇူးတင်တယ်ကွာ'

ရေစိုနေသည့် ကျားသစ်ကောင်ကို သူတို့ ထင်းမီးပုံတွင် ပြန်ကင်လိုက်ကြ၏။ သူတို့နှစ်ယောက်နှင့်အတူ မီးကင်သားကို စားလိုက်ကြပြန်၏။ ကျွန်တော်သည် စားနေရင်းမှ သူတို့တွဲကို လှေလာအကဲခတ်လိုက်၏။ လေး၊ မြား သုံးကြပါကလား။ မွတ်ပြောင်းလည်း တွေ့လေသဖြင့်...

'မွတ်ပြောင်းလည်း သုံးကြသေးတယ်နော်'

လို့ ကျွန်တော်က စပ်စပ်စုစု မေးလိုက်၏။

သည်တွင် ထိုသူနှစ်ယောက်သည် မျက်စိမျက်နှာပျက်သွားကြတော့၏။ ဘာ့ကြောင့်ပါလိမ့်။

'ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့'

တစ်ယောက်သောသူက သို့ ထစ်ထစ်ငေါ့ငေါ့ ပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။

လင်းမြင့်လှိုင်က တည်ငြိမ်စွာ ခေါင်းဆတ်ညိတ်ပြလာလေ ပြီး...

'အတော်ကျွမ်းကျင်လား၊ မိရိုးဖလာသုံးကြတာလား'

'အေး... အင်း... ဆိုပါတော့၊ နို့ပေမင့်လို့ မွတ်ပြောင်းကို အသုံးမပြုတာ ကြာပါပြီဗျာ၊ လေးမြားနဲ့ပဲ အမဲလိုက်ပါတယ်'

'နို့ဖြင့် အဆိပ်လူးသုံးတာလား'

'ဟင့်အင်း... အဲလိုမဟုတ်ပါဘူး'

'ဩော်... ဩော်...'

လင်းမြင့်လှိုင်သည် သို့သာဆိုပြီး အရက်တစ်ခွက်ငဲ့ သောက်လိုက်ပြန်၏။

'ခင်ဗျားတို့ ဘာသစ်တွေလာခုတ်တာတုန်း'

ကျွန်တော်က သစ်တောဝန်ထမ်းပီပီ သို့ မေးလိုက်၏။

'အိမ်တိုင်အတွက် ပျဉ်းကတိုးလာရှာခုတ်တာပါ'

'သစ်ခုတ်သမားတော့ မဟုတ်လောက်ဘူးထင်တယ်'

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

'မုဆိုးတွေပါ၊ အိမ်သုံးအတွက် ပျဉ်းကတိုးလာခုတ်တာပါ'

'ပြီးပြီလား'

'နောက်တစ်လုံးလောက်ဆိုလျှင် ပြန်ကြမှာပါ'

'ဘယ်ရွာတုန်း'

'ငါတို့တဲစုကိုပေါ့ကွ'

လူဗလံလေးက ဝင်ပြောလေ၏။ ထိုလူနှစ်ယောက်က ခေါင်းညိတ်ပြလာကြတော့၏။

ထိုညတွင် ကျွန်တော်တို့သည် ထိုသစ်ခုတ်သမားတဲတွင် တစ်ညတာ အခိုကိန်းဖြန်းလိုက်တော့၏။

နောက်နေ့မနက်တွင် ထိုတဲမှ ခပ်စောစောထွက်ခဲ့ကြတော့ ၏။

'သည်ကျားသစ်ကောင် မီးကင်စေးခဲ့တာ ကျေးဇူးတင်ပါ တယ်'

သစ်ခုတ်သမား နှစ်ယောက်က သို့ပြောကာ လက်ပြ တာဆက် ကျွန်ရစ်ခဲ့ကြတော့၏။

'ငါတို့ အင်ကြင်းတောကို နေ့လယ်ခင်းလောက် ရောက် ယ်'

'ကောင်းတာပေါ့... နို့ပေမင့်လို့ သွားရင်းလာရင်း အမဲ စ်ကောင် ပစ်ရှာရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

သို့ ကျွန်တော်က ပြောလိုက်၏။

"မရလည်း ကိစ္စမရှိဘူး၊ အင်ကြင်းတောမယ် စခန်းတစ်ခု ရှိတယ်၊ သစ်ခုတ်ဝါးခုတ်သမားတွေရဲ့ စုရပ်စခန်းပေါ့၊ နို့ဆိုတော့ ဈေးဆိုင်တွေလည်း ရှိတယ်၊ လိုတာအကုန်ရတယ်၊ မိန်းမကလွဲလျှင်ပေါ့"

ဟင်... လူဗလဲလေး အတော်စုံပါကလား။ သူကို လျှော့တွက်လို့ .မရချေပြီကော။

သို့ဆိုသလို ကျွန်တော်တို့ ခရီးဆက်ခဲ့ကြရာမှ ခရီးအတော်ကလေး ပေါက်လာသည်တွင် အင်ကြင်းပင် တစ်ပင်စ နှစ်ပင်စကို တွေ့လိုက်ကြသည်ကြောင့်...

"ကျွန်တော်တို့ အင်ကြင်းတော ရောက်လာပြီထင်တယ်" လို့ ပြောလိုက်၏။

"အဲလိုပဲ. ပြောရတော့မပေါ့၊ နို့ပေမင့်လို့ အတန်ငယ် ဝေးဝေးသွားရဦးမယ်ကွ"

"အတန်ငယ်ဆိုတာ ဘယ်လောက်တုန်း"

ကျွန်တော်က မေးလိုက်၏။ သို့ မေးလိုက်ရခြင်းသည် ဆာလောင်ခြင်းနှင့် ပင်ပန်းလာခြင်းကြောင့် ဖြစ်ချေ၏။

"သည်နေရာကနေ စမှတ်ခဲ့ပေါ့၊ ရောက်သွားပြီဆိုတဲ့အခါ ဘယ်လောက်အကွာအဝေးရှိတယ်၊ ဘယ်လောက် အချိန်ကြာတယ် ဆိုတာ သိရမပေါ့ကွ"

သို့ လူဗလဲလေးက ပြောလာချေ၏။

"ဟင်း..."

ကျွန်တော်သည် မကျေမနပ် ဖြစ်သွားမိ၏။ အတော်လက်ပေါက်ကပ်လှပါတကား။

လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်၍ ပြုံးစစလုပ်လာလေချေ၏။ ကျွန်တော် ဘာမျှမပြောသာတော့ပြီ။

လူဗလဲလေးတစ်ယောက် ခပ်သွက်သွက်တောတိုးလျှောက် နေလေခြင်းကြောင့်...

"ဖြည်းဖြည်းသွားစမ်းပါဗျာ၊ ဘာလို့များ အလျင်စလို ဖြစ်နေရတာတုန်း"

သို့ ကျွန်တော်က အပြစ်ရှာပြောလေသည်တွင်...

"ခက်ပြီကောကွာ၊ အင်ကြင်းတောစခန်းမယ် နေစောင်း သွားလျှင်ဖြင့် မင်းတို့ကြိုက်တတ်တာ ဝယ်မရတော့ဘူးကွ၊ နို့ကြောင့် ခပ်သွက်သွက်သွားနေရတာ၊ မင်းတို့မယ် သောက်စရာရှိသေးလို့လား"

ဟင်... သို့ဆိုတော့လည်း လူဗလဲလေးက ချစ်စရာကောင်းနေပါရောလား။ ကျွန်တော်တို့အပေါ်လည်း ဂရုတစိုက်ရှိနေပုံပင်။ သူပြောမှ သတိရလေ၏။ ကျွန်တော်တို့တွင် ဝီစကီတစ်ပြားသာလျှင် ရှိတော့သည် မဟုတ်ပါကလား။ နို့တောင်မှ ခေါင်းကျိုးနေပြီဖြစ်၏။

"ဟုတ်တယ်ဟေ့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လူဗလဲလေးနှင့်ယှဉ်၍ ခပ်သွက်သွက် လျှောက်သွားလေတော့၏။ သို့ကြောင့် ကျွန်တော်သည်လည်း ခပ်သုတ်သုတ် လိုက်သွားရပြန်တော့၏။

တစ်ကြော့ဆင်း၊ တစ်မြောင်ဖြတ်၊ ဝါးသုန်းတစ်ကြား ဖြတ်လာကြပြီးသည်တွင် အင်ကြင်းတောစခန်းဆိုသည်ကို တွေ့မြင်လိုက်ကြရတော့၏။

ရွာတန်းရှည်လေးလိုပါပဲကလား။ တဲအိမ်တန်း ရှိနေ၏။

www.burmeseclassic.com

တဲတန်းနှစ်ခုကြား လမ်းဖြူးဖြူးပေါ်တွင် လူတို့ သွားလာနေကြ၏။

'အချိန်မီပဲဟေ့'

လူဗလံလေးက သို့ပြောပြီး ရှေ့မှ ခပ်သွက်သွက်သွား လိုက်ပြန်၏။

သို့ဖြင့် စခန်းအစပ် တဲတစ်လုံးနားရောက်သည်တွင်-

'ဘကြီးဖြူ'

'ဘကြီးဖြူ'

'ဘကြီးဖြူ'

သို့ သူ၏ ခေါ်သံကြောင့် ထိုတဲအတွင်းမှ လူတစ်ယောက် ထွက်လာချေ၏။ အသက်အားဖြင့် ခြောက်ဆယ်ကျော်လောက် ပေပြီ။ သွေ့ခြောင်ဆံထုံးနှင့် ဖြစ်ချေ၏။ လက်ခုံတစ်ဖက်တစ်ချက်တွင် သစ္စာ မေတ္တာလို့ ဆေးမင်ကြောင် ရေးထိုးထားချေ၏။

ထူးထူးခြားခြား နဖူးတွင်မတော့ မိနှင့်ဖလို့ ရေးထိုးထား ချေ၏။ ရပ်ကတော့ ခပ်ချောချောထဲက ဖြစ်၏။ ထောင်ထောင် မောင်းမောင်း ဖြစ်ချေ၏။ နီစပ်စပ်မျက်နှာပြင်မှ ချောကလက်ရောင် မျက်ဝန်းဖြင့် ကျွန်တော်တို့ကို စူးစမ်းကြည့်နေလေ၏။ သို့ကြောင့် လူဗလံလေးက...

'ဘကြီးဖြူ... ဒါ ကျွန်တော့်မိတ်ဆွေတွေပါ၊ အမဲပစ်ဖို့ ကျွန်တော် ခေါ်လာတာပါ၊ သည်အင်ကြင်းတောမယ် နိုင်တောင် ပေါတယ် မဟုတ်လား'

သို့ဆိုလေတော့မှ ဘကြီးဖြူဆိုသူသည် မျက်နှာလွှဲလှည့် သွားလေပြီး...

'ကဲ... ဒါဆို ငါဘာကူညီရမလဲ'

'အနည်းလေးတစ်လုံးတော့ လိုချင်တယ်၊ တစ်လုံးမက

းနိုင်လျှင်လည်း အတိုင်းထက်အလွန်ပေါ့ ဘကြီးဖြူရယ်၊ ဟုတ် လား'

'သူတို့က အဲဒီလောက် သောက်နိုင်လို့လား'

'သိပ်ရတာပေါ့'

'နို့ပေမင့်လို့ ငါ့မယ်က တောပဲရှိတာလေကွာ၊ သူတို့ သူစားဟွေ့ သောက်နိုင်ပါ့မလား၊ အလျှင်မော့ကြည့်ပါဦးကွာ၊ တော် အုံ တကယ်ကြိုက်တာတို့လို့ လိုချင်တဲ့သူရှိလျှင် ပေးရအောင်လို့ပါ'

ဘကြီးဖြူဆိုသူက သို့ ပြောလိုက်သည်တွင် လူဗလံလေး က ရယ်မောလိုက်လေပြီး...

'ဟား... ဟား... ဟား... ဟား... ဘကြီးဖြူရယ်၊ ဒီးရိမ်တတ်ရန်ကော၊ တောစစ်လို့ကတော့ ဘကြီးဖြူ အချုံးပေးရ မှန်မယ်'

'ဟင်...'

ဘကြီးဖြူက ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်လာ ချေ၏။ သို့ရှိစဉ်...

'ဘကြီးဖြူ နှစ်လုံးရောင်းပါ'

တစ်ယောက်သောသူက အတန်ငယ် မူးနေဟန်တူ၏။

'မရှိတော့ဘူးကွ'

'ဟင်... စောစောလေးက ကျူပ် လာဝယ်ပါတယ်၊ နှစ်လုံးလောက် ရှိပါသေးတယ်လေ၊ ကျွန်တော် ဟိုနားကတဲနား သောက်နေတာပါ၊ အဲဒီနောက်မှပိုင်း ဘကြီးဖြူဆီ ဘယ်သူမှ အရက် အဝယ်သေးပါဘူး၊ မြင်မြင်ကြီးဗျာ၊ ဘာကြောင့် ညာချင်ရတာ လဲ'

တစ်ယောက်သောသူ သို့ပြောလည်းပြော ဘကြီးဖြူကို

www.burmeseclassic.com

လည်း ကိုင်ဆွဲပေါက်ထားမတတ် မကျေမနပ်ကြည့်နေလေသဖြင့်-

"သည်မှာ ဟိတ်ကောင်... ငါတို့ဝယ်ထားပြီးပြီ"

လူဗလဲလေးက ပြောလိုက်ခြင်းဖြစ်၏။

ဒုက္ခတော့ ဖြစ်ပေရော့မည်။ ထိုလူနှစ်ယောက် မူးနေကြသည်ပဲ။ လူဗလဲလေးက သူ့ကို ခပ်တည်တည်လေသံဖြင့် ပြောလိုက်ပြီး ခါးထောက်ကြည့်နေလေသဖြင့် ပြဿနာတော့တက်လောက်ပြီ ထင်ထားပေမင့် ထို မူးနေသော လူနှစ်ယောက်သည် လူဗလဲလေးကို မြင်လိုက်သည်နှင့်...

"ဟာ... ဘယ်သူများလဲလို့၊ ဟဲ... ဟဲ... ဆရာလေး ယူထားပြီးဆိုလျှင် ပြီးတာပါပဲဗျာ၊ ဟဲ... ဟဲ... သြော်... ခဏနေဦးနော်" ထိုလူသည် နံဘေးမှလူကို လှမ်းကြည့်၍...

"ဖိုးထော်... ငါတို့တဲမယ် ပွေးသားကြော်တွေရှိတယ်၊ ဆရာလေးတို့အတွက် အမြည်းကောင်းဖြစ်မှာပါ" လို့ ပြောလိုက်သဖြင့် တစ်ယောက်သောသူသည် ထိုနေရာလေးမှ ပြေးထွက်သွားတော့၏။

ဘုရားရေ... လူဗလဲလေးကို သူတို့ သိနေကြသည့်အပြင် တရိတသေ ဆက်ဆံလို့ပါကလား။ မဟုတ်မှလွဲ။ ကျွန်တော်တို့ နှစ်ယောက်လက်ထဲတွင် သေနတ်ကိုယ်စီရှိနေသောကြောင့် သို့လူဗလဲလေးကို အချိုးပြောင်းလဲဆက်ဆံ လိုက်ခြင်းဖြစ်ချိမ့်မည်။

သို့ပေမင့်လို့...

"ဖိုးစိန် နေကောင်းလား" လို့ ထိုလူတို့က ပြိုင်တူမေးလိုက်သည်တွင်...

သြော်... ဖိုးစိန်ကြောင့်ပါကလားလို့ သတ်မှတ်လိုက်ရလေတော့၏။

အင်း... ဖိုးစိန် ... ဖိုးစိန် သည်နာမည် ကြားဖူးသည် ထင်လေ၏။ ဟုတ်ပါ့။ လူဗလဲလေး ပြောပြောနေသည့် ဖိုးစိန်ဆိုသူ ဖြစ်ချိမ့်မည်။

"ဖိုးစိန်ဆိုတာ ဘယ်သူလဲ"

ဖိုးစိန်က ဘယ်လိုလူစားလဲ။

ဖိုးစိန်ကြောင့် လူဗလဲလေးကို တရိတသေ ဆက်ဆံကြသည်ဆိုတော့ ဖိုးစိန်နှင့် လူဗလဲလေး ပတ်သက်မှု ရှိကို ရှိရမေ့မည်။ သို့ပေမင့်လို့ မသိလိုက်ဘာသာ နေလိုက်တော့၏။

အတန်ကြာတွင် ပွေးသားကြော်သွားယူသူ ပြန်ရောက်လာ၏။

လူဗလဲလေးကို တရိတသေလှမ်းပေးကာ ခပ်လှမ်းလှမ်း ဆွက်သွားကြလေတော့၏။ သည်တော့ ဘကြီးဖြူက...

"ဟင်း... ဟင်း ... သည်ကောင်တွေ ငါ့ကို ရစ်ကြဒလို့၊ မင်းရှိနေတာကိုး၊ ဟဲ... ဟဲ... ဟဲ... ငါကလည်း ခင်းလိုတဲ့ နှစ်ပုလင်းလက်ဆောင်ပေးပါ့မယ်ကွာ"

သို့ဆိုလျက် ဘကြီးဖြူဆိုသူသည် ပြောင်းဖူးပုလင်းဖြင့် ဆည့်ထားသော ချက်အရက် နှစ်ပုလင်းကို ထုတ်ပေးလာလေတော့၏။ သည့်ပြင်...

"မင်းတို့ ငါ့တဲမှာ နားကြပါလား"

သည်တော့ လူဗလဲလေးက ကျွန်တော်တို့ကို လှည့်ကြည့်လာခြေ၏။

ကျွန်တော်တို့ သဘောတောင်းခံလာခဲ့ခြင်းဖြစ်၏။

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်က ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ကျွန်တော်တို့သည် ဘကြီးဖြူကဲတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်တော့၏။

'အချိန်မရှိတော့ဘူး၊ သည်မှာပဲ နေကြမယ်'

လူဗလဲလေးက ပြောလာချေ၏။

သူနောက်လိုက်တော့လည်း သူ့သဘောပေပဲပေါ့။ သို့ပေမဲ့လို့...

'မနက်စောစော အမဲပစ်သွားကြမှာလား' ရယ်လို့ မေးလိုက်၏။

'ဟုတ်တယ်'

'မင်းတို့ သပြုချောင်းဘက် သွားကြပါလား၊ စိုင်တွေ ပေါမှပေါ'

ဘကြီးဖြူကလည်း ပြောလေ၏။

'စိန်ကုလား လာသေးလား'

လူဗလဲလေးက ဘကြီးဖြူကို မေးလေ၏။

'မနေ့က လာသွားတယ်၊ သူ သပြုချောင်းဘက်သွားတာပဲ'

'အမဲပစ်ပဲလား'

'ဟင်... မင်းမသိဘူးလား'

ဘကြီးဖြူက လူဗလဲလေးကို စိန်းစိန်းကြည့်ကာ တအံ့တသြဟန်ဖြင့် မေးလေ၏။ ဘာများပါလိမ့်။

'ဘာ မသိရမှာတုန်း ဘကြီးဖြူရဲ့'

လူဗလဲလေးက ပြန်မေးလိုက်၏။

'မင်းတို့ တူတူလာကြတာ မဟုတ်လား'

သို့ ဘကြီးဖြူက အံ့သြစကြီးပြောလာသည်တွင် လူဗလဲလေး ဘာကိုသတိရသွားလေသည်မသိ။ ကဗျာကသိပင်...

'ဟာ... တော်ပြီ... တော်ပြီ ဘကြီးဖြူ။ ဆက်မပြောနဲ့တော့၊ ကျွန်တော် သဘောပေါက်ပြီ၊ ဘကြီးဖြူ ထင်သလို မဟုတ်ဘူး' လို့ ပြောလသည်တွင်မှ ဘကြီးဖြူ ခေါင်းတဆတ်ဆတ်ညိတ် လူဗလဲလေးကို ပြုံးပြ တစ်ဖက်လှည့်ထွက်သွားတော့၏။

ကျွန်တော်တို့ မသိစေချင်သည်ကြောင့် သို့ ပြောင်းလဲသွားခဲ့ခြင်း ဖြစ်ပေတော့၏။

ကျွန်တော့် လင်းမြင့်လှိုင် အဓိပ္ပာယ်ပါပါ ကြည့်လိုက်တော့၏။

လင်းမြင့်လှိုင်က ခေါင်းရှုပ်မခံလိုသည်ကြောင့်လား မသိ ခေါင်းကို ခါယမ်းပြကာ ပြုံးပြလာခဲ့ချေတော့၏။

ကျွန်တော်သည်လည်း ဆိတ်ဆိတ်နေလိုက်ချေတော့၏။

'ကဲ... ကဲ... ငါစီစဉ်ပေးမယ်'

ဘကြီးဖြူ သို့ပြောလိုက်ပြီး အခန်းတွင်း သွားလေ၏။

'လွတ်လွတ်လပ်လပ်နေကြချေ၊ ငါ မပြောပေဘူးလား၊ သည်ရောက်လျှင်ဖြင့် စားဖို့ သောက်ဖို့ နေဖို့ ထိုင်ဖို့ မပူရပါဘူးလို့'

'ဟုတ်ပါရဲ့နော်၊ နို့... မေးရပါဦးမယ်၊ ခင်ဗျားက သည်နေရာတွေ မကြာခဏ ရောက်ဖူးတယ်ထင်ပါ့'

ကျွန်တော်က ပြောလိုက်၏။

'ဟုတ်တယ်'

'ခင်ဗျားကို ကြောက်လို့တာ၊ ခင်ဗျားနဲ့ပတ်သက်တဲ့ သူ့ကို ခကြာက်လို့လား'

'ဟင်...'

သို့ လင်းမြင့်လှိုင်က မေးလာသည်တွင် လူဗလဲလေး အံ့အားသင့်သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာလည်း ပျက်သွားလေ၏။

သို့ရှိစဉ်...

'သည်မယ် စားစရာတွေ'

ဘကြီးဖြူ ပြန်ထွက်လာပြီဖြစ်၍ စကားစပြတ်သွားကြတော့၏။

'ကျေးဇူးတင်တယ်'

'ဒါ ယုန်သားဟင်း၊ ဒါ ဖွတ်သားဟင်း၊ ဒါ အီကုတ်ကြော်'

ဘကြီးဖြူက ပြော၏။

ဝါးခွက်လေးလုံးနှင့် အရက်နှစ်ပုလင်းလည်း ချပေးလာလေ၏။

'ကဲ... လွတ်လွတ်လပ်လပ်နေကြဆျေ၊ ငါ တဲတန်းဘက် သွားချေဦးမယ်၊ ဘယ်သူမှ သည်နားမလာကြဖို့ သွားသတိပေးထားရမယ်'

သို့ဆိုလျက် ဘကြီးဖြူ ထွက်သွားလေ၏။

'ဟင်...'

ဘယ်လိုတွေပါလိမ့်။ ဘာ့ကြောင့် သည်နားမလာဖို့ ပြောရမှာပါလိမ့်။ ကျန်တော်တို့က ဘာမို့လို့လဲ။ အင်း... ထူးတော့ ထူးဆန်းသလိုဖြစ်ချေ၏။

သို့သော် လူဗလဲလေးက ပို၍ ကျန်တော်တို့ထွက် စိတ်ဝင်စားဖွယ် ကောင်းသူတစ်ယောက် ဖြစ်ချေတော့၏။

လူဗလဲလေးက ဘာလဲ။

လူဗလဲလေးနဲ့ ပတ်သက်ပြီး ဘယ်သူရှိနေသေးလို့လဲ။

'ကဲ... ကဲ... စားကြ သောက်ကြချေ'

လူဗလဲလေးက သို့ပြောကာ အရက်ခွက်တွင်း အရက်ငှဲ့ပေးလာချေ၏။

ကျန်တော်တို့ တစ်ခွက်စီ ကော့ကိုင်လိုက်ကြတော့၏။

ဘာမျှလည်း မမေးလိုတော့ပြီ။ မသိလိုတော့ပြီ။

သို့ဖြင့် ကျန်တော်တို့သုံးယောက် စားကြ သောက်ကြရင်း စကားစခြည် ပြောနေကြသည်ဆိုမေမင့် အမဲပစ်ထွက်ကြမည့်ကိစ္စကိုသာလျှင် တိုင်ပင်ပြောကြခြင်း ဖြစ်လေ၏။

သုံးယောက် နှစ်ပုလင်း ကုန်လုလုတွင်...

'ဖိုးစိန်သောဘာသော ငါမသိပါဘူးကွာ ဆိုသည့် အသံကြောင့် အသံလာရာသို့ လှည့်ကြည့်လိုက်ကြ၏။

လူသုံးယောက် ဖြစ်ချေ၏။ အတော်ကလေးလည်း မူးနေပုံရချေ၏။ တစ်ယောက်သောသူကို နှစ်ယောက်က ဝိုင်းထိန်းနေကြခြင်းဖြစ်၏။ လွန်မင်းစွာ မူးယစ်နေသော သူက ကျန်တော်တို့တဲတန်းမထိမတ် လျှောက်လာနေခြင်းဖြစ်သည်။ ထိုသည်ကို ကျန်နှစ်ယောက်က ဝိုင်းဆွဲခေါ်နေကြခြင်း ဖြစ်၏။

လူဗလဲလေးက ထိုသူသုံးယောက်ကို စေ့စေ့ကြည့်လိုက်လေပြီး...

'ခင်ဗျားတို့ ဒီမယ် နေခဲ့ကြဦး၊ လိုက်မလာကြနဲ့နော်'

ဆိုလျက် ထိုသူသုံးယောက်ထံ ထသွားလေသဖြင့် ကျန်တော်နှင့် လင်းမြင့်လှိုင်သည် ဘာတွေဖြစ်မည်ကို စိတ်ဝင်စားကြည့်နေမိကြ၏။

'ဟိတ်ကောင်... မင်းတော့ကွာ၊ ဒုက္ခတော့ ရောက်တော့မယ်၊ မင်း လူပြည်မှာ မနေချင်တော့ဘူးထင်တယ်'

သို့ဆိုသလို မူးယစ်သူကို ကျန်နှစ်ယောက်က ဆွဲခေါ်

www.burmeseclassic.com

www.burmeseclassic.com

ပြစ်တင်ပြီး ခြိမ်းခြောက်ပြောနေလေ၏။

သို့ရှိစဉ် လူဗလဲလေး သူတို့နား ရောက်သွားချေ၏။

အလိုလေးဗျာ... မူးယစ်နေသူက လူဗလဲလေး သူ့အနား ရောက်သည်နှင့် သူ့ကို ဆွဲခေါ်ချုပ်ကိုင်ထားသည့် လူနှစ်ယောက်လက်မှ အတင်းရုန်းကာ ပြေးရိုက်လာချေတော့၏။

"ဟာ..."

လူဗလဲလေး ဖင်ထိုင်လျက် လဲကျသွားတော့၏။

"ဟိတ်ကောင်... ဟိတ်ကောင်... မင်း အတော်မိုက်တဲ့ကောင်ကွာ"

သို့ဆိုလျက် လူနှစ်ယောက်က မူးယစ်ရမ်းကားနေသူကို အတင်းဝင်ရောက် ထိုးကြိတ်ဆွဲခေါ်သွားသေးတော့၏။

ကျန်တော်နှင့် လင်းမြင့်လိုင်သည် ဘာပြောပြော လူဗလဲလေးဘက်က မခံချင်ဖြစ်သည်ကြောင့် ထိုလူသုံးယောက်ထံ ပြေးသွားလိုက်တော့၏။ သူတို့နားရောက်လုတွင်...

"မင်းတို့ သူတို့ကို ဘာမှလုပ်စရာမလိုဘူး၊ သူတို့ ထွက်သွားကြပြီပဲကွာ၊ သူတို့ စရိတ်နဲ့ သူတို့သွားလိမ့်မယ်"

သို့အသံကြောင့် လှည့်ကြည့်လိုက်၏။

လူဗလဲလေး ကျန်တော်တို့နား ရောက်လာတော့ ပြုံးလာချေ၏။

"မင်း ဘာမှမဖြစ်ဘူးလား"

သူ ခေါင်းခါယမ်းပြလေငြား ဆွေးစက်တို့သည် ကျန်တော်နှင့် လင်းမြင့်လိုင်မျက်နှာကိုကို လာစင်ကြတော့၏။

"မင်း ခေါင်းပေါက်သွားတာပဲ"

စိုးရိမ်စွာဖြင့် မြောလိုက်၏။

"ပါးပါးလေးပါ... ဘကြီးဖြူ ဆေးခန်းတယ်၊ လာ... ဆက်သောက်ကြမယ်"

သို့ဖြင့် ကျန်တော်တို့သည် လူဗလဲလေးနှင့်အတူ ဘကြီးဖြူတဲ့ ပြန်ရောက်ခဲ့ကြ၏။

ကျန်တော်တို့သည် အရက်တို အဆက်မပြတ်သောက်နေကြ၏။ လူဗလဲလေး စကားသိပ်မပြောတော့ချေ။ တစ်ခုခုကို လုပ်ဆောင်ရန် စဉ်းစားနေပုံပင်။ သို့ကြောင့် ကျန်တော်နှင့် လင်းမြင့်လိုင်သည် မသိလိုက်ဘာသာ နေလိုက်ကြတော့၏။

သို့ဖြင့် အရက်လည်းကုန်၊ အမြည်းလည်းကုန်။ ကျန်တော်တို့သည်လည်း ခြေကုန်လက်ပန်းကျ မှောက်သွားကြတော့၏။

သတိမေ့လျော့သွားရင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့၏။ ကျန်တော်တို့ သတိရ ပြန်နိုးလာသည်တွင် မိုးစင်စင်လင်းနေပြီဖြစ်၏။

ကျန်တော့်နားတွင် လင်းမြင့်လိုင်ရှိ၏။ သူလည်း နိုးလေပြီ။ လူဗလဲလေး မရှိပါလား။ စောစောစီးစီး ဘယ်ထွက်သွားတာပါလိမ့်။

ကျန်တော် ထထိုင်လိုက်၏။

ဟော... ဟိုမယ် လူဗလဲလေးနှင့် ဘကြီးဖြူပါလား။

ခပ်လှမ်းလှမ်းရှိ အင်ကြင်းပင်အောက်တွင် ထိုင်၍ စကားပြောနေကြ၏။ ဘာတွေပြောနေကြလေသည်မသိ။ မှန်း၍ အနီးစပ်ပြောရပါလျှင် ညက လူဗလဲလေး အရိုက်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ ဘကြီးဖြူက ကျေနပ်နှစ်သိမ့်အောင် ဖျောင်းဖျနေခြင်းဖြစ်ဟန်တူ၏။

လူဗလဲလေးကို ကြည့်ရသည်မှာ ခေါသထွက်နေပုံပင်။

www.burmeseclassic.com

ကျွန်တော် သူ့ကို ကြည့်နေစဉ်မှာပင် လူဗလဲလေး လှမ်းမြင်သွားကာ လှမ်းရယ်ပြ၍ ရောက်လာခြေ၏။

"ခင်ဗျားခေါင်းကဒဏ်ရာ သက်သာလား"

ကျွန်တော်က စိတ်ပူပန် ပြောမေးလိုက်၏။

"ဘကြီးဖြူ ဆေးထည့်မေးထားတာ ကိစ္စမရှိပါဘူး၊ စိတ်မပူပါနဲ့" လို့ ပြုံးရွှင်စွာပြောလာခြေ၏။

"ကဲ... ငါတို့ အမဲပစ်သွားကြမယ်"

"ခင်ဗျားခေါင်းက ဒဏ်ရာ မသက်သာသေးလျှင်ဖြင့် ဒီကနေ့ နားတာပေါ့"

သို့ ကျွန်တော်က ပြောလိုက်ပေမင့် လူဗလဲလေးသည် ဘကြီးဖြူထံသွားကာ ဘာတွေပြောနေလေသည်မသိ။ ပြီးလေမှ...

"သွားကြစို့" ဆိုလျက် သူ၏ဓားပြားလေးကို ဂွေ့ယမ်း၍ ထွက်ခွာသွားလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သေနတ်ကိုယ်စီကိုင်လျက် လိုက်သွားကြလေတော့၏။

"မင်းတို့ သပြုချောင်းဘက် သွားကြမလား"

ဘကြီးဖြူက လှမ်းအော်မေးလေသဖြင့် "ဟုတ်တယ်" လို့ လူဗလဲလေးက ပြန်ကုန်းအော်ဖြေလေတော့၏။

"သပြုချောင်း ဟုတ်လား" ကျွန်တော်က မေးလိုက်၏။

"အမဲရှာပစ်ပြန်လာလောက်တဲ့အချိန် ရနိုင်ပါတယ်"

ကျွန်တော်တို့ ခိုင်ပစ်လိုခြင်းထက် လူဗလဲလေးကို အကဲခတ်လိုခြင်း ဖြစ်၏။ မနေ့ညက သူအရိုက်ခံထားရသည်ကိုး။

ထိုကိစ္စ လူဗလဲလေး မေ့မေ့ပျောက်ပျောက် ရှိနေလေပြီလား။ မနေ့က ဘယ်သူတွေပါလိမ့်။

ကျွန်တော်တို့သည် တောတိုးခဲ့ကြရာမှ လှမ်းတွင် လူ

တစ်ယောက်စ နှစ်ယောက်စဆိုသလို တွေ့နေရ၏။ ထိုလူတို့က လူဗလဲလေးကို တရိတသေ နှုတ်ဆက်သွားကြသည်ကို သတိပြုမိ၏။ လူဗလဲလေးက ဘယ်လိုလူစားပါလိမ့်၊ သူ့ကို မသိသူ မရှိကြပါကလား။

အင်ကြင်းတောစခန်းနှင့် အတန်ဝေးသည့်နေရာ ရောက်လာကြသည်တွင် ချောင်းစပ်၊ တောင်ကြောစွယ်ထိပ်တွင် လူတစ်စုတွေ့လိုက်သဖြင့် အကဲခတ်ကြည့်လိုက်၏။ တစ်စုံတစ်ရာကို ဝိုင်းတိုးကြည့်နေကြခြင်းဖြစ်၏။

"ဘာကိုကြည့်နေကြတာလဲ မသီဘူး ကိုလင်း"

"အေးဗျာ... သွားကြည့်ကြရအောင်"

လင်းမြင့်လှိုင်က လိုက်ထောက်ခံသဖြင့်...

"ခက်တာပဲကွာ၊ လူစုစုမြင်ပြီဆိုလျှင်ဖြင့် စပ်စုကြတာပဲကလား၊ သူတို့ဘာသာ ဘာဖြစ်ဖြစ် ငါတို့နဲ့ မဆိုင်လောက်ပါဘူး၊ လာကြစမ်းပါကွာ၊ သည်မြောင်က ဖြတ်ရမှာ"

သို့ဆိုလျက် လူဗလဲလေးက ထိုသူတို့နှင့် မဝေးလောက်သောနေရာတွင်ရှိ မြောင်အတွင်း ဝင်ရန်ပြောလေသဖြင့် ကျွန်တော်က...

"ခဏနေစမ်းပါဗျာ၊ သူတို့ ဘာဖြစ်နေကြသလဲ သိချင်ဘယ်၊ ကူညီပေးတန် ကူညီရတာပေါ့" ဆိုလျက် လင်းမြင့်လှိုင်ကို မျက်ရိပ်ပြကာ ထိုလူစုထံ သွားလိုက်တော့၏။ သို့ဆိုတော့ လူဗလဲလေး မကျေမနပ်ဖြင့် ကျွန်တော်တို့ကို ရှုသိုးသိုး မျက်နှာဖြင့်တည်ကာ လိုက်ပါလာလေတော့၏။

ကျွန်တော်တို့သည် ထိုလူစုနား ရောက်သည်တွင် အုံအောလူတို့ကြား တိုးဝှေ့ဝင်လိုက်၏။

www.burmeseclassic.com

"ဟင်..."

လူတစ်ယောက် သွေးသံရဲရဲဖြင့် မှောက်ခုံကြီးသေနေပါရောလား။ ထိုသည်ကို ဝိုင်းကြည့်နေကြခြင်းဖြစ်၏။

"ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်က အနားမှလူတစ်ယောက်ကို မေးလိုက်၏။

"အသတ်ခံရတာ"

"ဘယ်သူလဲ"

"ဘယ်သိပါ့မလဲ၊ ဘယ်သူမှ မထိရဲ့ မကိုင်ရဲလို့ အခုလို ကြည့်နေကြတာ"

"ဟင်..."

ကျွန်တော်သည် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်၏။ ဘယ်လိုသဘောရသလဲဆိုသည့် အမေးအကြည့် ဖြစ်ချေ၏။

"ရင်းနှီးနေသလိုပဲဗျ"

လင်းမြင့်လှိုင်က သို့ပြောငြီး မှောက်ခုံဖြစ်နေသော ထိုသူကို ဆွဲလှန်လိုက်၏။

"ဟာ..." "ဟင်..."

တစ်ယောက်ကိုတစ်ယောက် အံ့သြတကြီးကြည့်လိုက်၊ လူဗလံလေးကိုကြည့်လိုက်ဖြင့် မှင်တက်မိနေကြတော့၏။

"ခင်ဗျား သူ့ကို ကောင်းကောင်းသိပါတယ်"

လင်းမြင့်လှိုင်က လူဗလံလေးကို ပြောလိုက်၏။

"ဟင့်အင်း..."

"ဘာဗျ..."

"မသိပါဘူးဆိုနေ"

သို့ဆိုတော့ လင်းမြင့်လှိုင် မည်သို့မျှ မပြောသာတော့ပေ။

လူဗလံလေးကို သက်သာမကင်းမျက်နှာဖြင့် ကြည့်နေလေသဖြင့်...

"သူပြောတာလည်း ဖြစ်နိုင်ပါတယ် ကိုလင်း"

"ကိုပိုက် ဘယ်လိုပြောနိုင်လဲ"

"သူ အရိုက်ခံရပြီး တစ်ချိန်လုံး စခန်းကနေ ဘယ်မှသွားတာမဟုတ်ဘူးလေ၊ ပြီးတော့ ခုသေနေတဲ့သူက သူ့ထက် ဗလကောင်းတယ်၊ ပြီးတော့ တွေ့နေကျအလေ့အင်းတွေလို လည်ပင်းတစ်ဝိုက် ဓားဒဏ်ရာမှ မရှိတာ၊ ဒဏ်ရာကတော့ ဝမ်းဗိုက်နဲ့ နှလုံးမှာလေ၊ ဒဏ်ရာတွေက ချွန်ထက်တဲ့အရာနဲ့ ထိုးသွင်းခံရတာ သေချာတယ်လေ"

"နို့ဖြင့် နေဦး ကိုပိုက်၊ ကျွန်တော် သည်လူ့အလောင်းကို အသေအချာကြည့်ဦးမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုလူအလောင်းကို စေ့စေ့ကြည့်နေလေ၏။ မည်သည့်ထူးခြားချက်မှ လင်းမြင့်လှိုင် တွေ့လိုက်ပုံ မပေါ်ချေ။

"မင်းတို့ အမဲပစ်မသွားကြတော့ဘူးလား၊ မုဆိုးအလုပ် လုပ်မှာလား၊ စုံစမ်းတဲ့အလုပ် လုပ်မှာလား"

လူဗလံလေးက စိတ်မရှည်ဟန် ပြောလာလေ၏။

"လာပါ ကိုလင်းရယ်၊ သည်ကိစ္စ ကျွန်တော်တို့နဲ့ မဆိုင်လောက်ပါဘူး၊ သစ်ခုတ် ဝါးခုတ်သမားအချင်းချင်း ဒေါသတကြီး သတ်ပုတ်ကြရင်း လက်လွန်သွားကြတာ ဖြစ်မှာပါ' လို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်တစ်ယောက် ကျွန်တော့်ကိုပါ မကျေမနပ် ကြည့်လာချေပြီး တစ်စုံတစ်ရာပြောလာမည်ဟု ထင်လိုက်ရငြား လင်းမြင့်လှိုင်သည် ဘာကိုမျှ စိတ်မဝင်စားဟန်ဖြင့် နေရာမှထလိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com

"အေးဗျာ... မုဆိုးက မုဆိုးအလုပ်လုပ်တာပဲ ကောင်းပါတယ်လေ" ဆိုလာချေတော့၏။

"ကဲ... ကဲ... မြန်မြန်လာခဲ့ကြချေ"

လူဗလဲလေးသည် ထိုနေရာတွင် ကြာကြာဆက်မနေလို့ ဟန်ဖြင့် ရှေ့မှသုတ်ခြေတင် သွားလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် မြန်မြန်ဆန်ဆန် လိုက်သွားကြရချေတော့၏။

"မင်းတို့ကပါ ငါ့ကို တစ်မျိုးမြင်နေမှာပဲ"

အတော်ဝေးဝေးရောက်တော့ လူဗလဲလေးက သို့ ပြောလာချေ၏။

"ဘာကို ဆိုလိုချင်တာလဲ" လင်းမြင့်လှိုင်က မေးလိုက်၏။

"သည်လူကို ငါ ကောင်းကောင်းသိပါတယ်ကွာ၊ တကယ်ပဲ ငါနဲ့ လုံးဝမပတ်သက်ပါဘူး၊ အမှန်အတိုင်း ငါ ပြော ရလျှင် မနေ့ကကိစ္စနဲ့ပတ်သက်လို့ သည်လူကို ဘယ်လိုမှ သဘော မထားတာ အမှန်ပါ၊ ဘာလို့လဲဆိုတော့ ငါက နေရာတကာမှာ လူတိုင်းအပေါ် နိုင်ထက်စီးနင်း လုပ်ခဲ့တာလေ၊ ညက အရက် နှစ်လုံးက တကယ်ဆို အဲဒီလူ ရသင့်တာကွ၊ သူ အင်ကြင်းတော စခန်းမှာ စည်းထားကြတာ တစ်ခုရှိတယ်၊ ဘကြီးဖြူဆီက အရက်ကို နောက်ဆုံးသောက်တဲ့သူက သူလိုသလောက် ရှိသလောက် အရက်ကို ဝယ်ခွင့်ရှိတယ်။ အဲဒီလူက သောက်နိုင်တော့ဘူးဆိုမှ နောက်တစ်ယောက်ကို ရောင်းရတယ်"

"တယ်ဟုတ်ပါကလား"

"အေး... ညကတော့ ဘကြီးဖြူက ငါ့ကို အဲဒီစည်းကမ်း ဖျက်ပြီး ပေးခဲ့တယ်၊ ဒါကို သူက မကျေနပ်ချင်စရာပဲလေ၊ သူ့မယ် အပြစ်မရှိဘူး၊ နို့ကြောင့် ငါ သူ ကျေနပ်အောင် အရိုက်ခံခဲ့တာပဲ"

"ဟော..."

လူဗလဲလေး ဘယ်လိုအကြောင်းပြ ပြောနေပေမင့် ကျွန်တော် လက်မခံချင်ပါ။ သည်လူ သေဆုံးရခြင်းသည် လူဗလဲလေးနှင့် ပတ်သက်ခြင်းအကြောင်း ရှိကိုရှိရပေလိမ့်မည်။ ဒါကို လင်းမြင့်လှိုင်လည်း စွဲစွဲမြဲမြဲ မှတ်ထားပုံပင်။ သို့ပေမင့် လင်းမြင့်လှိုင်က...

"အေးပါ၊ ကျွန်တော်ကလည်း ခင်ဗျားအပေါ် ရုတ်တရက် ဆိုတော့ အထင်အမြင်မှားမိတာပါ၊ ကဲပါ... ကျွန်တော်တို့ သည်ကနေ့ နိုင်တစ်ကောင်ရအောင် ပစ်ကြတာပေါ့"

"ကဲ... ကဲ... လာကြ၊ သည်မြောင်ဆုံးလျှင် တောင်ကြောပေါ် ရောက်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောပေါ်သို့ ရောက်သည်တွင်...

"ဟင်..."

တောင်ကြောပေါ်တွင် ရှင်းလို့နေချေပြီး မြက်ရိုင်းခြောက်ကြားမှ မှန်ပင်တို့သာလျှင် တောင်ခြေပေါ်တွင် ရှိကြ၏။

ခြောက်ခြောက်သွေ့သွေ့ နိုင်လွန်းလှ၏။

သို့ပေမင့်လို့ မြေပြန့်ကျယ်ကျယ်ဖြစ်ချေ၏။ ကျွန်တော်တို့သည် ထို မြက်ရိုင်းပင်တို့ကြား လျှောက်ခဲ့ကြရာမှ...

"ဟင်... ဟိုမယ် ကိုလင်း"

ခပ်လှမ်းလှမ်းတွင် နိုင်တစ်ကောင်ကို လှမ်းတွေ့လိုက်၏။ ထိုနိုင်ကောင်သည် မြက်ရိုင်းကြားမှ မြက်ရိုင်းစိုတို့ကို တမြုံမြုံနှင့် ငုံစားနေလေခြင်းကြောင့် ကျွန်တော်တို့ကို မြင်ဟန်မတူချေ။

"ချောက်..."

လင်းမြင့်လှိုင်က သေနတ်ကို မောင်းတင်လိုက်၏။ သို့

www.burmeseclassic.com

www.burmeseclassic.com

အသဲသည် နိုင်ကောင်ကို သတိပေးသလို ဖြစ်သွားချေ၏။ သေနတ်မောင်းတင်သံကြောင့် နိုင်ကောင်၏ခေါင်း ထောင်လာ၏။ ဘေးဘီကို လှည့်ပတ်ကြည့်လာချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် ကဗျာကသီ ထိုင်ချလိုက်၏။ ပြီးပြီးပျောက်ပျောက် နေလိုက်ကြတော့၏။ နိုင်ကောင် စိတ်ကျေနပ်အောင် ကြည့်သွားနေလေပြီး မည်သည့် အန္တရာယ် အငွေ့အသက်မှ မရသဖြင့် ခေါင်းပြန်စိုက်ချလိုက်ကာ မြက်တို့ကို စားနေလိုက်ပြန်၏။

"ဒိန်း..."

လင်းမြင့်လှိုင် အချိန်ဖြုန်းမနေတော့ပါ။ ပစ်မှတ်ကို စိတ်ကြိုက် ချိန်ရွယ်ပြီးသည်နှင့် ပစ်လိုက်လေပြီး ဖြစ်၏။

နိုင်ကောင် ခွေလဲသွားလေ၏။

မြေတွင် တစောင်းလဲလျက် ခြေလက်တို့ လှုပ်ခတ်နေ၏။

"ဘူး..."

"ဘူး..."

သို့ အသဲတော့ဖြင့် နိုင်ကောင်ထံမှ ပေါ်ထွက်လာချေ၏။ ကျွန်တော်တို့သည် အပြေးကလေးသွားလိုက်၏။

"ဘူး..."

"ဘူး..."

"ဒိန်း..."

မသေမရှင်ဖြစ်နေလေခြင်းကြောင့် လင်းမြင့်လှိုင်သည် နိုင်ကောင်၏ဦးခေါင်းသို့ ကျည်တစ်တောင့် ပစ်သွင်းလိုက်လေမှ ငြိမ်သက်သွားလေတော့၏။

"ဘယ်လို လုပ်ကြမလဲ"

နိုင်ကောင်ကို အသားဖျက် သယ်သွားကြလေမလား။

ထိုနေရာမှာပင် အသားဖျက် စခန်းချနေကြလေမည်ကို သိလိုက်၍ ကျွန်တော်က မေးလိုက်ခြင်း ဖြစ်၏။

"ကျွန်တော်တို့ သည်နားမယ် စခန်းချနေကြမလား"

လင်းမြင့်လှိုင်က လူဗလဲလေးသဘောထားကို မေးလိုက်၏။

"မင်းတို့ ဘယ်လိုဖြစ်ချင်တုန်း"

"ကျွန်တော်တို့က လုပ်နေကျထုံးစံအတိုင်း သားကောင်ကို ပစ်ခတ်၊ လတ်လတ်ဆတ်ဆတ် စားသောက်ရင်း နားနေချင်ကြတာ"

"ဟင်... မင်းတို့က သည်နိုင်ကောင်ကို တစ်ကောင်လုံး ကုန်အောင် စားနိုင်ကြလို့လား"

လူဗလဲလေးက တအံ့တသြ မေးလေသဖြင့်...

"ဟာ... ဟာ... ဟာ... ဟာ... ဟဲ... အဲလို ဘယ်ဟုတ်ပါ့မလဲဗျာ၊ စားနိုင်သလောက်စားပြီး သည်ကောင်ကို သည်အတိုင်း ထားခဲ့ကြတာပေါ့"

ကျွန်တော်က ပြောလိုက်၏။

"နဂြောစရာကွာ"

"ဘယ်တတ်နိုင်ပါ့မလဲ"

"နို့... သည်လို လုပ်ချင်တယ်"

လူဗလဲလေးက တောင်းဆိုလာ၏။

"ပြောကြည့်လေ"

"သည်နားတစ်ဝိုက် သစ်ခုတ်ဝါးခုတ်သမားတွေ ရှိတာပဲ၊ သည်ကောင်ကို ပေးစားလိုက်မယ်လေ"

အလဲ့... တယ်ဟုတ်ပါ့လား။ စိတ်ထားလေးကတော့ ဆိုးလေပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတာပေါ့"

"နို့ဖြင့် ငါ သည်နားတစ်ဝိုက်သွားမယ်၊ သစ်ခုတ်သမား တွေ ရှာရင်းပေါ့"

"ဟုတ်ပြီလေ၊ ကျွန်တော်တို့ တဲထိုးထားလိုက်မယ်၊ ရေ လည်း ခပ်လာခဲ့ချေဦး"

သို့ဆိုလေတော့ လူဗလဲလေးသည် ကျွန်တော်တို့အပါးမှ ထွက်သွားလေတော့၏။

သည်တော သည်တောင်တွင် သူ ကျွမ်းကျွမ်းကျင်ကျင်ရှိ ပုံပင်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စိုင်ကောင်နားတွင် ခေတ္တနားနေလိုက်ကြပြီး လက်ကျန် ဝီစကီကို သောက်လိုက်ကြ လေ၏။

ကျွန်တော်တို့ တစ်ပြားကုန်သည်အထိ ပြန်မလာသေးပါ လား။ တစ်ပြားသောက်ပြီးလျှင် တဲထိုးရန် ဝါးထခုတ်လိုက်ကြ လေ၏။

ကျွန်တော်တို့ ဝါးတဲထိုးပြီးလောက်တွင်မှ လူဗလဲလေး ပြန်ရောက်လာလေ၏။ သူနှင့်အတူ သစ်ခုတ်သမားဖြစ်ဟန်တူသူ သုံးယောက် ပါလာကြ၏။ သူတို့သည် ပုဆိန်ကိုယ်စီနှင့် ဖြစ်လေ ၏။ ထင်းတုံးခြောက်များကိုလည်း သယ်ပိုးလာကြ၏။ ဝါးကျည် တောက်ဖြင့် ရေတစ်ပုံးလည်း ပါချေ၏။ လူဗလဲလေးနှင့် သူတို့သုံး ယောက် သိဟောင်းကျွမ်းဟောင်းများ ဖြစ်ပုံရလေ၏။

သို့ကြောင့်...

"မင်းတို့ တဲစုကလူတွေပဲလား"

ကျွန်တော်က မေးလိုက်၏။

"ဟုတ်တယ်"

"အေး... မင်းတို့ တဲစုကသူတွေ သည်ထိလာ သစ်ခုတ် ကြတာလား"

ကျွန်တော်အမေးကြောင့် လူဗလဲကလေးကော ထိုသူ သုံးယောက်ပါ မျက်နှာပျက်သွားကြလေ၏။ ပြီးလေမှ...

"ဩော်... အင်း... တစ်ခါတလေ သည်ထိလာကြတယ် ဆိုတာ ဟိုလေ သည်ကသစ်တွေဟာ ဖြောင့်တယ်၊ ကောင်းတယ်" လို့ ပြန်ပြောလေ၏။

"ဘယ်လိုသစ်မျိုးမို့လို့လဲကွ"

ကျွန်တော်က စပ်စပ်စုစု မေးလိုက်ပြန်၏။

"ကျွန်း"

"ဟင်..."

ကျွန်တော် ဒေါသထွက်သွားလေ၏။

နိုင်ငံတော်ပိုင် အဖိုးတန်ကျွန်းကို ခုတ်ချင်တိုင်း ခုတ်နေကြ ပါလားဆိုသည့်အသိက သစ်တောဝန်ထမ်းဟောင်းတစ်ယောက် ဖြစ်သည့် ကျွန်တော် ဒေါသထွက်လာလေ၏။ သို့ပေမင့်လို့ ကျွန်တော်သည် ထိုအသိစိတ်ကို ဖျောက်လိုက်ကာ...

"အေးလေ သည်ဘက်မှာတော့ ကျွန်းပေါပါတယ်" လို့ ပြော၏။

ကျွန်တော့်တို့ သူတို့သုံးယောက်ကိုကူပြီး စိုင်ကောင်ကို အသားဖျက်လိုက်ကြ၏။

"မင်းတို့စခန်းတဲ့ ဘယ်မှာလဲ"

လင်းမြင့်လှိုင်က သို့ မေးလိုက်ပြန်သည်တွင် ထိုလူသုံး ယောက်မှာ မျက်နှာပျက်သွားကြပြန်၏။ သို့ပေမင့်...

www.burmeseclassic.com

"အတော်လှမ်းတာကလား" လို့သာ ပြောလာချေ၏။

ကျွန်တော်တို့ စိုင်ကောင်အသားကို အနည်းအကျဉ်းမျှသာ ယူထားလေပြီး အားလုံးကို ပေးပစ်လိုက်လေ၏။

သူတို့သုံးယောက်သည် ပျော်ရွှင်စွာဖြင့် သယ်မသွားကြလေ၏။

"တခြားသူတွေကိုလည်း ဝေငှလိုက်ကြဦးနော်"

သို့ လူဗလဲလေးက လှမ်းပြောလိုက်ပြန်၏။

ကျွန်တော်တို့သည် စိုင်သားမီးကင်၍ လက်ကျန် ဒီစကီလေးကို မျှသောက်ကြကာ ကျန်သောအချိန်ကို ဖြုန်း လိုက်ကြတော့၏။ လူဗလဲလေးသည် ကျွန်တော်တို့ထက် စောစွာ အိမ်ယာဝင်သွားလေ၏။ သည်တော့မှ လင်းမြင့်လှိုင်က...

"ကျွန်တော်လေ လူဗလဲလေးကို မသ်ကာဘူးဗျ"

"ကိုလင်း ဘာဖြစ်ချင်လို့တုန်း"

"ဟိုလူ သေရတဲ့ ကိစ္စ"

"ကိုလင်း ဘာသိထားလို့တုန်း"

သည်နောက် လင်းမြင့်လှိုင်က အိတ်တွင်းမှ တစ်စုံတစ်ခုကို ထုတ်ယူပြတော့၏။

"ဟင်..."

ဆေးထိုးအပ်လောက် လုံးပတ်ရှိပြီး သုံးလက်မအရှည်ရှိ မြားတံလေးပါကလား။

ကျွန်တော် လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်နေလိုက်၏။

"ဒါကို ဘယ်ကရလာတယ် ထင်လဲ"

လင်းမြင့်လှိုင်က မေးလာလေ၏။

"ကိုလင်းပြောမှ သိမှာပေါ့"

"ဟို သေသွားတဲ့လူရဲ့ လည်တိုင်က"

"ဟင်..."

"ဟိုလူသေရဲ့ ဝမ်းဗိုက်မှာတွေ့ရတဲ့ ဒဏ်ရာကြီးတွေကြောင့် သေရတာ မဟုတ်ဘူးဗျ၊ သည်မြားတံကြောင့် သေရတာ"

"ဘယ်လိုဖြစ်နိုင်မှာလဲ ကိုလင်းရယ်"

"သူ့မြားတံထိပ်ကို အသေအချာကြည့်လေ"

သို့ကြောင့် ကျွန်တော် သေသေချာချာ ကြည့်လိုက်၏။ မြားတံ၏ တစ်ဖက်ထိပ်သည် ညှိုးညှိုးစည်းအသွင် ဖြစ်နေလေသဖြင့်...

"ဘာလဲ၊ ကိုလင်းပြောချင်တာ သူ့မြားတံလေးမယ်အဆိပ် လူးထားတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်နေတာပဲကိုးဗျ"

"နို့ဖြင့် ဒီမြားတံက မူတ်ပြောင်းနဲ့ ထည့်ပစ်တာပေါ့"

"ဒါပေါ့ဗျ"

သို့ ဆိုလာလေတော့ ကျွန်တော်သည် ဘကြီးဖြူတဲ့တွင် တွေ့ရသည့် မူတ်ပြောင်းကို မြင်ယောင်လာမိ၏။

အလိုလေးဗျာ... ကိုလင်း ဘာကိုဆိုလိုချင်မှန်း သိလိုက်ရချေတော့၏။ သည်ကိစ္စ လူဗလဲလေးနှင့် လုံးဝပတ်သက်နေသည် သဘောပေါ့။ ထိုလူသေရခြင်းသည် မူတ်ပြောင်းကြောင့် ဆိုတော့ ခုညက သည်လူ လူဗလဲလေးကို ရိုက်သွား၏။ ထိုကိစ္စနှင့် ပတ်သက်၍ ဘကြီးဖြူက မကျေမနပ်ဖြစ်ကာ သို့ လုပ်ကြံလိုက်ခြင်းများလေလား။

လူဗလဲလေးကို ဘကြီးဖြူက အလေးအနက်ထား

www.burmeseclassic.com

ဆက်ဆံနေသည်ပဲ။ ပြီးတော့ ညက ဘကြီးဖြူပြောသည့် စကား အချို့နှင့် ထိုလူပြောသည့် 'ဖိုးစိန်' ဆိုတာလည်း ငါ မသိဘူးဆိုခဲ့ခြင်းကို ဆက်စပ်ကြည့်မိလေတော့၏။

ဖိုးစိန်... ဖိုးစိန်...

လူဗလဲလေး ပြောပြောနေသည့် ဖိုးစိန်ဆိုသူသည်လည်း လူဗလဲလေးနှင့် ပတ်သက်ဆက်စပ်မှု ရှိကိုရှိရပေမည်။

'ကိုပိုက်. ဘယ်လိုထင်သလဲ'

လင်းမြင့်လှိုင် သို့မေးလာလေမှ ကျွန်တော့်အတွေးစ ပြတ်သွားရတော့၏။

'စိတ်ဝင်စားစရာတော့ ကောင်းတယ်ဗျ'

သို့သာ ကျွန်တော် ပြောနိုင်ခြင်းရှိချေ၏။

'ကဲပါ ကိုပိုက်ရယ်... ကျွန်တော်တို့သိချင်တဲ့ လူသတ်တရားခံကို ရှာနိုင်တော့မှာပါ'

သို့ လင်းမြင့်လှိုင်က ပြုံးရွှင်ပြောလာချေပြီး တဲကြမ်းခင်းပေါ် လှဲလိုက်လေ၏။ ကျွန်တော်သည်လည်း လှဲလိုက်လေတော့၏။

ကျွန်တော်တို့ အတော်နှင့်အိပ်မပျော်။

လူဗလဲလေးကို တစ္ဆေတစောင်းကြည့်မိ၏။

သူ့ခမျာ ဘာမှသိပုံမပေါ်။ ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေတော့၏။

'ဟင်း...'

ကျွန်တော်သည် သက်ပြင်းတစ်ချက် ချလိုက်လေပြီး မျက်လုံးကို ဖွတ်မှိတ်ထားလိုက်ရာမှ အိပ်ပျော်သွားလေတော့သည်

'ချွတ်... ချွတ်... ချွတ်... ဖလပ်... ဖလပ်... ချွတ်... ချွတ်...'

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။ သို့အသံကြောင့် နိုးလာ၏။

'ဟင်...'

လင်းမြင့်လှိုင်သည်လည်း အိပ်ယာမှ နိုးနေဟန်တူ၏။ အသံကို နားစွင့်နေလေ၏။ လူဗလဲလေးကတော့မူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်တူ၏။

'ကိုလင်းလည်း ကြားတယ်လား'

'ရှူး...'

ကျွန်တော့်အသံ နည်းနည်းကျယ်သွား၍ ထင်၏။ သို့ကြောင့် ကျွန်တော်သည် စကားကိုမဆက်သေးဘဲ အသံလာရာ နောက်ဘက်သို့ လှမ်းကဲကြည့်လိုက်၏။

သစ်ပင်ချုံပုတ်တို့ကြားမှ သဏ္ဌာန်တစ်ခုကို တွေ့လိုက်၏။ ကျွန်တော်တို့ဘက် ချောင်းမြောင်းကြည့်နေလေခြင်း ဖြစ်၏။

'ဘယ်သူ ဖြစ်နိုင်လဲ'

တိုးတိုးလေး မေးလိုက်မိပြန်၏။

'ချောက်...'

'ဒိန်း...'

လင်းမြင့်လှိုင်တစ်ယောက် လက်မြန်လိုက်သည်ဖြစ်ခြင်း။ ရုတ်ခြည်းဆိုသလို သေနတ်ကိုဆွဲယူ ကုန်းရုန်းထကာ ထိုအရိပ်သဏ္ဌာန်ရှိရာသို့ လှမ်းပစ်လိုက်သလို ကျွန်တော့်ကိုလည်း လိမ့်ထွက်သွားအောင် တွန်းပစ်လာချေ၏။

'ဝုန်...'

'ဒေါက်...'

'ဟင်...'

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်က ဓာတ်မီးဖြင့် သူ့ပစ်မှတ်ရှိရာသို့ လှမ်းထိုးလိုက်၍ တွေ့လိုက်၏။ လူတစ်ယောက် တောတိုးပြေးလွှားသွားလေ၏။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

လူဗလဲလေး သေနတ်သံကြောင့် လန့်နိုးလာလေပြီး သို့မေးလာချေ၏။

လင်းမြင့်လှိုင်က တဲပေါ်သို့ မိမိတို့ထိုင်နေသည့် နေရာတစ်ဝိုက်ကို ဓာတ်မီးဖြင့်ထိုးကာ တစ်စုံတစ်ရာကို ရှာနေလေ၏။

"ကိုလင်း ဘာကိုရှာနေတာတုန်း"

ကျွန်တော်က မေးလိုက်၏။

"ဟော.. တွေ့ပြီ၊ သည်မယ်ဗျ"

"ဟင်..."

လင်းမြင့်လှိုင်ပြမှ တွေ့လေ၏။ ကျွန်တော်အိပ်နေသည့် နေရာ ခေါင်းရင်းဘက်မှဝါးတိုင်တွင် နှစ်ဝင်နေသည့် အပ်သားသားမြှားလေးကို တွေ့လိုက်ရ၏။

ကျွန်တော်က လှမ်းဆွဲနှုတ်လိုက်မည်အပြုတွင်...

"ကိုပိုက် အရမ်းသွားမကိုင်နဲ့ဦးဗျ၊ အဆိပ်ရှိတယ်"

"ဟင်..."

လင်းမြင့်လှိုင်ပြောသဖြင့် ကျွန်တော် လက်တွန့်သွားလေ၏။

လူဗလဲလေးက တအံ့တသြကြည့်နေလေပြီး...

"ဒါ အဆိပ်လူးမြားလေးပေပဲ"

ကျွန်တော် ကြက်သီးမွေးညင်းထသွားလေ၏။ လင်းမြင့်လှိုင် ကျွန်တော့်ကို တွန်းထိုးလိုက်ပေလို့။ သို့မဟုတ်က ကျွန်တော်

အဆိပ်လူးမြားလေး စူးနစ်၍ သေနေလောက်ပြီး ဖြစ်၏။

"ကျေးဇူးတင်တယ် ကိုလင်း"

သို့တေ့ာဖြင့် ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က လူဗလဲလေးကို စိန်းစိန်းကြီး စိုက်ကြည့်နေလိုက်၏။ သည်တွင် လူဗလဲလေးက လင်းမြင့်လှိုင်နှင့် မျက်နှာချင်းမဆိုင်ချင်သလိုဖြစ်ကာ တစ်ဖက် မျက်နှာလွဲသွားလေ၏။

ဘာကြောင့်များပါလိမ့်။

လင်းမြင့်လှိုင်က ထိုမြားတဲလေးကို အသေအချာကိုင်၍ လူဗလဲလေးမျက်နှာရှေ့သို့ ပြလိုက်လေပြီး...

"ဒါ ဘကြီးဖြူပစ္စည်းလား" လို့ မေးလိုက်၏။

လူဗလဲလေး ထိတ်လန့်သွားလေ၏။

"ဘယ်... ဘယ်ကလာ ဟုတ်ရမှာတုန်း"

"ဟင်... ဟုတ် မဟုတ် ဘယ်လိုသိတုန်း"

လင်းမြင့်လှိုင်က လေသံမာမာဖြင့် မေးလိုက်ပြန်၏။

"ငါ... ငါ ဘယ်သိမလဲလို့ ပြောချင်တာ"

လင်းမြင့်လှိုင် ပြုံးလိုက်၏။

"ဘကြီးဖြူအိမ်မှာ မှုတ်ပြောင်းတွေ့ခဲ့တယ်လေ"

သို့ ပြောလိုက်ပြန်သည်တွင် လူဗလဲလေး တစ်ချက်တုန်လှုပ်သွားလေ၏။ ပြီးမှ...

"ငါတော့ အမှတ်တမဲ့ပဲ" လို့ ပြောလာချေ၏။

"ကဲ... ကျွန်တော်တို့ ခုပဲ ခရီးထွက်ကြမယ်"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် လူဗလဲလေးသည် လုံးဝ အံ့သြသွားလေပြီး...

"မိုးမလင်းသေးဘူးလေ" လို့ ပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"မိုးလင်းတော့မှာပဲ၊ ပြီးတော့..."

လင်းခြင့်လှိုင်က သို့ပြောပြီး စကားကို ခေတ္တရပ်လိုက်ကာ လူဗလံလေးကို ကြည့်နေလိုက်၏။

"ပြီးတော့ ဘာဖြစ်လဲ ဆက်ပြောလေ"

လူဗလံလေးက သည်သို့ မေးလာပြန်၏။

"သည်မှုတ်ပြောင်းတံပိုင်ရှင် သည်နားတင်ရှိလောက်သေးတယ်ဆိုတော့ တွေ့များတွေ့ဦးမလားလို့"

"ဘယ်လိုဖြစ်နိုင်မှာလဲ"

"အဲဒါတော့ တပ်အပ်ပြောမရဘူးလေ၊ အေးပေါ့ဗျာ... သည်ကောင်ကို ကျွန်တော့် လုံးဝမကျေနပ်ဘူးကွ၊ ကျွန်တော်တို့ကို နေရင်း အသားလွတ်လာလုပ်ကြံတာ"

"ဟင်..."

သို့ဆိုတော့ လူဗလံလေး မည်သို့မျှ စောဒကတက်ပြောလာခြင်း မရှိပါလေဘဲ ငြိမ်သက်လို့သွားချေ၏။ အဝေးသို့ လှမ်းကြည့်နေလေပြီး...

"တောက်..."

တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်ဟန်ဖြင့် သို့ တောက်တစ်ချက် ခေါက်လာပြန်တော့၏။ ကျွန်တော်နှင့် လင်းခြင့်လှိုင်သည် မသိလိုက်ဘာသာနေလိုက်ကြတော့၏။

"နို့ဖြင့်လည်း ကဲ... လာ၊ သွားကြစို့"

"မောင်ကြီးမည်းကြီးထဲ"

သို့ ကျွန်ုတော်က ပြောလိုက်ပြန်၏။

"လိုက်မှာသာ လိုက်ခဲ့စမ်းပါ ကိုပိုက်ရယ်၊ ကျွန်တော့်မယ် အကြောင်းရှိလို့ပါ"

သို့ဆိုတော့ ကျွန်တော် လင်းခြင့်လှိုင်နောက် အသာတကြည် လိုက်သွားမိတော့၏။ လူဗလံလေးသည် ရှေ့မှ သုတ်သုတ် သုတ်သုတ်ဖြင့် သွားနေလေ၏။ လူသားသေးသော်ငြား ကျွန်တော်တို့ သူ့ကို အမီလိုက်ခဲ့ကြရသဖြင့် မှောင်မည်းကြီးတွင် မကြာခဏ ခလုတ်တိုက်မိချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကြီးပတ်ခုသို့ ရောက်ခဲ့ကြ၏။ အလင်းရောင်ကတော့ဖြင့် ပေါ်လာချေပြီ။

မြောင်လေးအတွင်း ရေစပ်စပ် ရှိနေချေ၏။ ကျောက်မြောင်တော့ဖြင့် မဟုတ်။ မြောင်ကြီးပဲဖြစ်သည့်ပြင် မြောင်အတွင်း ဖက်ပုပ်များရှိခြင်းကြောင့် အနံ့အသက်မကောင်းသလို လူတစ်ကိုယ် စာသာလျှင် ရှိလေသဖြင့်-

"ကျွန်တော်တို့ တခြားလမ်းက သွားလို့မရပေဘူးလား"

လင်းခြင့်လှိုင်က မေးလိုက်၏။

"ငါတို့သွားချင်တဲ့ဆီကို သည်မြောင်ကြောပေါ်အတိုင်း သွားမယ်ဆိုလျှင် ခရီးရှည်သွားလိမ့်မယ်၊ သည်မြောင်အတိုင်းသွားလျှင် နီးတယ်၊ အကျိုးပိုရှိနိုင်တယ်"

"ဟင်..." လူဗလံလေး ဘာပြောနေပါလိမ့်။

ကျွန်တော်တို့ အမဲပစ်ထွက်ခဲ့သည်ပဲ။ ဘယ်ရောက်ရောက် ဘယ်သွားသွား စိုင်ကောင်ကိုတော့ဖြင့် တွေ့မှာမလွဲ မဟုတ်ပါလား။ ခု လူဗလံလေးပြောပုံက တစ်နေရာကို ဦးတည်သွားနေလေခြင်း ဖြစ်၏။ သူ ဘယ်နေရာကို ဦးတည်သွားနေပါလိမ့်။ သို့ ကျွန်တော် စဉ်းစားလိုက်ပေမင့်...

"ခင်ဗျား ဘယ်ကိုရည်ရွယ်သွားနေပြီး ဘာကို ဆိုလိုချင်တာတုန်း"

www.burmeseclassic.com

www.burmeseclassic.com

လို့ လင်းမြင့်လှိုင်က မေးလေတော့၏။

'အေး... ငါ ရှင်းရှင်းပြောမယ်၊ ငါ ခုသွားနေတာက ဘဖြူဆီကိုပဲ'

'ဟင်... ဘာလို့တုန်း၊ ဘဖြူနဲ့က...'

သို့ လင်းမြင့်လှိုင်က စာအုံတသြ မေးလိုက်ချိန်တွင်-

'မင်းတို့ အသာနေ၊ ဘဖြူနဲ့ငါနဲ့ ရှင်းမယ်ဆိုလျှင် သည်ကိစ္စတွေအားလုံး ပြီးသွားလိမ့်မယ်'

အလိုလေးဗျာ၊ လူဗလဲလေး ဘာတွေတွေး၊ ဘာတွေပြောနေတာပါလိမ့်။

'ရှင်းအောင်ပြောပါလား'

လင်းမြင့်လှိုင်က သို့ ပြောလိုက်ပြန်၏။

'ရှင်းအောင်ပြောဘာထက် ငါ့နောက်လိုက်ခဲ့ကြပါ၊ ဘကြီးဖြူနဲ့ငါနဲ့ ဆုံလျှင်ဖြင့် အားလုံးသိရလိမ့်မယ်'

'နို့ဖြင့်လည်း ပြီးတာပဲ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လူဗလဲလေးသွားလိုသည့် မြောင်အတိုင်း ရှေ့မှ ဦးစွာဝင်သွားလေတော့၏။

'သည်မြောင်အတိုင်းသွားမှာပဲ မဟုတ်လား'

'ဟုတ်တယ်'

'နို့ဖြင့် လိုက်ခဲ့ကြ... ရှေ့က အန္တရာယ်အတွက် ကျွန်တော် တာဝန်ယူတယ်'

သို့ လင်းမြင့်လှိုင်ကပြောပြီး သေနတ်ကို အရံသင့်ပစ်ခတ်နိုင်ရန်အလို့ငှာ ရှေ့သို့ ထိုးချိန်သွားလေတော့၏။

မြောင်အဝသည် ကျဉ်းမြောင်းလွန်းသည်ဆိုပေမဲ့ အတွင်းထဲ မြောင်အတွင်းဝိုင်းသို့ ရောက်သွားကြသည်တွင် မြောင်သည်

လူနှစ်ကိုယ်စာ သွားနိုင်ရန်ပင် ကျယ်ဝန်းလာသည်ကို သတိထားမိတော့၏။

မြောင်တစ်ဖက်ဝဲတစ်ချက် နံရံတို့တွင် ကြက်ခြေမိုးပင်များ တွယ်ကပ်ပေါက်နေ၏။

တောကြက်နှင့် ရစ်ခြေရာတို့ကိုလည်း တွေ့ရချေ၏။

ကြက်ခြေမိုးပင်တို့အကြားမှ ထိုးထိုးထောင်ထောင် ထွက်နေသည့် သစ်မြစ်ကြီးကို အသေအချာကြည့်မိ၏။

အမြစ်ဖြာဖြာများဖြစ်နေခြင်းကြောင့် ထင်တော့ထင်သားကလား၊ တောရှောက်မြစ်ဖြစ်လိမ့်မည်ဟု သို့ ထင်ထားသလိုပင် တောရှောက်ပင်ကြီး၏ အမြစ်များဖြင့် သည်လို မြောင်ကမ်းနဖူးမှ ပေါက်ရောက်နေသည့် တောရှောက်ပင်ကြီးကို တွေ့လိုက်ရသောကြောင့် ဖြစ်ပေ၏။

ကျွန်တော်သည် မနေနိုင်မထိုင်နိုင် သစ်မြစ်ကြီးကို ခါးချိတ်ဓားဖြင့် လှမ်းခုတ်လိုက်လေ၏။

တောရှောက်နဲ့ သင်းပျံ့ထွက်လာလေ၏။ ကောင်းလိုက်သည့် တောရှောက်မြစ်ကြီးပါကလား။

သို့ကြောင့်...

'ကိုလင်းရေ... လမ်းကြုံတုန်း နည်းနည်းလောက် ခုတ်သွားချင်တယ်'

'ဟိုပုဂ္ဂိုလ်ကို မေးရဦးမယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်က လူဗလဲလေးကို လှမ်းမေးငေါ့ပြောလိုက်သည်တွင်...

'ဆေးဘက်ဝင် တောရှောက်မြစ်ပဲကွာ၊ သည်လောက်တော့ အချိန်ပေးနိုင်ပါတယ်၊ မြန်မြန်တော့ နော်အော်'

www.burmeseclassic.com

www.burmeseclassic.com

လို့ လူဗလဲလေးကပြောပြီး မြောင်တွင်း ကျောက်ခဲတုံးကြီးတစ်ခုပေါ်တွင် ဖင်ချထိုင်လိုက်လေ၏။

သို့ကြောင့် ကျွန်တော်သည် ကပျာကသီပင် တောရောက်မြစ်ကြီးကို တစ်ဖိုက်လောက် ခုတ်ဖြတ်လိုက်ချေ၏။

"ဒုတ်..."

"ဒုတ်..."

"ဒုတ်..."

"ဘုတ်..."

"ဟာ..."

ကျွန်တော် ခုတ်နေသည်မှာ တောရောက်မြစ် များခုတ်ချက်ကြောင့် လွင့်စင်ထွက်ကျလာကြသည်မှာ တောရောက်အမြင်အဝိုင်းအစများဆိုပေမင့်လို့ ကျွန်တော့်ခြေထောက်နားသို့ တစ်ခဲ့တစ်ရာ ပျော့စိစိပြုတ်ကျလာသည်တွင် ရုတ်တရက်မို့ လန့်ဖျပ်သွားကာ နောက်သို့ တစ်ချက်ခုန်ထွက်လိုက်ကာ ထိုအရာကို ကြည့်လိုက်၏။

"ဟာ..."

ဖားပြုတ်တစ်ကောင်ပါကလား။ ကျွန်တော် မြောင်ကမ်းပေါ်သို့ မော်ကြည့်လိုက်၏။

"ဝှစ်..."

"ဘုတ်..."

"ဟာ..."

ကျလာပြန်လေပြီ၊ ဖားပြုတ်သေတစ်ကောင်။

ထိုဖားပြုတ်သေတို့ကို ကောက်ကာ လင်းမြင့်လှိုင်တင်ယောက် အံ့သြနေပေမင့် လူဗလဲလေးသည် ထိုမြောင်နံရံပေါ်သို့

လှမ်းကြည့်နေရင်းမှ "ဘကြီးဖြူဖြစ်မယ်" ဆိုလျက် ကုတ်တွယ်တက်သွားလေတော့၏။

လင်းမြင့်လှိုင်က-

"ကျွန်တော် သဘောပေါက်ပြီ ကိုပိုက်" လို့ဆိုကာ ဖားပြုတ်တစ်ကောင်ကို ကောက်ယူ၍ အသေအချာစိုက်ကြည့်နေလေပြီး ကျေနပ်စွာပြုံးလိုက်ပြန်ကာ ကိုပိုက် သည်မယ်ကြည့်ဆိုလျက် ဖားသေကောင်၏ကျောကို ပြလေ၏။ အမ်ပေါက်ရာများနှင့်ပါကလား။ ဆွေးနှင့် အဝေးဖြူဖြူတို့ကြောင့် ပို၍ အော်ကလိဆန်ဖွယ်၊ ကြောက်ရွံ့ဖွယ် ကောင်းနေသေးတော့၏။

"ဒါ အမ်ပေါက်ရာတွေပဲ၊ သည်အမ်မြားတံလေးမှာ သုတ်လိမ်းထားတဲ့အဆိပ်တွေက သည်ဖားပြုတ်ကြီးကိုယ်က ရတာလေ"

"ဗျာ..."

"ကဲ... ကိုပိုက် ဒါတွေ နောက်မှ ကျွန်တော် ရှင်းပြမယ်၊ ခုလောလောဆယ်တော့ လူဗလဲလေးနောက် လိုက်ကြမှ ဖြစ်မယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လူဗလဲလေး တက်သွားရာ မြောင်နံရံပေါ်သို့ ကုတ်တွယ်တက်သွားလေတော့၏။

ကျွန်တော်တို့ ထိုမြောင်နံရံကို ကုတ်တွယ်တက်ပြီး အပေါ်သို့ရောက်သည်တွင် လုံးဝ အံ့အားသင့်သွားကြတော့၏။

ဘကြီးဖြူပါကလား။ သူနံဘေးတွင် လူဗလဲလေး ရှိနေချေ၏။ ဘကြီးဖြူကို ကျွန်တော်တို့တွေ့လိုက်ရ၍ အံ့သြသွားကြပေမင့် ဘကြီးဖြူဘက်ကတော့မူ ကျွန်တော်တို့ ရောက်လာသည်ကို မသိနိုင်ရှာတော့ချေ။

ဘကြီးဖြူတစ်ယောက် သစ်ပင်တွင်ကျောမှီ၍ ခေါင်းကုန်ဖက်သို့ စောင်းကျသေနေပြီ ဖြစ်၏။ လည်ပင်းတစ်ဝိုက် အရောင်း

www.burmeseclassic.com

မှ စိုစွတ်သည့်သွေးတို့သည် သူ့ရင်ဘတ်တွင် စိုရွဲလို့နေချေတော့၏။

ကျွန်တော်တို့သည် ဘကြီးဖြူအဖြစ်ကို မြင်ရသဖြင့် အံ့သြမှုထက် လူဗလဲလေးကို မြင်လိုက်ရသည်က ပို၍ အံ့သြတုန်လှုပ်မှု ဖြစ်ကြရလေတော့သည်။ ဘယ့်တွက်မှု လူဗလဲလေးလက်ထဲမှ ဓားပါးလေးသည် သွေးတို့စွန်းထင်းနေလေပြီ ဖြစ်ချေ၏။

သို့ဆိုတော့ လူဗလဲလေးက ဘကြီးဖြူကို သတ်လိုက်တာပေါ့။

"ငါ သူ့ကို သတ်လိုက်ပြီ"

"ဟင်... ပြောတာလွယ်လိုက်တာ၊ လူဗလဲလေး တုန်လှုပ်ခြင်း အလျဉ်းမရှိပါကလား"

"ဘာလို့များ..."

သို့ ကျွန်တော်ကမေးလိုက်သည်တွင် လူဗလဲလေးက ဘကြီးဖြူလက်ထဲမှ ဓားပြုတ်တစ်ကောင်ကို မေးဆတ်ပြလေ၏။ ပြီး မှုတ်ပြောင်းကိုလည်း ထုတ်ပြလာလေ၏။ သည်မှုတ်ပြောင်းဖြင့် ကိုလူဗလဲလေး ဘယ်ကဘယ်လို ရလိုက်တာပါလိမ့်။

သို့ ကျွန်တော်တွေးနေပုံကို လူဗလဲလေး သိလို့လေလား မသိ။

"ဘကြီးဖြူလေ... ဘကြီးဖြူ မင်းတို့ကိုလုပ်ကြံတာ၊ သည်မယ် မှုတ်ပြောင်း၊ သည်မယ် သူ အဆိပ်ထုတ်ထားတဲ့ ဓားကောင်၊ ငါတို့ မြောင်နားရှိတုန်းက ဓားပြုတ်သေတွေ ပြုတ်ကျလာတာလေ၊ အဲဒါ ဘကြီးဖြူ အဆိပ်ထုတ်ယူပြီး မြောင်ထဲပစ်ချလိုက်တာကွ"

လို့ဆိုတော့ ရှင်းသွားလေပြီဖြစ်၏။

"ငါ သူ့ကိုသတ်မိပြီ၊ ငါ အပြစ်ခံမယ်"

လူဗလဲလေးက သို့ပြောလေသဖြင့် လင်းမြင့်လှိုင်က လူဗလဲလေးကို ချွဲပြုံးလေး ပြုံးပြလိုက်လေပြီး...

"ခင်ဗျား လူသတ်သမား မဟုတ်နိုင်ဘူး"

ပြောလိုက်လေ၏။

သည်တွင် လူဗလဲလေးက တုန်လှုပ်စွာပြော၏။

"မင်း အတော်တုံးတာပဲ၊ သည်မယ် ဓားတွေ သွေးတွေလေ၊ သည်လည်ပင်းကို ငါခုတ်ပစ်တာလေ" လို့ ပြောလာချေတော့၏။

နေဦးဆိုလျက် လင်းမြင့်လှိုင်သည် ဘကြီးဖြူ၏လည်တိုင်ကို စေ့စေ့ကြည့်လေရင်း လက်ဖြင့် ဟိုသည် စမ်းနေလေ၏။

အတန်ကြာတွင်...

"ဟာ... ဟုတ်ပြီ၊ တွေ့ပြီ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဘကြီးဖြူလည်တိုင်တွင်းမှ ရှာဖွေရလိုက်သည့်အရာလေးကို ထောင်ပြလာချေ၏။

"ဟင်..."

"အဆိပ်လူးအပ်မြားလေးတစ်ချောင်းပါလား"

"ဟာ..."

လို့ လင်းမြင့်လှိုင်လက်ထဲမှ အပ်မြားလေးကို ထိတ်ထိတ်လန့်လန့် ကြည့်နေမိစဉ်အချိန်ကလေးမှာပင် လူဗလဲလေးသည် အဝေးသို့ပြေးသွားပြီး ဖြစ်နေတော့သည်။

"ကိုပိုက်ရေ သူ့ကို အလွတ်မပေးနဲ့ဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လူဗလဲလေးနောက် ပြေးလိုက်လေတော့၏။ လူဗလဲလေးသည် မြန်လိုက်သည်မှာ ဖြစ်ခြင်း။ လူသေးကွေးခြင်းကြောင့်လည်း ချုံပုတ်နွယ်ပင်တို့ကြား တိုးဝင်သွားလေသည်တွင် ကျွန်တော်တို့ သူ့ကို မျက်ခြည်ပြတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုလင်း ဘယ်လိုလုပ်မလဲ"

ကျွန်တော်က စိတ်ပျက်စွာ ပြောလိုက်၏။

"ကျွန်တော်တော့ အလွတ်မပေးချင်ဘူးဗျ"

နို့ဖြင့်...

လင်းမြင့်လှိုင်သည် စဉ်းစားလိုက်၏။ အတန်ကြာကြာ စဉ်းစားလေပြီးမှ တစ်ယောက်တည်း ဘာကို သဘောကျလေသည် မသိ။ ပြုံးလိုက်ကာ...

"ဖျောက်..."

လက်ဖျောက်တစ်ချက် တီးလိုက်၏။

"ဘာတုန်းဗျ"

"လာ ကိုပိုက်၊ ကျွန်တော့်နောက် လိုက်ခဲ့ချေ"

"ဟင်..."

လင်းမြင့်လှိုင်သည် လာလမ်းအတိုင်း ပြန်သွားလေခြင်းကြောင့်...

"ဘာလဲ လက်လျှော့လိုက်ပြီလား၊ ဒါလည်း ကောင်းပါတယ်ဗျာ၊ ကျွန်တော်လည်း နားချင်နေတာ"

သို့ဖြင့် လင်းမြင့်လှိုင်သည် ရှေ့မှ၊ ကျွန်တော်သည် နောက်မှ တောတိုးခဲ့ရာမှာ ချူပုတ်ပင်ကြီးတစ်ပင်နား ရောက်သည်တွင်...

"ကိုမိုက် ဟိုဘက်က ရပ်ကြည့်နေဗျာ"

"ဘာ... ဘယ်လို"

ချူပုတ်ပင်ကြီးဆိုသော်လည်း ဆူးနွယ်တို့လည်း ရှိချေ၏ လင်းမြင့်လှိုင်တစ်ယောက်. ထိုချူပုတ်ပင်ကြီးတွင် လူဗလံလေးပုန်းအောင်းနေလေသည် ထင်လေသလားမသိ။ သို့အသိကြောင့် ကျွန်တော်က...

"မဖြစ်နိုင်ဘူး ထင်တယ်ဟု ပြောလိုက်၏။

ဘယ့်အတွက်မှု ထိုချူပုတ်နွယ်ပင်တွင် ဆူးများရှိနေခြင်း၊ တိုးမပေါက်အောင် အောက်ပေါင်းရှုပ်နေခြင်းကြောင့်ပင်။ သို့ပေမင့် လင်းမြဖို့လှိုင်က ခေါင်းခါပြလေပြီး ချူပုတ်ပင်အတွင်း သေနတ်ဖြင့်ထိုးချိန်ကာ...

"ဒိန်း..."

"ဟာ..."

"မင်းထွက်မလာမချင်း ပစ်နေမှာနော်၊ တစ်ချက်မဟုတ် တစ်ချက် ထိမှာသေချာတယ်"

"ဒိန်း..."

သို့ဆိုလျက် တစ်ချက် ပစ်လိုက်ပြန်၏။

"ဒိန်း..."

တစ်ချက်ပစ်လိုက်ပြန်၏။

လာပြန်ပြီကွ၊ တစ်ချက်ဆိုလျက် လင်းမြင့်လှိုင်က နောက်တစ်ချက် ပစ်မည်အပြုတွင်...

"ဟိတ်... ဟိတ်... မပစ်နဲ့၊ မပစ်နဲ့တော့"

"ဟင်..."

ကျွန်တော်တို့နောက်ကွယ်မှ သို့အသံကြောင့် လှည့်ကြည့်လိုက်၏။

"ဟင်..."

ရွာထိပ်တဲကဲ အဘိုးအိုပါကလား။ သူလက်ထဲတွင် မြော်ပြောင်း ရှိနေလေ၏။

"နောက်ဆုံးတော့ ခင်ဗျား ထွက်လာရတာပဲ လေတ်လား"

ထိုအဘိုးအိုကို တွေ့သည်နှင့် လင်းမြင့်လှိုင်က သို့ပြော

www.burmeseclassic.com

လိုက်သဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်လိုက်မိတော့၏။ လင်းမြင့်လှိုင် ဘယ်လိုတွေ သိထားပါလိမ့်။

"ကဲ...မြေးလေး ထွက်လာတော့လေ၊ အဘိုး ရှိနေပါတယ်"

သို့ကြောင့် အဘိုးအိုက သို့အဆဲပြု ခေါ်လိုက်၏။ သည်တော့မှ ချုပ္ပတ်ပင်အတွင်းမှ လူဗလံလေး တိုးထွက်လာတော့၏။

"ဟာ..."

"ဟင်..."

တစ်ကိုယ်လုံး ဆူးခြစ်ရာတွေနှင့်ပါလား။ သွေးသံရဲရဲပင်။

"ဒီကောင် အတော်မိုက်တာပဲ၊ အနာခံပြီး ချုံတောတိုးဝင်ပုန်းရတယ်လို့"

သို့ ကျွန်တော်က စဉ်းစားမိလိုက်သည်တွင်...

"ကိုပိုက်ရယ် သူ့အဘိုးအတွက် သူ သည်လောက်တော့ အနာခံပေမပေါ့"

"ဟင်..."

လင်းမြင့်လှိုင် ဘာကိုဆိုလိုတာပါလိမ့်။ ကျွန်တော် လုံးဝနားမလည်ပါလား။

"သူ့အဘိုးအတွက် သူ ဒီလောက်တော့ အနာခံတော့မပေါ့" ဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်။

လင်းမြင့်လှိုင်က ထုံးစံအတိုင်း သွားတက်လေးပေါ်ရုံပြုံးပြလာချေပြီး...

"အဘိုးအို ပြောပြပါလိမ့်မယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်က အဘိုးအိုကို လှမ်းကြည့်လိုက်လေကာ ပြောလေ၏။ ပြီး အဘိုးအိုလက်တွင်းမှ မှုတ်ပြောင်းကိုကြည့်လိုက်ပြန်ပြီး...

"မြားတံလေးတွေ မရှိတော့ဘူးလား" လို့ မေးလိုက်၏။

"နို့ကြောင့် မင်းတို့ အဆက်ချမ်းသာရာ ရပေတာပေါ့ကွာ" အဘိုးအို မကျေမနပ်လေသံဖြင့် ပြောလာချေတော့၏။ ဘုရားရေ... ဟုတ်ပါရဲ့။ အဘိုးအိုထံတွင် မြားတံတွေ မရှိတော့လို့ပေါ့၊ ရှိများရှိခဲ့လျှင် ကျွန်တော်တို့နှစ်ယောက် သေလောက်ပေပြီ။

လင်းမြင့်လှိုင် ရဲတင်းတာကလား။ သူက ကျွန်တော့်ကို သတိမပေးလေတော့။ အဘိုးအိုထံတွင် မြားတံလေးများ ရှိနေလျှင် ကျွန်တော် အလျှင်သေဆုံးသွားနိုင်၏။ အဘိုးအိုက အလွတ်ပေးမည့်ပုံမပေါ်။ ခု အဘိုးအိုထွက်လာမှ ကျွန်တော်တို့ နောက်ကွယ်တွင် ရှိနေသည်ကို သိရလေခြင်းဖြစ်၏။

သို့အတွေးကြောင့် ကျွန်တော် ထိတ်လန့်သွားမိသည်ကို လင်းမြင့်လှိုင်က ရိပ်မိလိုက်လေသည်ကြောင့်...

"မပို်င်လျှင် ခြင်တောင်မရိုက်တဲ့ ကိုလင်းပါဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင် ကျွန်တော်ကော အဘိုးအိုပါမြင်သာအောင် တစ်စုံတစ်ခုကို ထုတ်လာချေ၏။

"ဟင်..."

"ဟာ..."

မြားတံလေးမှာ သီချိတ်ထားသည့် သားကောင် သားရေစလေးတစ်ခုပါလား။

"ကိုလင်း... ဒါ... ဒါ..."

သို့ ကျွန်တော် တအံ့တသြဖြစ် မေးလိုက်မိ၏။

"ဘကြီးဖြူအလောင်းနားက ရလိုက်တာ"

"အေး... ငါ ကျကျန်ရစ်ခဲ့တာလေ"

လင်းမြင့်လှိုင်ကို ကျွန်တော်ကြည့်ကာ ပြုံးလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ... ခင်ဗျားကို ကျွန်တော်ဆေးထည့်ပေးမယ်၊ ခင်ဗျားကို ကျွန်တော်ယုံတယ်၊ ခု ခင်ဗျားမြေးကို ဆေးထည့်ပေးမလို့ ဒါကို အခွင့်ကောင်းယူပြီး ထွက်ပြေးသွားလျှင်ဖြင့် သူ့ကို..."

လင်းမြင့်လှိုင်က စကားကိုဆုံးအောင် မပြောသေးဘဲ လူဗလဲလေးကို စိန်းစိန်းကြီးကြည့်နေလေသဖြင့် အဘိုးအို ဘာကို သဘောပေါက်သွားလေသည်မသိ။

"ငါ့မြေးကို လွှတ်ပေးပါ၊ ငါ အားလုံး ဝန်ခံပါ့မယ်" လို့ ကပျာကယာဖြင့် ပြောလာချေ၏။

"နို့ဖြင့်လည်း ပြောချေဗျာ၊ စိတ်ချ... ကျွန်တော်တို့က လူသတ်သမားအစစ်အမှန်ကိုပဲ လိုချင်တယ်လေ၊ ထောင်ဆိုတာ လူဆိုးလူမိုက်တွေပဲ ရှိတတ်တဲ့နေရာလေ၊ လူဆိုး လူရမ်းကား အယောက် (၁၀၀) လွှတ်နေပါဦး၊ လူကောင်းလူတော်တစ်ယောက်မှားယွင်းပြီး ထောင်ထဲရောက်နေတာမျိုးကို မလိုလားဘူးဗျ"

လင်းမြင့်လှိုင်က သို့ပြောရင်း လူဗလဲကလေးကို ဆေးထည့်ပေးရန် ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်သို့ လျှောက်သွားလေ၏။

ကျွန်တော်သည် အဘိုးအိုကို အလွတ်မပေး။ မျက်လုံးဒေါက်ထောက် ကြည့်နေလိုက်၏။ အဘိုးအို ထွက်ပြေးသွား မည်ကြောက်၍ပင်။ သို့ပေမင့်လို့ အဘိုးအိုက လူဗလဲလေးအတွက် စိုးရိမ်နေသည့်စိတ်သာ ရှိနေဟန်တူချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် နားနေထိုင်လိုက်ချေ၏။ လင်းမြင့်လှိုင်က လူဗလဲလေးကို ဂရုတစိုက် ဆေးစည်း၊ ဆေးလိမ်းပေးနေချေ၏။ အဘိုးအိုက ကျေနပ်စွာ ကြည့်နေလေ၏။

ကျွန်တော်တို့ သစ်ပင်ကြီးအောက်တွင် နားနေကြစဉ် အဘိုးအိုက စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောလာချေတော့သည်။

ဂ ဂ ဂ

"လူဗလဲ ပိစိကွေး သရဲလေးနဲ့တူ"

"ဟိတ်ကောင် သရဲလေး"

"သရဲလေးအောင်စိန်ပါကွ"

"ဘယ်ကသရဲရမှာတုန်း၊ ငါးကျည်းခြောက်၊ ငါးကျည်းခြောက်"

သို့ဆိုသလို ကလေးများက လူဗလဲလေးကို ဝိုင်းဝန်းလှောင်ပြောင်နေကြခြင်းကြောင့် လူဗလဲလေးမှာ ငိုယိုလို့နေချေတော့၏။

"အီး... အီး... အား... အီး... အား... အီး... ဟီး... ဟီး"

"ဟိတ်ကောင်... သရဲလေး၊ သရဲလေးဆိုတာ မငိုရဘူးကွ၊ မကြောက်ရဘူးကွ၊ သူများကိုတောင် မင်းက ကြောက်လန့်အောင် ခြောက်ရမှာလေကွာ၊ ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား"

သို့ဆိုသလို ခပ်ရွယ်ရွယ် လူငယ်လေးတစ်ယောက်က ပြောလည်းပြော ခြေထောက်ဖြင့်လည်း ကန်လိုက်လေ၏။

"ဘုန်း..."

"အား... အီး... ဟီး... ဟီး"

"စကြောက်... စကြောက်"

"ဘုန်း..."

www.burmeseclassic.com

www.burmeseclassic.com

"အား..."

"ဟိတ်ကောင်တွေ... မင်းတို့ ဒါ ဘာလုပ်ကြတာတုန်း"

သို့ အသံနှင့်အတူ အသက်အားဖြင့် ငါးဆယ်ကျော်ခန့် သွောင်ထုံးနှင့်လူကြီး ရောက်လာကာ အသံမာမာဖြင့် ပြောလာသဖြင့် လူဗလံလေးကို ဝိုင်းဝန်းလှောင်ပြောင်စနေသော ကလေးများ နောက်သို့လှည့်ကြည့်လိုက်ကြ၏။

"သည်ကောင် လူတော့ လူပဲဗျ၊ နို့ပေမင့် လူခြောက်လေးများလား မသိဘူး၊ သူ့အဖေ အမေက ဘယ်လိုများ မွေးထားတာလိမ့်"

"ဟာ..." "ဟင်..."

သွောင်ထုံးနှင့်လူကြီး မျက်စိမျက်နှာ ပျက်သွားလေ၏ နှုတ်ခမ်းများ လှုပ်ခတ်လာလေပြီး အံကြိတ်လိုက်လေ၏။

အံကြိတ်ပြီးသည်နှင့် မကြာလိုက်သောအချိန်ကလေးတွင်

"ဖြန်း..."

"အား... အမေ... အမေ... အမေ... သား ရိုက်တယ်၊ ရိုက်တယ်၊ ဟီး... ဟီး... ဟီး... ဟီး"

သွောင်ထုံးနှင့်လူကြီးသည် သို့ ပြောလာသည့် ခေါင်းဆောင်ကလေး ဖြစ်ဟန်တူသည့်လူကို ရိုက်လိုက်လေသဖြင့် ကလေးမှ သို့ အော်ဟစ်ပြေးသွားချေလေတော့၏။

သူနှင့်အတူ ကလေးတစ်သိုက်သည်လည်း ပါသွားကြ၏။

"အဘိုး..."

"ဟော..."

"အဘိုး ဘာလို့လုပ်လို့ရိုက်တာတုန်း"

"ဟ... မင်းကို လှောင်ပြောင်နေကြတယ်လေ"

"မြေးကို အမေတို့က အဲသည်လို မွေးထားတော့ အဲလို အစခံရမှာပေါ့ဗျာ၊ မြေးကို ဘာလို့ သူတို့လိုလေး မမွေးပေးတာလဲ"

"ဟုင်..."

"ကျွန်တော်က သရဲလေးနဲ့တူတယ်တဲ့၊ ဟုတ်လား အဘိုး၊ သရဲဆိုတာ သူတို့တွေပြောသလို ပုံပန်းသဏ္ဌာန်ပဲလား"

"ဟင့်... ဒီကောင်လေး မဟုတ်တာတွေပြောတော့မယ်၊ ဘယ်နှယ့် မင်းက သရဲနဲ့တူရမှာတုန်း"

"သူတို့ပြောတာပဲလေ"

"အလကားး... မင်းက လှပါတယ်ကွာ၊ သူတို့က မနာလိုလို့ ပြောကြတာ"

"ဟင်... အဘိုးကလည်း မဟုတ်ပါဘူး"

"ငါပြောတာ ယုံစမ်းပါကွာ"

"နို့ဖြင့် မြေးက သရဲလေးမဟုတ်ဘူးပေါ့"

သို့ဆိုတော့ သွောင်ထုံးနှင့်လူ၏စကား အောင်မြင်သွားချေ၏။ ဘာလို့များ မြေးလေး လှုပ်ရှားလှုပ်ရှားမနေရဲအောင် ဖြစ်သွားတာပါလိမ့်။ မိုးနှင်းမင်းက မြေးကလေးကို ကျီစယ်လိုက်ဘာများလား။ သို့ပေမင့် ရင်နာနာဖြင့်...

"မင်း ဘယ်က သရဲလေးဖြစ်ရမှာတုန်း"

"နို့ဖြင့် အဘိုးက သူတို့ကို ဘာလို့ရိုက်လိုက်ရတာလဲ"

"ဒါကတော့ မင်းကို မဟုတ်တာကို အဟုတ်လုပ် ပြောပြီး လှောင်ပြောင်နေကြတာကိုး"

"နို့ဖြင့် အဘိုး မတရားဘူး"

"ဘာလို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com

"အဘိုးမြေးလောက်ရှိတဲ့ ကလေးတွေကို အဘိုးက ရိုက်တာကိုး"

"ဒါကတော့ မြေးကို ထိခိုက်လာတာကိုး"

"မြေးကို သူတို့က လှောင်ပြောင်နေကြတာ မှန်တာပဲ ပဲ့ပါသွားတာမှ မဟုတ်တာချည်း"

"နို့ဖြင့် မြေးက ဘာလို့ငိုနေရတာတုန်း"

"ကျွန်တော့်ကိုယ်ကျွန်တော် သည်လိုပုံပန်းသဏ္ဌာန် ဖြစ်ရတာ တွေးမိပြီး စိတ်မကောင်းဖြစ်လို့ ငိုတာပါ၊ သူတို့ လှောင်ပြောင်နေလို့ ငိုတာမဟုတ်ပါဘူး"

"ဟေ..."

"ငါကလည်း မင်းဘက်က ဘက်လိုက်ရတာလေ"

"မြေး အဘိုးကိုမကြိုက်တာ အဲဒါတွေပဲ၊ အဘိုး မြေးနောက် မလိုက်ပါနဲ့"

သို့ဆိုလျှက် လူဗလံလေးသည် နေရာမှ ထွက်ပြေးသွားလေတော့၏။

သျှောင်ဆဲထုံးနှင့်လူသည် လူဗလံလေး ပြေးထွက်သွားသည်ကို နောက်မှကြည့်ရင်း စိတ်မကောင်းဖြစ်သွားရှာတော့၏။

သို့ဆိုလို့ မန်းကလိရွာသား ဦးဖိုးစိန်တစ်ယောက် သူ၏ မြေးလေးနှင့်ပတ်သက်၍ လွန်မင်းစွာ စိတ်မကောင်းဖြစ်နေရရှာ၏။ ဒီမြေးလေးကို လူမမယ်ဘဝကတည်းက သည်အရွယ်တိုင်အောင် သူသာလျှင် မိဘ၊ သူငယ်ချင်း၊ ဘိုးအေအဖြစ် ဂရုစိုက် ပိုးမွေးသလို မွေးလာခဲ့ရသည်ပဲ။ မြေးလေးရဲ့ မိဘနှစ်ပါးဖြစ်တဲ့ သူသားနှင့် ချွေးမသည် မြေးလေး ခြောက်လသားအရွယ်လောက်မှာပင် တောထဲ ထင်းခွေသွားကြရင်း ကျားစာဖြစ်ခဲ့ကြရ၏။

သည်တော့လည်း...

"ကလေးက အကုသိုလ်ကောင်ကလေး၊ ရုပ်ဆိုးဆိုး မလှတဲ့အပြင် သူ့မိဘဆိုတာ သူ့ကိုမွေးပြီးကတည်းက စီးပွားလည်း ပျက်၊ အခုတော့ အသက်ပါ ဆုံးသွားကြတယ်လေ။ အကုသိုလ်ကောင်ကလေး ဂြိုဟ်မွေနေတာပဲ"

"ဟဲ့... နင်တို့ အမှတ်တမဲ့ဖြစ်နေလို့၊ သည်ဂြိုဟ်ကောင်ကလေးက သူ့မိဘကို သူပြန်ကိုက်စားသွားတာလေ"

"ဟယ်... ဟုတ်လား၊ ဟုတ်ရဲ့လားဟယ်"

"သိပ်ဟုတ်တာပေါ့၊ သူ့မိဘတွေ ကျားကိုက်ခံရတယ်လေ"

"ဟုတ်တယ်လေ၊ သည်ဂြိုဟ်ကောင်လေးနဲ့ ဘယ်လို ပတ်သက်နိုင်မှာလဲ"

"အလိုလေးဟယ်... ညှဉ်လိုက်အေ၊ သည်ကောင်လေးက တနလ်ာသားလေ၊ တနလ်ာဆိုတာ ကျားလေ"

"ဟယ်... ဟုတ်ပါရဲ့"

သို့ ပြောသံများကြားရပြန်သည်ကြောင့် ဦးဖိုးစိန်တစ်ယောက် ပြန်လှည့်ထွက်လာခဲ့ရ၏။ စိတ်မကောင်းလည်းဖြစ်ခဲ့ရ၏။ သို့ကြောင့် မြေးလေးကိုခေါ်၍ တောစပ်တွင် တဲထိုးနေခဲ့ရတော့၏။ သို့တောင်မှ

"ဟိတ်ကောင် သရဲလေးအောင်စိန်၊ မင်း အခု ဘယ်မှာတုန်း"

"မင်းတစ်ယောက်တည်း မကြောက်ဘူးလား၊ မင်းအဘိုးက တောထဲသွားနေတဲ့အချိန်လေ"

သို့ဆိုသလို ပြောလာပြန်တော့ ထိုလူနှင့် ပါလာသည့်သကလည်း လူဗလံလေးကို ပြုံးစိစိကြည့်လာချေပြီး...

"ဟ... သည်ကောင်လေးက ကြောက်ဖို့နေနေသာသာ

www.burmeseclassic.com

သူကို သူများက မြင်တာနဲ့ ကြောက်လို့ ပြေးရုံတင် မဟုတ်ဘူး၊ သည်နားတစ်ဝိုက်ရှိတဲ့ နာနာဘာဝ မကောင်းဆိုးဝါးတွေတောင် သူကြောက်လန့်ပြီး နေဝုံကြမှာတောင် မဟုတ်ဘူးကွ' လို့ ပြောလာခဲ့၏။ ထိုသည်ကို မြေးလေးပြန်ပြောမှ သိရလေသည့် ဦးဖိုးစိန်တစ်ယောက် လွန်မင်းစွာဒေါသထွက် သွားရခဲ့၏။

'ငါ့မြေးလေး... ကြည့်စမ်း၊ မင်း ရွာထဲမှာနေလျှင် အဲလို အပြောခံ၊ လှောင်ပြောင်ခံရမှာကြောင့် တောစပ်လာနေပါတယ်၊ သည်ထိလာပြီး လှောင်ပြောင်ကဲ့ရဲ့နေကြတုန်းပါကလား၊ မင်းနှယ်ကွာ... ထထိုးပစ်လိုက်ပေါ့'

'မြေးလေးက ဘယ်လိုထထိုးရမှာတုန်း'

သို့ဆိုတော့လည်း အဟုတ်သားပဲ။ သူများတွေလို ကျား ကျားယားယားမှမဟုတ်ဘာလေ။ လူ ပဲလေးပေပဲကိုး။ သို့ကြောင့်-

'အေး... မင်းကို ငါ ဓားသိုင်းသင်ပေးမယ်' ဆိုလျက် ဓားသိုင်းကို သင်ပေးလေ၏။ ဦးဖိုးစိန်သည် သိုင်းဆရာကြီးတစ်ယောက် ဖြစ်သည်ကြောင့်လည်း ဓားသိုင်းပညာကို မြေးဖြစ်သူအား သင်ကြားပြသပေးနိုင်လေ၏။

မြေးဖြစ်သူကလည်း ဝါသနာပါသည်ကြောင့် အတတ်သင်ယူခဲ့၏။ မြေးတွက် အဘိုးရဲ့ လက်ဆောင်ဆိုပြီး သံပတ်ဓားပြားလေးကို ပေးထားခဲ့တော့၏။-

သို့ဆိုတော့ မြေးအတွက် စိတ်ချရလောက်လေပြီ ဖြစ်၏။

မြေးကို ကဲ့ရဲ့ လှောင်ပြောင်ရင်ကြလိမ့်မည်မဟုတ်ဟု ဦးဖိုးစိန် မုတ်လိုက်မေမင့် မြေးကို လှောင်ပြောင်ကဲ့ရဲ့ကြလေဆဲဖြစ်၏။

'ဟိတ်ကောင်... မြေးလေး၊ ချပစ်ကွာ၊ အဘိုးတာဝန်ယူတယ်'

သို့ဆိုတော့ မြေးသည်လည်း ခေါင်းကိုခါယမ်းလိုက်လေပြီး-

'အသားပဲ့ပါသွားတာ မဟုတ်ပါဘူး အဘိုးရယ်၊ မြေးဆိုလျှင်ဖြင့် သူတို့ကို စိတ်မဆိုးပါဘူး၊ ဒေါသမထွက်ပါဘူး'

'ဟင်...'

ဦးချစ် ဆဲ့သြသွား၏။

အတော်လာတဲ့ ကောင်လေးပါကလား။

မြေးလေးက အရွယ်ရောက်လာသည့်တိုင် သို့လိုစိတ်ပါပဲကလား။ သူတောင်မှ မခံမရပ်နိုင်ဖြစ်ကာ ကိုယ့်ထက်ငယ်သည့် သူတွေကိုပင် ရိုက်တန်ရိုက်၊ ဟောက်တန် ဟောက်ခဲ့လေသည် မဟုတ်ပါကလား။

မဖြစ်ပါဘူး။ သူမြေးလေးအတွက် တစ်ခုခုလုပ်ပေးမှ ဖြစ်ချိမ့်မည်။ သို့တွက်လိုက်ကာ...

မိုးမှောင်သော နေ့တစ်နေ့တွင်ဖြစ်၏။ ဦးဖိုးစိန်တစ်ယောက် ဘာ့ကြောင့်ရယ်မသို့ အမဲတစ်ကောင်မျှ မရလေသည်ကြောင့် အိုင်တစ်ခုမှ ငါးတို့ကို ဖမ်းယူလာခဲ့ရ၏။ သို့တောင်မှ သုံးကောင်သာ ရခဲ့၏။

လွန်မင်းစွာလည်း စိတ်ဓာတ်ကျသွားရ၏။ မြေးဖြစ်သူလည်း ကောင်းကောင်းနေကောင်းသည် မဟုတ်။ ဒုက္ခပေပဲ။ တောတောင်ထဲဆိုတော့ ရှာနိုင်ဖွေနိုင်မှ စားရသည်ကိုး။

မှောင်ကလည်း မှောင်လာချေပြီ။ သို့ကြောင့် ထိုငါးကလေးသုံးကောင်ဖြင့် စိတ်ပျက်စွာ ပြန်လာခဲ့၏။ တဲနားသို့ ရောက်လာသည်တွင်...

'ဟင်...'

မြေးလေးကို လူနှစ်ယောက်က ဝိုင်းလုံးကန်ကျောက်နေ

www.burmeseclassic.com

လေသည်ပဲ။ သူ လွန်မင်းစွာ ဒေါသထွက်သွားလေတော့၏။ နဂိုက မှ ဟင်းစားမရလို့ စိတ်ညစ်နေရသည်ဆိုတော့ ဦးဖိုးစိန်သည် ကမန်းကတန်း ပြေးသွားကာ...

"ဘုန်း..."

"ဘုန်း..."

"မြေး..."

"ဖောင်း..."

"အား... အား... အား... ကြောက်ပါပြီဗျ"

"အဘိုး... အဘိုး... လက်လွန်မယ်၊ မလုပ်နဲ့၊ မလုပ်နဲ့"

မြေးလေးက အတင်းဝင်ဆွဲလေ၏။ ထိုလူနှစ်ယောက်သည် လက်တုံ့ပြန်ခွင့် မရရှာချေ။ သို့ကြောင့် ဦးဖိုးစိန်ကို မြေးဖြစ်သူက ဝင်ဆွဲနေရသည့် အချိန်ကလေးတွင် နှစ်ယောက်သား ခြေလွတ်လက်လွတ် ပြေးထွက်ခဲ့ရလေတော့၏။ ခေါင်းတို့တွင်လည်း သွေးသံရဲရဲနှင့် ဖြစ်ကြလေ၏။

"အဘိုး... အဘိုး... လက်လွန်ခြေလွန်တော့ ဖြစ်ကုန်ပါပြီဗျာ"

"ဟ... မင်းကို နိုင်ထက်စီးနင်း လုပ်ကြတာကိုးကွ"

"ဒါကလည်း ကျွန်တော့်အပြစ်ပါ၊ ကျွန်တော် မဆင်မခြင် နေမိလို့ပါ"

"ဟေ... ဘယ်လို... ဘယ်လိုဖြစ်တာတုန်း"

"မြေးကလေ သူတို့နှစ်ယောက် လာနေတာကို အမှတ်တမဲ့ဖြစ်ပြီး အဘိုးရဲ့ မိတ်ဆွေတွေထင်ပြီး ကျီစယ်ခြောက်လှန့်ဦးမှ ဆိုပြီး သူတို့နှစ်ယောက်ကို ခြောက်လှန့်လိုက်တာမှာ သူတို့ လိပ်ပြာလွင့်ထွက်မတတ် ကြောက်လန့်သွားကြတယ်လေ၊ မှောင်စပျိုး

နေပြီကိုး၊ နို့ကြောင့် မြေးက သူတို့ကို ရှင်းပြလိုက်ရတယ်

"အဲဒီတော့ သူတို့က လှောင်ပြောင်ရမလားဆိုပြီး စိတ်ဆိုးဆိုးနဲ့ မြေးကို ကန်ကျောက်ဆုံးမကြတာပါ၊ မြေးကလည်း အပြစ်ရှိသူဆိုတော့..."

"ခင်ဗျားတို့ ကျေနပ်အောင် ရိုက်နှက်ဆုံးမပြီး သွားကြပါဗျာ၊ ပြီးလျှင် ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ ပြောရတာပေါ့"

"အဲဒီအချိန်မှာ အဘိုး ပြန်ရောက်လာတာကိုး"

အလိုလေးဗျာ... ဘယ်လိုမြေးလေးပါလိမ့်။ ဦးဖိုးစိန် ခေါင်းယမ်းခါမိချေတော့၏။ ထိုကိစ္စ ထိုသည်နှင့် မပြီး။

နောက်တစ်နေ့နှက်တွင် မြေးအဘိုးနှစ်ယောက် လမ်းလျှောက်ထွက်ကြရာ မနေ့ညနေက လူနှစ်ယောက်ကို တွေ့လိုက်ရ၏။

"ဟာ..." "ဟင်..."

တစ်ယောက်သောသူသည် လုံးဝ သတိလစ်နေဟန်တူချေ၏။ တစ်ယောက်သောသူက ဖေးမမွေ့ပိုက်လျက်ရှိချေ၏။ သူ လက်လွန်သွားချေပြီကော။

"အဘိုး မကောင်းဘူး၊ အဘိုးနဲ့ မနေတော့ဘူး"

သို့ဆိုလျက် လူဗလံလေးသည် အဘိုးနှင့်တူတူမနေတော့ လေဘဲ တဲတစ်လုံးထိုးနေလိုက်တော့၏။ သို့ဆိုက ရေရှည် မဖြစ်ချေပြီ။

သူတို့ ရွာကိုပြန်နေလျှင်ဖြင့် မြေးလေးအတွက် ကောင်းလေသိမ့်မည်။ အရွယ်လည်း ရလာပြီဖြစ်ခြင်းကြောင့် ငယ်ငယ်ရွယ်ရွယ်ကလိုတော့ဖြင့် မြေးလေး အစခံရတော့မည် မဟုတ်လို့ ဦးဖိုးစိန်တွေးသလို မြေးလေးသည်လည်း တွက်ဆပုံရချေ၏။ သို့ပေမင့်လို့

www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးစိန်သည် ရွာထိပ်တွင် တဲလေးထိုးကာ တစ်ယောက်တည်း နေခဲ့ချေ၏။ မြေးလေးသည် ရွာတွင်း၌ တဲတစ်လုံးသတ်သတ် ထိုးနေခဲ့ချေ၏။

သို့တောင်မှ မြေးလေးနှင့်ပတ်သက်၍ အဘိုးဖြစ်သူက မကြာခဏဆိုသလို ပြဿနာတွေ တက်ခဲ့ကြလေခြင်းကြောင့် ထိုတဲစုနေ လူတို့က လူဗလဲလေးကို ရှောင်ဖယ်ရှောင်ဖယ် လုပ်လာကြတော့၏။ လှောင်ပြောင်ကဲ့ရဲ့လည်း မပြုကြတော့ချေ။ သို့ဆိုတော့ အတန်အသင့်တော့ဖြင့် အဆင်ပြေသည်ဟု ပြောရပေတော့မည်။

သို့ပေမင့် တစ်ဇနီ သူ့ထံသို့ လူနှစ်ယောက် ရောက်လာ၏။ ထိုလူနှစ်ယောက်ကို ကြည့်ရသည်မှာ ဟန်ပုံမပေါ်။ အနီးသမား လူရမ်းကားဖြစ်ချိမ့်မည်။ သူတို့တဲစုနေလူတော့ဖြင့် မဟုတ်လူစိမ်းများ ဖြစ်ကြ၏။

'အဘိုး ကျွန်တော်တို့ ချေတစ်ကောင်ရလာတယ်'

'အဲဒါ ငါက ဘာလုပ်ရမှာတုန်း'

ကြည့်မရသည်ကြောင့် ဦးဖိုးစိန်က သို့ ဘုဆတ်ဆတ်ပြောလိုက်၏။

'ဘာလုပ်ရမှာတုန်းဗျ... အသားဖျက်မယ်၊ စားမယ် အဘိုးကြီးတဲမှာ နေခွင့်ပေးစမ်းပါ၊ ကျီသားပေးမယ်၊ တစ်ခုတော့ ရှိတယ်၊ အရက်ရှာပေးရမယ်'

'ဘာကွ...'

ဦးဖိုးစိန် ဒေါသထွက်သွား၏။

'မင်းတို့ ငါ့တဲကနေ အခုချက်ချင်း ထွက်သွားကြ'

သို့ဆိုတော့ ထိုလူနှစ်ယောက်က အဘိုးအိုကို စေ့စေ့ကြည့်လာလေပြီး...

'ကျုပ်တို့ ဘယ်တဲမှာ တက်နေနေ ရတယ်၊ ကျုပ်တို့မယ် အမဲပါလာလျှင်ဖြင့် ဘယ်သူမဆို လက်ခံကြမှာချည်းပဲ၊ အဘိုး မကြိုက်လျှင် သွားမယ်ဗျာ၊ အင်း... တစ်ခုတော့ ပြောခဲ့ရလိမ့်မယ်၊ ကျုပ်ရဲ့ ချေသားတစ်တုံးတောင် ရလိမ့်မယ်လို့တော့ မထင်နဲ့၊ ဟင်း... ဟင်း... ဟင်း...'

သို့နှယ် ကြိမ်းမောင်းထွက်သွားကြတော့၏။

'သည်လူဆိုးတွေ သိပ်ကို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြပါလား၊ သည်တဲစုလေးက လူတွေ သတ္တဝါလေးတွေအပေါ် ကြင်နာသနားကြသည်ကို မသိပေလို့ပဲ၊ မင်းတို့ ထွက်သွားစမ်းပါကွာ၊ ဘယ်တဲကမှ လက်ခံမှာ မဟုတ်ပါဘူး'

သို့ပေမင့်လို့ အဘိုးအိုထင်သလို ဖြစ်မလာချေ။

'အဘိုး... အဘိုး... ဦးဖိုးစိန်'

'ဟေ... ဘယ်သူတုန်း'

'ကျုပ်ပါ၊ မောင်ဝိန်ပါ'

'ဆိုကွာ... ဘာတုန်း'

'အဘိုးမြေးလေ'

'အဲဒါ ဘာဖြစ်တုန်း'

'လူစိမ်းနှစ်ယောက်ကို သူတဲမှာ လက်ခံထားတယ်'

'မီးလောင်ကုန်းရွာသွားပြီးလည်း အဘိုးရဲ့မြေး အရက်လိုက်ရှာနေတယ်'

'ဟာ... သည်ကောင်တော့လားကွာ'

သို့ပေမင့်လို့ သူ့မြေးအကြောင်း သူအသိဆုံးဖြစ်၏။ ခုနေ သွားပြီး...

'မြေးလေး... သူတို့ကို လက်ခံထားရအောင်ကြောင်း မရှိ

www.burmeseclassic.com

ဘူး' လို့ သွားပြောလို့ကတော့...

အဘိုး စိတ်မချလျှင် အဘိုးအိမ်ခေါ်ထားပါလားလို့လည်း ကောင်း၊ အဘိုး စိတ်မချနေလျှင် အဘိုးပါ လာနေ၊ သည်လိုတော့ ဖြင့် ပြန်ပြောပေလိမ့်မည်။ သို့ကြောင့် ဦးဖိုးစိန်တစ်ယောက် မသိလိုက်ဘာသာ နေလိုက်ချေပြီး အတန်ကြာတွင် မြေးလေး၏တဲ့ သို့ သွားလိုက်၏။ သို့ သွားသည်ဆိုရာ၌ ချောင်းမြောင်းသွားကြသို့ ခြင်းသာ ဖြစ်ချေ၏။

'ဟင်...'

မြေးလေးက သူတို့ကို နှိပ်ပေးနေပါကလား။

'ဟိတ်ကောင်... သရဲလေး၊ ပြီးလျှင် ငါတို့ ရေချိုးဖို့ ရေခပ်ချေကွာ'

သို့ဆိုတော့ မြေးလေးသည် မည်သည်းမည်ဩ လုပ်ပေးခြင်း ကို တွေ့ရ၏။ သဲ့သဲ့လောက်တောင်ပဲ ညံ့ရချည်လား။ ယောကျ်ား ချင်းပဲ။ ပြီးတော့ ကိုယ်က ရွာခံလူ၊ သူတို့က ဧည့်သည်၊ ဘာဖြစ်လို့ လူစိမ်းနှစ်ယောက်၏ နှိပ်စက်ခြင်းကို ခံနေတာပါလိမ့်မ်။ ဦးဖိုးစိန် ဒေါသထွက်သွား၏။ သို့ပေမင့် ထိုစိတ်ကို မျိုသိပ်ထားလိုက် လေ၏။

'ပြီးလျှင် ငါတို့သောက်ဖို့ အရက်ရှာချေဦး'

'ဟုတ်...' 'ဘုတ်...'

'ဖြန်း...' 'အား...'

သို့ ခိုင်းလည်းခိုင်း၊ နားရင်းလည်း အပ်လေသဖြင့် ဦးဖိုး စိန် လွန်စွာဒေါသထွက်သွားပုံရချေ၏။ သို့ပြား ဒေါသကို ထိန်းချုပ် လိုက်ရပြန်၏။

'ချစ်မြေးလေးကို သူ လက်ဖျားနဲ့တောင် မတို့ဝံ့တာ

သူတို့က စော်စော်ကားကား လုပ်ရက်လိုက်လေ'

'တောက်...'

သူ တောက်ခေါက်သံ အတော်ပင် ကျယ်သွားလေခြင်း ကြောင့် ထိုလူနှစ်ယောက်သည် နားပါးပုံရချေ၏။ လူတစ်ယောက် သည် သူ့ဘက်လှည့်လာ၏။ တွေ့လို့တော့ မဖြစ်ပေ။ သို့ကြောင့် ဦးဖိုးစိန် ပုန်းကွယ်နေလိုက်တော့၏။

သည့်နောက် သူသည် တဲသို့ အမြန်ပြန်ခဲ့တော့၏။ သူ အသုံးမပြုသည်မှာ ကြာပြီဖြစ်သော ပစ္စည်းကလေးတစ်ခုကို ထုတ် ကြည့်လိုက်၏။

အရှည်တစ်တောင်ခန့်ရှိ ဝါးပလွေကလေး မှတ်ရ၏။ ဟုတ်ပြီ။ မြားတံလေးများကို ရှာဖွေလိုက်ပြန်၏။ သူ့မယ် အားလုံး ငါးချောင်းရှိချေ၏။ သို့ပေမင့် ပြဿနာမရှိ။ သူ့တွင် ပြဿနာက အဆိပ်။ သည်အဆိပ်ကို ဘယ်ကရနိုင်ပါ့မလဲ။ သူ့တွင် အချိန် ကလည်း မရှိတော့ပေပြီ။ သူ တစ်ခုခုကို စဉ်းစားလိုက်၏။ အဖြစ် နိုင်ဆုံး၊ အနီးစပ်ဆုံးပေါ့။ ထိုသည်ကား...

'အွတ်... အွတ်... အွတ်...'

'အွတ်... အွတ်... အွတ်...'

သို့အဆံကြောင့် ဖိုးစိန် လှုပ်ကြွသွလိုက်၏။ သူ လွန်မင်း ဘ ဝမ်းသာသွားတော့၏။ ကဗျာကသီပြေးကာ ကောက်လိုက်၏။ သူ့လက်တွင်း ယက်ကန်ယက်ကန်ဖြင့် ပါလာသည့် မားပြုတ်ကို ခွေခွေကြည့်လိုက်လေကာ ခြေလက်လေးဖက်ကို ငုတ်ဖြင့် ထိုးစိုက် သိုက်၏။ ခြေကားယား လက်ကားယားဖြင့် ဖားသည် မြေပေါ်တွင် အားယားမော်အနေအထား ဖြစ်သွားတော့၏။ မျက်လုံးကလေး လေးလယ်ကလယ် ဖြစ်နေရှာ၏။ သနားစရာတော့ အကောင်းသားပါ

www.burmeseclassic.com

ဦးဖိုးစိန်သည်လည်း ပုန်းလျှိုးကွယ်လျှိုးဖြင့် တဲမှခွာခဲ့ချေတော့၏။ မြေးလေးတဲသို့တိုင်တော့ဖြင့် ဦးဖိုးစိန် လိုက်သွား၏။ တစ်နေရာသို့ အရောက်တွင် ချော်တောင့်ကြီး ထွက်ခဲ့ချေတော့၏။ ဦးဖိုးစိန်တွက် ဆားသလို ဖြစ်လာချေ၏။ လမ်းခုလတ်တွင် ကြာကြာဆောင့်မနေရချေ။ လူရမ်းကား မုဆိုးနှစ်ယောက် ရောက်လာချေ၏။ သူပုန်းကွယ်နေသဖြင့် သူ့ကို မမြင်ကြချေ။ နှစ်ယောက်သား တွတ်ထိုးထွက်ခဲ့ကြခြင်းဖြစ်၏။ တဲတွင် ဘယ်လိုပြဿနာမျိုး ဖြစ်ခဲ့ကြသည်သေး။ ထိုသည်ကို ဦးဖိုးစိန် သိစရာမလို၊ သူတွေ့ချင်သည့် ပုံစံဖြင့် တွေ့ရချေသည်ပဲ။ သည်တော့...

"ဝှစ်..."

"ဝှစ်..."

လူရမ်းကားနှစ်ယောက် ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် သူတို့ကိုယ်တိုင် သိသွားကြလိမ့်မည်မဟုတ်။ ဖားပြုတ်ရဲ့ အဆိပ်က သူတို့လည်ချောင်းထဲ ထိုးနှစ်ဝင်သွားလေပြီပဲ။ သည်တော့ သူတို့ ဆောက်ပြန်လဲသွားကြတော့၏။

ဖားပြုတ်ရဲ့အဆိပ်က အစွမ်းထက်ဘာကလား။ နှစ်ယောက်လုံး ခြေလက်တုန်လှုပ်ခြင်း အနည်းငယ်သာ ကြာလိုက်လေပြီး လုံးဝ ငြိမ်သက်သွားရချေ၏။ အကိုးအိုပုန်းလျှိုးကွယ်လျှိုးဖြင့် ထိုနေရာမှ ထွက်ခဲ့တော့၏။

သူဖြစ်ချင်သလို လူရမ်းကားနှစ်ယောက် ဖြစ်သွားရချေပြီပဲ။ သူ့မြေးလေးကို နိုင်ထက်စီးနင်းလုပ်နိုင်ကြတော့မည် မဟုတ်ချေ။

ငှ ငှ ငှ

"ဟင်..." "ဟာ..."

ကလား။ သို့မဟုတ် သည်ဖားကောင်ထက် သနားစရာကောင်းသည့် မြေးလေးထက်တော့ မပိုနိုင်ချေ။ သို့ကြောင့်...

"စွပ်... စွပ်..."

"စွပ်... စွပ်..."

"အွတ်... အွတ်..."

"စွပ်... စွပ်... စွပ်..."

သူထံတွင်ရှိ မြားတံတစ်ချောင်းဖြင့် ဖား၏ ကျော တစ်ဝိုက်ကို ထိုးစိုက်လေတော့၏။ သို့ စိုက်လိုက် ဆွဲနုတ်လိုက်ဖြင့် အကြိမ်ကြိမ်အလီလီလုပ်တော့ ဖားသည် မျက်လုံး မျက်ဆန်ပြူး လျက် သေသွားရာလေတော့၏။ သူမြားတံတွင်မတော့ ဖားကောင်၏ သွေးနှင့် အဆိပ်တို့ ပေကျံလို့နေချေတော့၏။ သူ ကျေနပ်သွား၏။ မြားတံနှစ်ချောင်းလောက်တော့ဖြင့် သို့နှယ်ဖြင့် အဆိပ်ယူလိုက်ခြင်းဖြစ်ချေ၏။

အဆိပ်လူးပြီးဖြစ်သည့် မြားတံနှစ်ချောင်းကို ကျေနပ်ကြည်နေသည့်အချိန်တွင် မုဆိုးနှစ်ယောက် သူ့ထံ ရောက်လာကြချေ၏။ ထိုလူနှစ်ယောက် ကြည့်ရသည်မှာ ရည်ရည်မွန်မွန်ပါကလား။ သူ့မြေးလေးကို နိုင့်ထက်စီးနင်း လုပ်နေကြသည့် လူနှစ်ယောက်နှင့်တော့ဖြင့် စရိုက်ချင်း မတူကြပါကလား။ သူတို့နှစ်ယောက်ကလည်း လူရမ်းကားနှစ်ယောက်ကို ခြေရာခံလိုက်ခဲ့ကြခြင်းပဲဆိုသည်။

ကျွန်တော်တို့ 'ချေ'လေးကို ခိုးယူပြေးသွားတာလို့ ပြောလာကြ၏။ ဟုတ်မှာပါလေ။ ထိုနှစ်ယောက်ကိုတော့ဖြင့် သူ ပြေပြေလည်လည် ဆက်ဆံလိုက်၏။

ထိုမုဆိုးနှစ်ယောက်လည်း ရွာတွင်း ဝင်သွားကြသည်တွ

www.burmeseclassic.com

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အဘိုးအို ပြောလိုက်သည့် ဇာတ်လမ်းကို သိလိုက်လေသည်တွင် လုံးဝအံ့ဩသွားသဖြင့် သဘောမပေါက်တာလေးတစ်ခုကို သိလိုသည်ကြောင့်။ နို့ဖြင့် သူတို့လည်တိုင်မှာ ဓားဒဏ်ရာတွေ တွေ့ပါလား။ သည်ဒဏ်ရာတွေကြောင့် သေရတာ မဟုတ်ပေဘူးပဲ။ ဘယ်လိုဖြစ်ရတာတုန်းလို့ မေးလိုက်တော့၏။

'ဒါကတော့ ငါလုပ်တာကွ'

သို့ ပြောလေသည့် လူဗလံလေးကို အံ့သြစွာ ကြည့်လိုက်မိပြန်၏။

'သူတို့က အဆိပ်လူးမြားတံငယ်ကြောင့် သေနေပြီပဲ၊ ဘာကြောင့် ခင်ဗျားက သည်လိုလုပ်ရတာတုန်း'

လင်းမြင့်လှိုင်က မေးလိုက်၏။

'ငါ့အဘိုးအိုကို မချစ်လို့ မဟုတ်ဘူး၊ ချစ်တယ်လေကွာ ငါ့ကို နေရာတကာမှာ လိုက်ပြီး နိုးရိမ်ပူပန်နေလို့ မချစ်အောင်ဆိုပြီး နေမိတာပဲ၊ အရာရာ အဖြစ်သည်းလွန်းတယ် ထင်လို့ပေါ့ကွာ၊ နို့ပေမင့် အခုလို ငါ့အတွက် လူသတ်တယ်ဆိုတာ ငါ့အဘိုးကို လူသတ်တာ အသိမခံနိုင်လို့ပေါ့၊ နို့ကြောင့် သဲလွန်စလွတ်အောင် ဓားနဲ့ ခုတ်ထစ်သတ်တယ်ထင်အောင် လုပ်ရတာလေ။

'အင်း... ဟုတ်ပါပြီ၊ ကဲ... အဘိုးပြောလို့ နောက်ထပ် လူတွေကိုလည်း ဆိုပါစို့... အဲသည်လို မြားနဲ့ပစ်သတ်ပြီး အဘိုးမကျေနပ်တဲ့သူတွေကိုလည်း အဘိုးပဲ သတ်ခဲ့တာပေါ့'

အဘိုးအိုက ပြုံးပြကာ ခေါင်းဆတ်ညိတ်ပြလာချေ၏။

'သွေးအေးလွန်းလှပါကလား'

'ဘကြီးဖြူကိုရော ဘာလို့သတ်ပစ်လိုက်ရတာတုန်း'

သို့ လင်းမြင့်လှိုင်က မေးလိုက်မိသည်တွင်မတော့ အဘိုးအို တုန်လှုပ်သွားလေ၏။

ဘယ်လိုကြောင့်များပါလိမ့်။

တစ်ခုခုတော့ဖြင့် လွဲချော်နေပြီ ထင်ရချေ၏။

သို့ ကျွန်တော် စဉ်းစားမရသည်ကို သိလိုသည့်အချိန်ကလေးမှာပင်...

'ဘကြီးဖြူကိုတော့ ငါသတ်လိုက်တာ'

'ဟင်...'

'ဘယ်လို...'

လူဗလံကလေးကို တအံ့တသြကြည့်လိုက်ကြတော့၏။

'ဘာလို့တုန်းကွာ'

'ဘကြီးဖြူတဲ့မှာ မူတ်ပြောင်းတွေ့လို့ဆိုပြီး မင်းတို့နှစ်ယောက်က ဘကြီးဖြူကို သက်သေကင်းဖြစ်ကြတယ်လေ၊ သည်တော့ ငါလည်း ဒါကို အခွင့်ကောင်းယူပြီး သည်မူတ်ပြောင်းကိစ္စ ပြတ်သွားအောင်လို့ ဘကြီးဖြူကို သတ်လိုက်ရတာပဲကွ'

'ဟေ...' 'ဟင်...'

'အေး... ဘကြီးဖြူကို သတ်လိုက်လျှင် အဘိုးအိုကို ခြေရာခံဖို့ မလွယ်လောက်တော့ဘူးလို့ ငါထင်တာကိုး၊ နို့ပေမင့်လို့ မင်းတို့က ငါထင်ထားတာထက် အများကြီး တော်ကြတာကိုးကွ'

'အင်း... သည်တော့ ဘိုးအေဖြစ်သူက မြေးကိုချစ်သလို မြေးဖြစ်သူကလည်း ဘိုးအေကိုချစ်လွန်းလို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့လေခြင်းပါကလား'

မည်သို့ပင်ဆိုစေ ဘိုးအေနှင့်မြေး ပြစ်ဒဏ်တွေ ဘူတူခံရသည်မည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုပြစ်ဒဏ်ပေးရန်အလို့ငှာ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မြေးအဘိုးနှစ်ယောက်ကို ထိုနေရာမှ ခေါ်ဆောင်လာခဲ့ကြခြေတော့၏။

မြေးချစ်တဲ့အဘိုးဆိုသလို ဘိုးချစ်တဲ့ မြေးချစ်လို့ ပြောရပေတော့မည်။

စာဖတ်ပရိသတ်အား လေးစား ကြိုးစားလျက်
ဘိုင်ဘိုင်
၂၀၀၄၊ ဝ၄၊ ၂၄

www.burmeseclassic.com